မြန်မာနိုင်ငံရှေ့နေများကောင်စီ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of CONSTITUTIONAL AFFAIRS

No. 23, December 2005 ISSN 1513-9182

## အခြေခံဥပဒေရေးရာ

- ◆ လူထုအဓိကလူ့အဖွဲ့အစည်းများ အခြေခံဥပဒေဆွေးနွေးခန်း

## ဥပဒေရေးရာဗဟုသုတ

- ◆ မြန်မာ့ဝလေ့ထုံးတမ်းဥပဒေနယ်ပယ်ကမိန်းမ

## အမျိုးသားညီလာခံ

- ◆ နအဖအမျိုးသားညီလာခံအပေါ် တရားဥပဒေစိုးမိုးရေးအမြင်မှရှုမြင်ချက်

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

- ◆ မြန်မာစစ်အစိုးရတကယ်ပဲအဂတိလိုက်စားမှုတိုက်ဖျက်နေသလား

အမှတ် (၂၃)-၂၀၀၅ ဒီဇင်ဘာလ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of CONSTITUTIONAL AFFAIRS

အမှတ်စဉ် (၂၃) ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**
P.O. Box 29 Huamark Post Office, Bangkok 10243, Thailand
E-mail <blcsan@ksc.th.com>

အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၂၃) ၂၀၀၅ ခုနှစ်၊ ဒီ ဇ င် ဘာ လ

# မာတိကာ

## ဥပဒေရေးရာဗဟုသုတ

■ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနယ်ပယ်က မိန်းမ ........................................ ၁

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

■ မြန်မာစစ်အစိုးရတကယ်ပဲအဂတိလိုက်စားမှု တိုက်ဖျက်နေသလား ............. ၂၁

## အခြေခံဥပဒေရေးရာ

■ လူထုအဓိကလူ့အဖွဲ့အစည်းများ အခြေခံဥပဒေဆွေးနွေးခန်း ..................... ၂၈

## အမျိုးသားညီလာခံ

■ နအဖအမျိုးသားညီလာခံအပေါ် တရားဥပဒေစိုးမိုးရေးအမြင်မှရှုမြင်ချက် ........ ၆၀

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**
မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ**
မျက်နှာဖုံးဒီဇိုင်း – **ဘမောင်ဇင်**
ကွန်ပြူတာစာစီ – **ဝင်းဝင်း**

**ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။**

ဥပဒေရေးရာ ဗဟုသုတ

# မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနယ်ပယ်ကမိန်းမ

လှဒွေး
၂၀၀၄ ခုနှစ်၊ မတ်လ (၁၂) ရက် ။
အင်ဖါး၊ မဏိပူရ ပြည်နယ်။

ဗြိတိသျှကိုလိုနီခေတ်က မြန်မာနိုင်ငံမှာ အရေးပိုင်နဲ့ ခရိုင်ရာဇဝတ်တရားသူကြီးအဖြစ် အမှုထမ်းသွားတဲ့ အင်္ဂလိပ်(စကော့)လူမျိုး စာရေးဆရာ မောရစ်ကောလစ် ( Maurice Collic ) က သူ့ရဲ့ Trials in Burma စာအုပ်မှာ “ ဒီနေ့ (၁၉၃၀–ဝန်းကျင်ကာလ) မှာမှ အင်္ဂလိပ်အမျိုးသမီးတွေ ရရှိကြတဲ့ အခွင့်အရေးတွေကို မြန်မာအမျိုးသမီးတွေ ရှေးပဝေသဏီကပင်ရရှိခဲ့ကြတယ်လို့ ” ရေးသားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အုပ်ချုပ်ရေးဝန်ထမ်းနဲ့ တရားရေးအရာရှိအဖြစ် တာဝန်ထမ်းဘူးသူ နိုင်ငံခြားသားတဦးရဲ့ မြန်မာ့ဓလေ့နယ်ပယ်အတွင်းမှ မြန်မာအမျိုးသမီးတယောက်ရဲ့ အခွင့်အရေး အဆင့်အခြေကို အကဲဖြတ်ချက်တခုလို့ ဆိုရပါမယ်။ ဒီအကဲဖြတ်ချက်အပေါ် မှန်တယ် မှားတယ်မပြောလိုပါ။ အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံ၊ တရားရေးဆိုင်ရာအတွေ့အကြုံရှိတဲ့ စာရေးဆရာဖြစ်လို့ သူပြောတာ မှန်မှာပေါ့လို့ဆိုခဲ့ရင် ပုဂ္ဂလိကဓိဋ္ဌာန် ဖြစ်သွားပါလိမ့်မယ်။

ဒီလိုပါဘဲ သူဘာပြောပြော ငါလက်ခံယုံ ကြည်တာက ဒါဘဲလို့ “ ကျား ကျား မီးယပ် ” လုပ်နေရင်လည်း အတ္တနော အတ္တနိ ဖြစ်နေပါလိမ့်မယ်။ မှန်ကန်တဲ့ကောက်ချက်၊ အကဲဖြတ်ချက်ရဖို့အတွက်ဆိုရင် ဓမ္မဓိဋ္ဌာန်ကျတဲ့ ချဉ်းကပ်မှုလိုအပ်ပါလိမ့်မယ်။ ဓမ္မဓိဋ္ဌာန်ကျတဲ့ ချဉ်းကပ်မှုဆိုတာ ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲမပါဘဲ ပကတိဖြစ် တည်နေတဲ့အခြေအနေ၊ အချက်အလက်တွေ ကနေ ကောက်ချက်ဆွဲယူခြင်းဖြစ်လို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနယ်ပယ်ကမိန်းမတယောက်ရဲ့ အခွင့်အရေးအဆင့်အခြေကို အကဲဖြတ်ရာမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေက လက်ခံထားတဲ့ အမျိုးသမီးဆိုင်ရာအခွင့်အရေးတွေ ဘာရှိလဲ၊ အဲ့ဒီအခွင့်အရေးတွေဟာ ယောကျာ်း မိန်းမ တန်းတူရည်တူရှိမှုနဲ့ ဘယ်လောက်နီးလဲ၊ ဘယ်လောက်ဝေးလဲ

သုံးသပ်ပြီး ကောက်ချက်ဆွဲမှသာလျှင် အပြစ်ဒေါသကင်းတဲ့ သုံးသပ်ချက်ရနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဓလေ့ထုံးတမ်းဥပဒေဆိုတာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း လိုက်နာကျင့်သုံးကြတဲ့ လူမှုရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းဆိုတာကို အဆင့်ဆင့် ပိုင်ခြားစိတ်ဖြာလိုက်ရင် နောက်ဆုံးမှာ မိသားစုဆိုတဲ့ အငယ်ဆုံးလူအစုအဖွဲ့ကို တွေ့ရပါလိမ့် မယ်။ တနည်းပြောရရင် မိသားစုဆိုတာ လူ့အဖွဲ့အစည်းရဲ့ အခြေခံယူနစ် ဖြစ်ပါတယ်။ မိသား စုရဲ့သဘာဝကိုကြည့်ရင်လည်း ပွားစည်းမှုကိုတွေ့ရပါလိမ့်မယ်။

ဆိုလိုတာက လူမှန်ရင် ( ယနေ့အချိန်ထိ ) အမိအဖနှစ်ဦးပေါင်းဖက်မှုက ပေါက်ဖွားလာရပါတယ်။ မွေးဖွားလာတဲ့ ကလေး အရွယ်ရောက်လာပြီး ဆန့်ကျင်ဘက်လိင်နဲ့ ပေါင်းဖက်တဲ့အခါ မိသားစုအသစ်တခု ဖြစ်ပေါ်လာပြန်ပါတယ်။ အဲ့ဒီမိသားစုကတဖန် လူသားကလေးများကို မွေးထုတ်ပေးကြပြန်ပါတယ်။ ဒီဖြစ်စဉ်ကနေ ကောက်ချက်ဆွဲယူရင် လူသားတယောက်ရဲ့ဘဝကို နှစ်ပိုင်းခွဲမြင်နိုင်ပါ တယ်။ ပထမတပိုင်းက သူမွေးဖွားလာတဲ့မိသားစုအတွင်းကဘဝ ( အိမ်ထောင်မပြုမီဘဝ ) ဖြစ်ပြီး၊ နောက်တပိုင်းက အသစ်ပွားစည်းလာတဲ့ မိသားစုဘဝ (အိမ်ထောင်ပြုပြီးဘဝ) ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာဓလေ့ထုံးတမ်းဥပဒေနယ်ပယ်မှာ ရရှိနေတဲ့ မိန်းမတယောက်ရဲ့ အခွင့်အရေးကို ချဉ်းကပ်လေ့လာတဲ့အခါ လူ့အဖွဲ့အစည်းရဲ့ အခြေခံယူနစ်ဖြစ်တဲ့ မိသားစုဘဝအတွင်းမှာ မိန်းမတယောက်ရဲ့ အခွင့်အရေးတွေက ဘာတွေလဲဆိုတာကို လေ့လာရင် အခြေခံကျလိမ့်မယ်လို့ ယူဆပါတယ်။ ဒီလိုလေ့လာရာမှာလည်း အိမ်ထောင်မပြုမီဘဝနဲ့ အိမ်ထောင်ပြုပြီးဘဝဆိုပြီး နှစ်ပိုင်းခွဲလေ့လာရင် ပိုမိုရှင်းလင်းလွယ်ကူလိမ့်မယ်လို့ ထင်ပါတယ်။

## အိမ်ထောင်မပြုမီအပိုင်း

မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ မိဘအမွေဆက်ခံထိုက်တဲ့သားသမီး ( ၆ ) မျိုးနဲ့ မိဘအမွေ မဆက်ခံထိုက်တဲ့ သားသမီး ( ၆ ) မျိုးဆိုပြီး စုစုပေါင်းသားသမီး ( ၁၂ ) မျိုး သတ်မှတ်ထားတာကိုတွေ့ရပါတယ်။ အမွေဆက်ခံထိုက်တဲ့သားသမီး ( ၆ ) မျိုးမှာ ကိုယ်တိုင်မွေးထုတ်လိုက်တဲ့သားသမီးနဲ့ အမွေခံသားသမီးအဖြစ် အထင်အရှားမွေးစားတဲ့သားသမီး ( ၂ ) မျိုးဟာ မိဘနှစ်ပါးလုံးကွယ်လွန်သွားတဲ့အခါ အမွေဆက်ခံခွင့်ရှိပါတယ်။ သေဆုံးသွားတဲ့ အမွေရှင်မှာ ဒီသားသမီး ( ၂ ) မျိုးမရှိခဲ့ရင် ကျန်တဲ့သားသမီး ( ၄ ) မျိုး ( ကောက်၍မွေးတဲ့သား၊ မယားပါ လင်ပါသား၊ အမြှောင်မယားသား၊ ကျွန်မနဲ့ရတဲ့သား ) မှာ အမွေဆက်ခံခွင့်ရှိလာပါတယ်။

တင်ပြခဲ့တဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေက သတ်မှတ်ထားတဲ့ သားသမီးတွေရဲ့ မိဘအမွေဆက်ခံခွင့်ကို လေ့လာကြည့်ရင် အရှေ့တိုင်းမှာရှိတဲ့ ဓလေ့ထုံးတမ်းဥပဒေ အတော်များများမှာတွေ့ရတဲ့ လိင်အပေါ်မူတည်ပြီး အမွေဆက်ခံခွင့်ကို သတ်မှတ်တဲ့ပုံစံ ( ဥပမာ – တရုတ်လူမျိုးမှာ မိဘအမွေကို သားယောကျာ်းသာ ဆက်ခံခွင့်ရှိ ) မျိုးမဟုတ်ဘဲ သားသမီးရဲ့ အပြုအမူ [ ဥပမာ – သားသမီးရင်းဖြစ်သော်လည်း မိဘကို ရန်သူသဖွယ် ဆက်ဆံတဲ့သားသမီး (သွာနုတ္တ) ဟာ မိဘအမွေမဆက်ခံထိုက်သော သားသမီး ( ၆ ) မျိုးထဲတွင်ပါဝင် ] နဲ့ သားသမီးရဲ့အဆင့်အခြေ [ ဥပမာ – အမွေခံသားအဖြစ် မွေးစားတဲ့သား၊ ကောက်၍မွေးတဲ့သားတို့မှာ အမွေဆက်ခံထိုက်တဲ့ သားသမီး ( ၆ ) မျိုးတွင်ပါဝင်သော်လည်း သူတပါးပေး၍ ရတဲ့သား ( ဒိန္နက ) ဝယ်၍ရတဲ့သား( သဟောဍ ) ထမင်းတော်မွတ်၍မှီခိုလာတဲ့သား (ဆာတဘတ္တ ) တို့မှာ အမွေမဆက်ခံထိုက်တဲ့သား ( ၆ ) မျိုးတွင်ပါ ] တို့အပေါ်မူတည်နေဒါကို တွေ့ရပါတယ်။ ဆိုရရင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့် အခွင့်အရေးမှာ လိင်ကွဲပြားမှုအပေါ် အခြေမတည်ထားဘဲ သားသမီးရဲ့အဆင့်အခြေနဲ့ အပြုအမူအပေါ် အခြေပြုထားတဲ့အတွက် ယောကျာ်း မိန်းမ အခွင့်အရေးတန်းတူရှိဖို့အတွက် အခြေခံအနေအထားရှိနေတယ်လို့ဆိုရပါမယ်။

အမွေဆက်ခံခွင့်အခွင့်အရေးမှာ တန်းတူရှိတယ်ဆိုရင် နောက်တဆင့်တက်ပြီး အမွေခွဲဝေတဲ့ပုံစံကို ဆက်လေ့လာဖို့လိုလာပါတယ်။ ဘာကြောင့်လည်းဆိုတော့ အမွေပုံကို ပိုင်းခြားခွဲဝေရာမှာ ကျင့်သုံးတဲ့နည်းလမ်းတွေကနေလည်း မညီမျှတဲ့အခြေအနေတွေ ဖြစ်လာနိုင်တာကြောင့်ဖြစ်ပါတယ်။ ညီအကိုမောင်နှမအတွင်း အမွေပုံကို ခွဲဝေခြင်းနဲ့စပ်လျဉ်းလို့ ရှေးဓမ္မသတ်ကျမ်းများရဲ့ အဆိုကို လေ့လာကြည့်ရင် ကင်းဝန်မင်းကြီးဦးကောင်းရဲ့ သုံးဆယ်ခြောက်စောင်တွဲ အမွေမှုခန်းဓမ္မသတ်ကျမ်းကြီး အခန်း ( ၈ ) မှာ သားအချင်းချင်းတို့ အမွေခွဲဝေရေးနဲ့ပါတ်သက်တဲ့ ရှေးဓမ္မသတ်များရဲ့ အဆိုများကို ပြထားပါတယ်။ အဲ့ဒီအဆိုများကို လေ့လာတဲ့အခါ သားကြီး သမီးကြီးများ ( ဩရသ မဟုတ် ) ဟာ မိဘတာဝန်များကို ညီငယ်နှမငယ်ထက် ပို၍ယူရလျှင် အမွေပုံဝေစုမှာ သာလွန်ရရှိရမယ်။ မိဘတာဝန်ကို မောင်နှမအားလုံးအညီအမျှ ထမ်းဆောင်ရလျှင် အမွေဥစ္စာကို အညီအမျှခွဲရမယ် ဆိုတဲ့အချက်မှာ ယေဘုယျအားဖြင့် တူညီတာကိုတွေ့ရပါတယ်။

ဒါကြောင့် ဓမ္မသတ်များမှာပြထားတဲ့ အမွေပုံကို ခွဲဝေရာမှာလိုက်နာရတဲ့ သတ်မှတ်ချက်ဟာလည်း မောင်နှမတွေရဲ့အဆင့် ( အကြီး အငယ် စသည် ) နဲ့မိဘတာဝန်ကို ကျန်အငယ်များထက် ပိုယူ၊ မယူဆိုတဲ့အခြေအနေနှစ်ခုအပေါ်မှာသာ တည်ထားတာကို တွေ့ရပါတယ်။ လိင်ကွဲပြားမှုအပေါ် အခြေပြုမထားပါဘူး။ စီရင်ထုံးများ ကိုလေ့လာတဲ့အခါ ၁၈၉၇ ခုနှစ်မှာ ဆုံးဖြတ်ခဲ့တဲ့ **“ မပိုနဲ့မရွှေမိစီရင်ထုံး– ၁ ”** မှာ သားသမီးအားလုံးကို သာတူ

ညီမျှအမွေပေးတဲ့ ဆုံးဖြတ်ချက် ( မူ ) ကိုချမှတ်ခဲ့တာတွေ့ရပါတယ်။ ဆိုရရင် ယနေ့ကာလမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မောင်နှမအတွင်း မိဘရဲ့ အမွေကို ခွဲဝေရာမှာ ယောကျာ်း မိန်းမ မခွဲခြားဘဲ အားလုံး အညီအမျှ ခွဲဝေတဲ့မူကို ကျင့်သုံးပါတယ်။ ဒါပေမဲ့ ဩရသနဲ့ပတ်သက်တဲ့ချွင်းချက်တော့ရှိပါတယ်။ ဩရသဟာ အမွေရဲ့လေးပုံ တပုံကို ရခွင့်ရှိပါတယ်။

အရပ်စကားမှာ သားကြီးဩရသလို့ သုံးလေ့ရှိတဲ့အတွက် ဩရသလို့ ဆိုလိုက်ရင် ယောကျာ်းနဲ့သာဆိုင်တဲ့ အသုံးအနှုန်းအဖြစ် လူများစုက နားလည်ထားကြပါတယ်။ မြန်မာဓလေ့ထုံးတမ်ဥပဒေက လက်ခံထားတဲ့ ဩရသရဲ့အဓိပ္ပါယ်ဟာ အရပ်ထဲမှာ နားလည်လက်ခံထားတဲ့သဘောမျိုး မဟုတ်ပါဘူး။ **“ ကတ်ဝုနဲ့ မောင်ဆင်အမှု၂ ”** မှာ “ ဩရသဟူသည် မိဘနှစ်ပါး သဘောတူထိမ်းမြားသည့် လင်နှင့်မယားမှ မွေးဖွားသည့်သားကိုခေါ် ကြောင်း ယုံမှားသံသယဖြစ်ရန်မရှိပေ။ ကာလကြာညောင်းသော် အိမ်ထောင်တခုတွင် ဖခင်၏တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သောကြောင့် သတ်မှတ်ထားသည့် မိဘအမွေအနှစ် ရရှိသောသားဟူ၍ အထူးအဓိပ္ပါယ်သက်ရောက်လာသည်။ ထိုနည်းတူကြာသော် (အမိဝတ္တရားကို ကျေပွန်စွာထမ်းဆောင်သော ) သမီးအားလည်း သားကဲ့သို့ပင် အခွင့်အရေးပေး၍ ဩရသဟုခေါ်ဆိုပေသည်။ ” လို့ ရှင်းလင်းထားပါတယ်။

ဒါကြောင့်မို့ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ဩရသရဲ့ အခွင့်အရေးနှစ်ခုဖြစ်တဲ့ အမွေရဲ့လေးပုံတပုံရခွင့်နဲ့ မိဘတဦးသေဆုံးတဲ့အခါ ကျန်မိဘထံမှ ဩရသရဲ့အမွေဝေစုကို တောင်းခံခွင့် ( ဩရသမှအပဖြစ်သော သားသမီးများသည် မိဘနှစ်ပါလုံး ကွယ်လွန်ပြီးမှ အမွေခွဲဝေခွင့်ရ ) ကို လိင်ကွဲပြားမှုနဲ့ မဆက်စပ်ထားဘူလိုဆိုရပါမယ်။ တရားဝင်သမီးရင်းဖြစ်ပြီး အသက် ( ၁၈ ) နှစ်ပြည့်ချိန်မှာ ညီအကို မောင်နှမထဲမှာ အကြီးဆုံးဖြစ်တဲ့အပြင် အမေရဲ့တာဝန်ဝတ္တရားများကို ကူညီဆောင်ရွက်နိုင် စွမ်းရှိရင် ဩရသအရာကို ရရှိနိုင်ပြီး အထက်ကဆိုခဲ့တဲ့ အခွင့်အရေးနှစ်ခုကို ရရှိမှာဘဲဖြစ်ပါ တယ်။

## အိမ်ထောင်ပြုပြီးအပိုင်း

ယောကျာ်းနဲ့မိန်မပေါင်းဖက်လို့ အိမ်ထောင်တခုရယ်လို့ ထူထောင်လိုက်တာနဲ့ တဦးနဲ့တဦးကြားမှာ တာဝန်နဲ့ အခွင့်အရေးတွေဖြစ်လာပါတယ်။ မြန်မာဓလေ့မှာ ပြောလေ့ရှိကြတဲ့ လင်ဝတ်ငါးပါး မယာဝတ်ငါးပါးဆိုဒါတွေဟာ တာဝန်ပိုင်ကိုဖော်ညွှန်းသလို တဖက်မှာလည်း လင်သေရင် ကျန်ပစ္စည်း မယားပိုင်တယ်ဆိုဒါမျိုးဟာ အခွင့်အရေးပိုင်းကို ရည်ညွှန်းပါတယ်။ အဲ့ဒီအခွင့်အရေးတွေ တာဝန်တွေဟာ လင်မယားအဖြစ် ပေါင်းသင်းခြင်း တရားဝင်ဖြစ်မဖြစ်ဆိုတဲ့အပေါ်မူတည်ပြီး ဖြစ်လာတာဖြစ်ပါတယ်။ တရားဝင် မဝင်ဆိုတာ သက်ဆိုင်ရာဓ

လေ့ထုံးတမ်းအရ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အချက်တွေနဲ့ ကိုက်ညီတဲ့ ထိမ်းမြားလက်ထပ်မှု ဖြစ်မဖြစ်ဆိုတဲ့ အချက်အပေါ်မူတည်ပါတယ်။

ဆိုလိုတာက လက်ထပ်ထိမ်းမြားမှု တရားဝင်မဖြစ်ခဲ့ရင် ဆိုင်ရေးဆိုင်ခွင့် ( ပစ္စည်းဆိုင်ရာ၊ လူပုဂ္ဂိုလ်ဆိုင်ရာ ) အခွင့်အရေးတွေ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါကြောင်မို့ အိမ်ထောင်ပြုပြီးအပိုင်း အမျိုးသမီးတယောက်ရဲ့ အခွင့်အရေးနဲ့ပတ်သက်တဲ့ လေ့လာမှုကို လက်ထပ်ထိမ်းမြားမှုအပိုင်းက စတင်ဖို့လိုလာပါတယ်။ အခွင့်အရေးပိုင်းကိုကြည့်ရင်လည်း အိမ်ထောင်မှာဖြစ်တည်လာတဲ့ အကျိုးစီးပွား ( ပစ္စည်း ) နဲ့ သက်ဆိုင်တဲ့အခွင့်အရေးနဲ့ အိမ်ထောင်တခုမှာလိုက်နာရမယ်လို့ သတ်မှတ်ထားတဲ့ စည်းကမ်းတခုခုကို တဖက်ဖက်က ချိုးဖေါက်တဲ့အခါ အခြားတဖက်မှာဖြစ်ပေါ်လာတဲ့ လူပုဂ္ဂိုလ်ဆိုင်ရာအခွင့်အရေး ( ဥပမာ – ခရစ်ယာန် ဓလေ့ထုံးတမ်းက တလင်တမယားစနစ်ကိုသာခွင့်ပြုပါတယ်။ အဲ့ဒီစည်းကမ်းကို တဖက်ကချိုးဖောက်ရင် အခြားတဖက်မှာ လင်မယားကွာရှင်း ခွင့်ဖြစ်လာပါတယ်။ ) ဆိုပြီး တွေ့ရပါတယ်။ ဒါကြောင့်မို့ အိမ်ထောင်ပြုပြီးအပိုင်း အမျိုးသမီးတယောက်ရဲ့ အခွင့်အရေးကို ( ၁ ) လက်ထပ်ထိမ်းမြားခြင်းအပိုင်း၊ ( ၂ ) ပစ္စည်းခန်းဆိုင်ရာ အပိုင်း၊ ( ၃ ) လင်မယားကွာရှင်းခြင်းအပိုင်းဆိုပြီး လေ့လာလျှင် ပိုမိုရှင်းလင်းလွယ်ကူသွားမယ်လို့ ယူဆပါတယ်။

## လက်ထပ်ထိမ်းမြားခြင်း

မနုကျယ်ဓမ္မသတ်မှာ ကမ္ဘာဦးလူတို့ စကျွရုပေန သံဝါသဖြစ်ကြရာမှ မေထုန်မှီဝဲကြခြင်းကို ပညာအမြင်ရှိသူ တို့က ကဲ့ရဲ့ပြစ်တင်ကြသဖြင့် လူသူမမြင်အောင် ဖုံးကွယ်ကြသည်ကို အကြောင်းပြုပြီး ယောကျာ်နဲ့မိန်းမ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းကို အိမ်ထောင်ပြုတယ်လို့ ခေါ်ဆိုသုံးနှုန်းလာခဲ့ကြောင်းဖော်ပြထားပါတယ်။ အဲ့ဒီလို ယောကျာ်နှင့်မိန်းမ မြင်ကြ၊ တွေ့ကြ၊ မေထုန်မှီဝဲကြသည်ကို နောက်ပိုင်းမှာ လူကြီးမိဘတို့က ကြီးကြပ်ကွပ်ကဲပြီး အိမ်ထောင်ချပေးသည့်အလေ့အထသို့ ပြောင်းရွှေ့ဖြစ်လာတယ်လို့ ချဲ့တွေးယူနိုင်ပါတယ်။

ဒါကြောင့်မို့ လက်ထပ်ထိမ်းမြားတယ်ဆိုတာ အချစ်ဝတ္ထုစာရေးဆရာတယောက်ရေးသလို လက်ကလေးနှစ်ဖက် ထပ်လိုက်တာဆိုတဲ့ တိမ်တိမ်သဘောမဟုတ်ပါဘူး အင်မတန်သိမ်မွေ့နူးညံ့တဲ့ လူမှုရေးဆိုင်ရာကိစ္စရပ်ဖြစ်ပါတယ်။ ဆိုခဲ့သလို လက်ထပ်ထိမ်းမြားတယ်ဆိုတာ အင်မတန်သိမ်မွေ့နူးညံ့ပြီး အရေးကြီးတဲ့ လူမှုရေးကိစ္စဖြစ်တဲ့အတွက် လူအဖွဲ့အစည်းတိုင်းမှာ လက်ထပ်ထိမ်းမြားခြင်းနဲ့ စပ်လျဥ်းတဲ့ စည်းမျဉ်းစည်းကမ်းတွေကို သတ်မှတ်ထားကြပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာလည်း လက်ထပ်ထိမ်းမြားရာမှာ တရားဝင်အကြင်လင်မယား ဖြစ်စေဖို့အတွက်လိုအပ်တဲ့အချက်တွေအဖြစ် –

( ၁ ) ယောကျာ်းသည် အိမ်ထောင်ပြုရန်အတွက် ကျန်းမာသန်စွမ်းရမည်။[၃]

( ၂ ) မိန်းမသည် မုဆိုးမ သို့မဟုတ် တစ်ခုလပ် တစ်လင်ကွာ မဟုတ်လျှင် အသက် ( ၂၀ ) ပြည့်ရမည်။ အသက် ( ၂၀ ) မပြည့်သေးလျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိရမည်။[၄]

( ၃ ) အကြင်လင်မယားအဖြစ် အိမ်ထောင်ပြုရန်ရည်ရွယ်၍ နှစ်ဦးသဘောတူညီချက်ဆန္ဒကို လွတ်လပ်စွာပေးရမည်။[၅]

( ၄ ) နှစ်ဦးလုံး စိတ်ပေါ့သွပ်သူများ မဖြစ်စေရ။[၆]

( ၅ ) မိန်းမမှာ မပြတ်စဲသော တရားဝင် လင်ယောကျာ်း မရှိစေရ။[၇]

( ၆ ) အထင်အရှား ထိမ်းမြားလက်ထပ်မှု တစုံတရာမပြုလုပ်ခဲ့ပါက လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းနေထိုင်မှုရှိရမည်။[၈]... လို့သတ်မှတ်ထားပါတယ်။

အထက်ကတင်ပြခဲ့တဲ့အချက်တွေမှာ ကာယကံရှင်ရဲ့ သဘောတူညီချက်ဟာ အရေးကြီးဆုံးအချက်ဖြစ်ပါတယ်။ သတိုးသား သတိုးသမီးတို့ရဲ့ ဆန္ဒအလျောက် လွတ်လပ်စွာပေးတဲ့ သဘောတူညီမှုမရှိပါလျှင် ထိမ်းမြားလက်ထပ်မှုသည် တရားဥပဒေနဲ့မညီသည့်အပြင် တည်မြဲခိုင်မာမှုလည်းမရှိပါဘူး။[၉] ဥပဒေပညာရှင် ဒေါက်တာအေးမောင်က သူရဲ့ Burmese Buddhist Law စာအုပ်မှာ သတိုသားနဲ့သတိုးသမီးတို့ရဲ့ သဘောတူညီမှုနဲ့ပါတ်သက်လို့ ပြောင်လဲတိုးတက်လာတဲ့ ခေတ်သုံးခေတ်ရှိတယ်လို့ ဆိုထားပါတယ်။ ပထမခေတ်က မိဘသဘောအတိုင်း သမီးကလိုက်နာရတဲ့ခေတ်ဖြစ်ပါတယ်။ ပုဂံခေတ်နှောင်းမှာပြုစုခဲ့တဲ့ “ဝါရုဓမ္မသတ်” အရ ယောကျာ်းနဲ့မိန်းမ အကြင်လင်မယားအဖြစ်ရောက်ရှိဖို့ မိဘက ထိမ်းမြားပေးရပါတယ်။ မိဘသဘောမတူရင် သားသမီးတကိုယ်ပင်မွေးဖွားလည်း သမီးကို မိဘက ပြန်သိမ်းခွင့်ရှိတယ်လို့ဆိုထားပါတယ်။

ဒုတိယခေတ်ကတော့ မိဘအစီအစဉ်ကို သမီးကငြင်းဆန်လိုလျှင် ငြင်းဆန်နိုင်တဲ့ခေတ်ဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်မှာပြုစုခဲ့တဲ့ “မနုကျယ်ဓမ္မသတ်” အရ မိဘကထိမ်းမြားပေးစားပြီးသော်လည်း သမီးကမကြည်ဖြူ၍ ကာမ မပေးအပ်မီ မိဘထံပြန်လာလျှင် သမီးရှင်မိဘက သမီးကို ယောကျာ်းလေးထံသို့ သုံးကြိမ်တိုင်တိုင် ပြန်ပို့ပေးရပါတယ်။ သုံးကြိမ်တိုင်တိုင် ငြင်းဆန်နေလျှင် ထိမ်းမြားခြင်းပျက်ပြယ်ပါတယ်။ တတိယခေတ်က တော့ သမီးနှစ်သက်သူနဲ့ မိဘက ပေးစားရတဲ့ခေတ်ဖြစ်ပါတယ်။

ယနေ့ခေတ်အခါဟာ တတိယခေတ်အခါဖြစ်ပါတယ်။ ကိုယ်နှစ်သက်သူကို ကိုယ်သဘောနဲ့ကိုယ် ရွေးချယ်နိုင်ခွင့်ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမျိုးသမီး၊ အမျိုးသား နှစ်ဦးလုံးကို ပေးထားပါတယ်။ ဒါ့အပြင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ထိမ်းမြားမှုကို ဘာ

သာရေးနဲ့မဆက်စပ်ထားတဲ့အတွက် လွတ်လပ်မှုကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်တဲ့ အနေအထားရှိနေပါတယ်။ ဒီအချက်ကို အခြားဓလေ့ထုံးတမ်းဥပဒေတွေနဲ့ ယှဉ်ထိုးကြည့်ရင် ပိုမိုမြင်သာလာပါတယ် ဥပမာ – မူဆလင် ဓလေ့ထုံးတမ်းဥပဒေမှာလည်း မြန်မာ့ဓလေ့ထုံး တမ်းဥပဒေလိုဘဲ တရားဝင်အကြောင်လင်မယားဖြစ်ဖို့ အခန်းအနားမလို သတိုသားနဲ့ သတို့ သမီးတို့ရဲ့ သဘောတူညီ ချက်အပေါ်တွင်သာ အဓိကအခြေခံသော်လည်း နှစ်ဦးစလုံးသည် အစ္စလန်ဘာသာဝင်ဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ရှိနေပါတယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေမှာတော့ အဲ့ဒီလို ကန့်သတ်ချက်မျိုးမရှိတဲ့အတွက် ဘာသာခြားနဲ့လက်ထပ်လည်း တရားမဝင် ပျက်ပျယ်တယ်လို့မရှိပါဘူး။ ဆိုရရင် မြန်မာ့ဓလေ့ထုံး တမ်းနယ်ပယ်မှာ လက်ထပ်ထိမ်းမြားခြင်းနဲ့ပတ်သက်လို အမျိုးသမီးတွေဟာ ကိုယ်ရဲ့ဆန္ဒ သဘောထားအလျောက် ဆောင်ရွက်နိုင်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် ရထားတာကိုတွေ့ရ ပါတယ်။ ဒါပေမဲ့ သဘောတူညီချက်ပေးတဲ့ အမျိုးသမီးဟာ တခုလပ် တလင်ကွာ၊ မုဆိုးမ မဟုတ်ရင် အသက် ( ၂၀ ) ပြည့်ဖို့တော့လိုပါတယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ သဘောတူညီချက်ပေးနိုင်တဲ့ အမျိုးသမီးရဲ့အသက်ကို ( ၂၀ ) လို့သတ်မှတ်ထားပေမဲ့ ယောကျ်ားလေးရဲ့အသက်ကို သတ်မှတ်မထားပါဘူး။ လို အပ်တဲ့ ကာယစွမ်းအင် တနည်းပြောရရင် လူပျိုဘော်ဝင်ရန်သာလိုတယ်လို့ဆိုပါတယ်။ ဒီအ ချက်အပေါ် အချို့သူများက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာရှိတဲ့ အမျိုးသမီးနဲ့ အမျိုးသား ကြားမှာ အခွင့်အရေးမညီမျှမှုတခုအဖြစ် ထောက်ပြကြပါတယ်။ ဒီနေရာမှာအသက် (၂၀) မပြည့်ရင် မိဘသဘောတူညီချက်ယူရမယ်ဆိုတာ အမျိုးသမီးရဲ့ လွတ်လပ်စွာပေးတဲ့ သ ဘောတူညီချက်ဖြစ်ရမယ်ဆိုတဲ့အချက်ကို ဖျက်သိမ်းလိုက်တဲ့ အဓိပ္ပါယ်တော့ မသက်ရောက် တာကိုတွေ့ရပါတယ်။

စီရင်ထုံးတခု[၁၀]မှာ "အမျိုးသမီးသည် အရွယ်ရောက်ပြီးသူဖြစ်စေ၊ အရွယ်မရောက် သေးသူဖြစ်စေ ၎င်းတို့၏ဆန္ဒကို ဆန့်ကျင်ပြီး မိဘများက ထိမ်းမြားလက်ထပ် မပေးစားနိုင် ပေ" လို့ ထုံးဖွဲ့ထားပါတယ်။ မိဘရဲ့ သဘောတူညီမှုဆိုရာမှာလည်း အထင်အရှား ပြောဆို ခြင်းကိုသာမက "အဓိပ္ပါယ်သက်ရောက်သည့်သဘောတူညီမှု" မျိုးလည်းပါဝင်ပါတယ်။[၁၁] အဓိပ္ပါယ်သက်ရောက်တဲ့ သဘောတူညီမှုဆိုတာကို လေ့လာကြည့်တဲ့အခါ ယောကျာ်းနဲ့ မိန်းမတို့ ထွက်ပြေးပြီး အတူပေါင်းသင်းနေထိုင်တာကို မိန်းမဆွေမျိုးများက ကန့်ကွက်ခဲ့ခြင်း မရှိခဲ့တာ[၁၂] တရွာတည်းမှာပင် လင်မယားအဖြစ် နေထိုင်ကြသည်ကို မိဘများသိသော်လည်း ပြန်လည်မသိမ်းပိုက်ခဲ့တာ[၁၃] မိန်းကလေးတယောက်သည် ချစ်သူနှင့်ထွက်ပြေးပြီးနောက် မိဘအိမ်မှာချစ်သူနဲ့အတူ နေထိုင်စားသောက်ဖူးတာ[၁၄] မိန်းကလေးနဲ့ ယောကျာ်းလေး

ထွက်ပြေးပြီးနောက် မိန်းကလေးကို လူကြီးစုံရာနှင့်ပြန်အပ်ရာမှာ လက်မခံနိုင်ကြောင်း တစုံတရာမပြောခဲ့တာ[၁၅] စတဲ့အပြုအမူတခုချင်းကို အဓိပ္ပါယ်သက်ရောက်တဲ့ သဘောတူညီမှုဖြစ်တယ်လို့ ဆုံးဖြတ်ထားတာကို စီရင်ထုံးတွေမှာ တွေ့ရပါတယ်။

ဒါကြောင်မို့ အသက် ( ၂၀ ) မပြည့်သေးရင် မိဘရဲ့သဘောတူညီမှုရှိရမယ်ဆိုတဲ့အချက်ဟာ ဟိန္ဒူဓလေ့ထုံးတမ်းမှာလို မိဘသဘောတခုသာဖြစ်ပြီး သားသမီးက ငြင်းပယ်ခွင့်မရှိတဲ့ အနေအထားမျိုးမဟုတ်တာကို တွေ့ရပါတယ်။ မိဘရဲ့သဘောတူညီမှုမှာ အဓိပ္ပါယ်သက်ရောက်တဲ့ သဘောတူညီချက်လည်း ပါဝင်နေတဲ့ အနေအထားဟာလည်း မိဘရဲ့ သဘောတူညီမှုကိုရယူရာမှာ ပိုမိုကျယ်ပြန့်တဲ့အခြေအနေကို ဖြစ်လာစေပါတယ်။ တင်ပြခဲ့တဲ့အချက်တွေအရ အသက် ( ၂၀ ) မပြည့်သေးရင် မိဘအုပ်ထိန်းသူ သဘောတူညီရမယ်ဆိုတာ တစုံတရာသောအတိုင်းအတာအထိ လှုပ်သာလှည့်သာရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ယောကျာ်းလေးအသက်ကိုတော့ ကန့်သတ်ထားတာမရှိလို့ ယောကျာ်းနဲ့ မိန်းမဆိုခဲ့တဲ့အချက်မှာ တန်းတူမဖြစ်ဘူးလို့ ပြောမယ်ဆိုပြောနိုင်ပါတယ်။ ယောကျာ်းလေးအသက်နဲ့စပ်လျဉ်းတဲ့ စီရင်ထုံးတွေကို လေ့လာတဲ့အခါ စဉ်းစာဖွယ်အချက်များကို တွေ့လာရပါတယ်။

လက်ထပ်ထိမ်းမြားနိုင်တဲ့ ယောကျာ်းလေးအသက်နဲ့စပ်လျဉ်းလို့ ပထမဆုံး ဆုံးဖြတ်ခဲ့တဲ့ **မောင်ငြိမ်းနဲ့မမြင့် အမှု**[၁၆] မှာ ထိမ်းမြားလက်ထပ်နိုင်ရန်အတွက် ယောကျာ်းလေးသည် လိုအပ်သော ကာယစွမ်းအားနဲ့ ပြည့်စုံရန်သာလိုတယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၉၂၅ ခုနှစ်မှာ ဆုံးဖြတ်ခဲ့တဲ့ **မအေးစိန်နဲ့မောင်လှမင်းအမှု**[၁၇] မှာ ယောကျာ်းကလေး အသက် ( ၁၆ ) နှစ်ကျော်လျှင် ထိမ်းမြားမှုပြုနိုင်တယ်လို့ အသက်ကို အတိအကျ သတ်မှတ်ဆုံးဖြတ်ပြန်ပါတယ်။ ယောကျာ်းလေးအသက်နဲ့စပ်လျဉ်းတဲ့ စီရင်ထုံးနှစ်ခုဟာ ကွဲလွဲနေပါတယ်။

၁၉၂၈ ခုနှစ်မှာ ဆုံးဖြတ်ခဲ့တဲ့ **မောင်သိန်းမောင်နဲ့မစောအမှု**[၁၈] မှာ မောင်သိန်းမောင်က မအေးစိန်နဲ့ မောင်လှမင်းအမှုကို ကိုးကားပြီး သူနဲ့မစော ရကြစဉ်က သူသည် အသက် (၁၆) နှစ်သာရှိ၍ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အတည်ဖြစ်သည့် လင်မယားအဖြစ်သို့ မရောက်လို့ ထုချေပါတယ်။ မူလရုံးက မောင်သိန်းမောင်၏ ထုချေချက်ဟာ အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မခိုင်မာလို့ဖော်ပြပြီး မောင်သိန်းမောင်ကို အရှုံးပေးခဲ့ပါတယ်။ မူလရုံးအဆုံးအဖြတ်ကို မောင်သိန်းမောင် က မကျေနပ်လို့ အယူခံရာ တရားလွှတ်တော်က “မောင်ငြိမ်းနဲ့မမြင့်” စီရင်ထုံးကို ပြန်လည်လိုက်နာပြီး တရားဝင်ထိမ်းမြားရန်အတွက် ယောကျာ်းလေးအသက် ကန့်သတ်ချက်မရှိ လူပျိုဘော်ဝင်ရန်သာလိုတယ် လို့ဆုံးဖြတ်ပြီး အဲ့ဒီစီရင်ထုံးဟာ ယနေ့အထိ တည်မြဲနေပါတယ်။

ယောကျာ်းလေးအသက်နဲ့ စပ်လျဉ်းလို့ ဆုံးဖြတ်ခဲ့တဲ့ စီရင်ထုံးအဆင့်ဆင့်က မြန်မာလူ့အဖွဲ့အစည်းမှာ ဒီကိစ္စကို ညီမျှမှုရှုထောင့်တခုတည်းက ချည်းကပ်လို့မဖြစ်နိုင်ဘူးဆိုတာကို ဖော်ပြနေပါတယ်။ အစဉ်အလာအားဖြင့် ယောကျာ်းလေးနဲ့မိန်းကလေးကို ဆူးနဲ့ဖက်အဖြစ် မြန်မာလူ့အဖွဲ့အစည်းက မှတ်ယူပါတယ်။ မနုကျယ်ဓမ္မသတ်မှာ ငယ်ရွယ်သူချင်း မှားမိကြလျှင် ယောကျာ်းလေးမိဘက ငြင်းဆန်ခွင့်မရှိလို့ ဖော်ပြထားတာကိုတွေ့ရပါတယ်။ နောင်တချိန်မှာ မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံတဲ့စံတွေ ပြောင်းလဲသွားလျှင်တော့ မပြောတတ်ပါ။ ဒီနေ့ကာလမှာတော့ ဒီကိစ္စကို ညီမျှမှုရှုဒေါင့်သက်သက်နှင့်ချဉ်းကပ်လျှင် မြန်မာလူ့အဖွဲ့အစည်းက လက်ခံနိုင်တဲ့အဖြေနဲ့ ကွာလှမ်းဖွယ်ရှိတယ်လို့ ထင်ပါတယ်။

တရားဝင်ထိမ်းမြားခြင်းဖြစ်ဖို့ လိုအပ်တဲ့အချက်တွေထဲက နောက်ထပ် ထောက်ပြစေဖန်တဲ့ကိစ္စက မိန်းမမှာ တရားဝင်လင်မရှိရလို့ ဆိုသော်လည်း ယောကျာ်းမှာ တရားဝင်မိန်းမမရှိရလို့ ကန့်သတ်ချက်မရှိလို့ အမျိုးသမီးတွေအနေနဲ့ တချိန်မှာ တရားဝင်လင်ယောကျာ်း တယောက်တည်းထားတဲ့စံနစ်ကို ကျင့်သုံးနေချိန်မှာ ယောကျာ်းတွေက တချိန်တည်းမှာ မယားအများယူတဲ့စနစ်ကို ကျင့်သုံးခွင့်ရနေတယ်လို့ ထောက်ပြပါတယ်။ ဓမ္မသတ်များမှာ မယားအများယူတာကို ပိတ်ပင်ထားတာ မတွေ့ရပေမဲ့ မယားမရှိပါလို့ပြောဆိုပြီး သူတပါးသမီးကို ထိမ်းမြားပြီး နောက်မှ မယားရှိတယ်လို့ ပေါ်ပေါက်ခဲ့ရင် သူ့ရဲ့သားသမီး တယောက်ဖြစ်စေ၊ နှစ်ယောက်ကိုဖြစ်စေ ယောက္ခမသစ်ကိုပေးပြီးမှ (သို့မဟုတ်) သာသမီးမရှိလျှင် သူ့ကိုယ်သူ ယောက္ခမသစ်ကိုပေးပြီးမှ မယားအသစ်ကို ရခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ မနုကျယ်ဓမ္မသတ် ဒွါဒသမတွဲ အခန်း ( ၄၃ ) မှာလည်း “စွန့်ရာသော မယားငါးယောက်ဟူသည်ကာ အကြင်လင်မယား ပေါင်းဖော်နေကြ၍ ရှစ်နှစ်ဆယ်နှစ်မြောက်တိုင်အောင် သမီးသား မမွေးမမြင်သော မိန်းမမြုံသည်လည်းတစ်ပါး၊ သမီးရှစ်ယောက် ဆယ်နှစ်တိုင်အောင်မွေး၍ သားယောကျာ်းမမွေးသောမိန်းမသည်လည်းတစ်ပါး၊ နူနာ၊ ဗရင်ဂျီနာ ဝက်ရူးနာစွဲသောမိန်းမသည်လည်းတစ်ပါး၊ အမျိုး၏အကျင့်ကို စွန့်သော မိန်းမသည်လည်းတစ်ပါး၊ မိမိလင်အလိုကို ဆန္ဒမမျှသော မိန်းမသည်လည်းတပါး၊ ဤငါးပါးသော မိန်းမတို့ကို လင်တို့စွန့်ရာ၏ဟူသတည်း။ စွန့်ရာသည်ဟူရာ၌ ဥစ္စာအလုံးကို မပေးမူ၍ စွန့်စေခြင်းမဟုတ်၊ လင်သည် မယားတပါးနေသော် နေပိုင်စေ။” လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

ဆိုရရင် ဓမ္မသတ်များက မိန်းမအများယူတာကို ပိတ်မထားပေမဲ့ နှောင်ကြိုးမဲ့သဘောတော့လည်းမဟုတ်ပါဘူး။ ၁၉၉၀ ခုနှစ်မှာ မန္တလေးရုံးထိုင် ဗဟိုတရားရုံးက ဆုံးဖြတ်တဲ့ အယူခံမှုတခု[၁၉] မှာ ယောကျာ်းတစ်ဦးသည် မိန်းမတယောက်ထက် ပိုယူသည့် ဓလေ့ထုံးတမ်းမှာ မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာကတည်းက ရှိခဲ့သည်ဖြစ်ရာ ယခုခေတ်စီရင်ထုံးများကလည်း ထိုဓလေ့ထုံးတမ်းကို အတည်ပြုထားကြပြီးဖြစ်ပေသည်လို့ ဆုံးဖြတ်ထားပါတယ်။

ဓမ္မသတ်များအရ ဘယ်လိုပင် ချွင်းချက်ရှိတယ်ဆိုဆို မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ ယောကျ်ားက မိန်းမတယောက်ထက် ပိုရယူနိုင်တဲ့မူ အခိုင်အမာရှိနေတာကတော့ သေချာတဲ့ အချက်ဖြစ်နေပါတယ်။ တဘက်မှာပြန်ကြည့်ရင် မိန်းမသည် တရားဝင်လင် ယောကျာ်းမရှိရလို့ဆိုထားတဲ့အတွက် လင်ရှိမိန်းမတယောက်ဟာ အခြားယောကျာ်းတ ယောက်နဲ့ လက်ထပ်ရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ( ၄၉၄ )[၂၀] အရ အပြစ်ပေးခံရပါမယ်။ မိန်းမလည်း လင်အများယူခွင့်ရှိတယ် လို့တော့စောဒကမတက်လိုပါ။

ဒါပေမဲ့ မညီမမျှဖြစ်နေတယ်ဆိုတာကတော့ ငြင်းလို့မရတဲ့အချက်ဖြစ်ပါတယ်။ နောက်ပြီး ယောကျာ်းအနေနဲ့ မယားတစ်ယောက်ထက် ပိုယူလို့ရတဲ့အချက်ဟာလည်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေရဲ့ ပကတိအခြေအနေများနဲ့ သဟဇာတမဖြစ်တဲ့မူလို့ဘဲ မြင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ ဒီမူရှိနေပေမဲ့ လက်တွေ့လူမှုဘဝမှာ တရားဝင်အိမ်ထောင်ရှိလျက် နောက်မိန်းမယူတာကို မြန်မာ့လူမှုဝန်းကျင်က မနှစ်သက်/လက်မခံတဲ့သဘောကို တွေ့ရပါတယ်။ တရားဝင်အိမ်ထောင်ရှိလျက် နောက်မိန်းမယူတဲ့အရေအတွက်ဟာလည်း အချိုးအစားအရ အင်မတန်နည်းပါတယ်။ ဆိုရရင် မြန်မာ့လူအဖွဲ့အစည်းဟာ တလင် တမယားစနစ်သို့ တိမ်းညွှတ်တဲ့သဘောရှိနေပါတယ်။

ဒါကြောင့်မို့ ဒီမူဟာ ဓလေ့ထုံးတမ်းဥပဒေဆိုတာ လူ့အဖွဲ့အစည်းအတွင်းက အများရဲ့ ကိုယ်ကျင့်တရားသဖွယ် လက်ခံလာခဲ့တဲ့ စည်းမျဉ်းကနေဖြစ်လာတယ်ဆိုတဲ့အဆိုနဲ့ ဆန့်ကျင်ကွဲလွဲနေတဲ့ အသွင်ရှိနေတဲ့အတွက် ယောကျာ်းတယောက်က မိန်းမ တဦးထက်ပိုယူခွင့်ရှိတဲ့ ဓလေ့ထုံးတမ်းကို သေသေချာချာ လေ့လာပိုင်းစစ်ကြည့်ဖို့လိုတဲ့အပြင် ဒီမူဟာ အမျိုးသမီး အမျိုးသား တန်းတူညီမျှမှုရှုဒေါင်အရလည်း ဝေဖန် ထောက်ပြသင့်တဲ့အချက်ဖြစ်တယ်လို့မြင်ပါတယ်။

## ပစ္စည်းခန်းဆိုင်ရာ

မြန်မာဗုဒ္ဓဘာသာလင်မယားရဲ့ မောင်နှံပိုင်ပစ္စည်း ပိုင်ဆိုင်ခွင့်ဟာ တရားဝင်လင်မယားအဖြစ်သို့ ရောက်ရှိသည်နှင့် ပေါ်ပေါက်လာပြီး သတ်မှတ်ထားသည့် **အချိုးအစားအတိုင်း** အကျိုးခံစာခွင့်ရှိပါတယ်။ ထိုပိုင်ဆိုင်ခွင့်သည် “ အပြီးအပြတ်ရရှိသည့် အကျိုးခံစားခွင့် (vested rights) ” ဖြစ်ပါတယ်။[၂၁] သတ်မှတ်တဲ့အချိုးအစားဆိုတာ ပစ္စည်းအမျိုးအစားပေါ်မူတည်ပါတယ်။ မြန်မာဓလေ့ထုံတမ်ဥပဒေအရ လင်မယားပိုင်ပစ္စည်းအမျိုးအစား ( ၆ ) မျိုးရှိပါတယ်။

( ၁ ) ငယ်လင် ငယ်မယားဖြစ်ကြတဲ့ အိမ်ထောင်ဖက်များ အိမ်ထောင်မပြုမီတည်းက ပိုင်ခဲ့ပြီး အိမ်ထောင်ပြုရာတွင်ပါလာတဲ့ ပစ္စည်းကို **ပါရင်းပစ္စည်း** လို့ခေါ် ပြီး

ပစ္စည်းပါလာသူက သုံးပုံနှစ်ပုံ၊ သူရဲ့အိမ်ထောင်ဖက်က သုံးပုံတပုံ အကျိုးခံစား ခွင့်ရရှိပါတယ်။

( ၂ ) အိမ်ထောင်ကျဖူးသူများ အထက်အိမ်ထောင်မှာ ပိုင်ခဲ့ပြီး အိမ်ထောင်သစ်ပြုရာ သို့ ပါလာတဲ့ပစ္စည်းကို **အထက်ပါပစ္စည်း** လို့ခေါ် ပြီး အိမ်ထောင်ကြီးချင်း ထိမ်းမြားလျှင် တဦးရဲ့ အထက်ပါစ္စည်းမှာ တဦးက အကျိုးခံစားခွင့်မရှိပါ။[၂၂] အိမ်ထောင်ကြီးနဲ့ အပျိုလူပျိုဖြစ်လျှင် အိမ်ထောင်ကြီးရဲ့ အထက်ပါပစ္စည်းကို ပါရင်းပစ္စည်းဟု သဘောထားပြီး ပစ္စည်းခွဲဝေရပါတယ်။[၂၃]

( ၃ ) အိမ်ထောင်ပြုပြီးနောက် ဇနီးမောင်နှံတဦးဦး အမွေဆက်ခံရရှိတဲ့ပစ္စည်းကို **အမွေရလက်ထက်ပွား** လို့ခေါ် ပြီး အမွေရသူက သုံးပုံနှစ်ပုံ သူရဲ့အိမ်ထောင် ဖက်က သုံးပုံတပုံ အကျိုးခံစားခွင့်ရှိပါတယ်။[၂၄]

( ၄ ) ထိမ်းမြားစဉ်က ထိမ်းမြားသူနှစ်ဦးအား သူတို့၏မိဘဆိုးဘွား သားချင်းမိတ်ဆွေ များကဖြစ်စေ၊ သူတို့အချင်းချင်းဖြစ်စေ ပေးသည့်ပစ္စည်းကို **ခန်းဝင်ပစ္စည်း** လို့ခေါ် ပြီး လင်နဲ့မယား အညီအမျှ ရရှိပါတယ်။[၂၅]

( ၅ ) လင်နဲ့မယား ဒိုးတူဘောင်ဘက် ရှာဖွေရရှိတဲ့ပစ္စည်းကို **နှစ်ပါစုံပစ္စည်း** လို့ခေါ် ပြီး လင်နဲ့မယား အညီအမျှ အကျိုးခံစားခွင့်ရှိပါတယ်။[၂၆]

( ၆ ) ဇနီးမောင်နှံ နှစ်ဦးအနက် တဦးဦး၏ ကြိုးပမ်းမှုဖြင့်ရတဲ့ပစ္စည်းကို **သာမန်လက် ထက်ပွားပစ္စည်း** လို့ခေါ်ပါတယ်။ **စီးသည့်ရေ ဆည်သည့်ကန်သင်းပမာ စီးပွားရှာသူကရှာပြီး အိမ်ထောင်ထိမ်းသိမ်းသူက ထိန်းသိမ်းမှ စု ဆောင်းမိမည်ဖြစ်သည့်အတွက်** ထောက်ပံ့မှီခို သဘောမထား နှစ်ဦးကြိုး ပမ်းရရှိသည့် နှစ်ပါစုံနှင့်မခြား လင်နဲ့မယား အညီအမျှ အကျိုးခံစားခွင့်ရှိပါ တယ်။[၂၇]

အထက်မှာတင်ပြခဲ့တဲ့ ပစ္စည်းအမျိုးအစားအလိုက် အကျိုးခံစားခွင့်ဟာ " အပြီးအ ပြတ်ရရှိတဲ့အကျိုးခံစာခွင့် " ဖြစ်တဲ့အတွက် မြန်မာဗုဒ္ဓဘာသာလင်မယားဟာ မောင်နှံပိုင် ပစ္စည်းကို အတူပိုင်ဆိုင်သူများ (Tenants-in-common) ဖြစ်လာပါတယ်။ ဒါကြောင့်မို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ မိမိအကျိုးခံစားခွင့်ကို ပြုလိုရာ ပြုနိုင်ပါတယ်။[၂၈]

ပစ္စည်ခန်းနဲ့ပတ်သက်လို့ မြန်မာအမျိုးသမီးတွေရထားတဲ့ အခွင့်အရေးကို အခြားဓ လေ့ထုံးတမ်းများမှာရှိတဲ့ ပစ္စည်းခန်းဆိုင်ရာ အမျိုးသမီးရဲ့အခွင့်အရေးတွေနဲ့ ယှဉ်ထိုးကြည့်ရင် မြန်မာအမျိုးသမီးတွေရဲ့ အဆင့်အခြေကို ပိုမြင်သာလာပါတယ်။ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေ အရ မယားဖြစ်သူဟာ လင်ယောကျာ်းအသက်ရှင်လျက်ရှိစဉ် အိမ်တွင်နေထိုင်ခွင့်နဲ့ ကျွေးမွေး စောင့်ရှောက်မှု ခံယူခွင့်မှအပ လင်ယောကျာ်းရဲ့ ပစ္စည်းအပေါ်မှာ အခွင့်အရေး တစုံတရာ

မရှိပါဘူး။ လင်ယောကျာ်းသေဆုံးသွားတဲ့အခါ သားယောကျာ်းလေးကျန်ခဲ့ရင် အိမ်မှာနေခွင့်နဲ့ ကျွေးမွေးစောင့်ရှောက်ခံယူခွင့်မှအပ အခြားခံစားခွင့်မရှိပါ။

အစ္စလာန်ဥပဒေအရ လင်က မယားကို **မဟာရ်** အဖြစ်ပေးလိုက်တဲ့ ပစ္စည်းနဲ့ လင်က မယားကို မည်သည့်အချိန်အခါမဆို မိမိပိုင်ပစ္စည်းတစ်စုံတရာကို **ဟီဘာ** ခေါ် ပေးကမ်းခြင်းဖြစ် ပေးလိုက်တဲ့ပစ္စည်းမှအပ လင်ပိုင်ပစ္စည်းမှာ မယားမသက်ဆိုင်ပါ။ ခရစ်ယာန် ဥပဒေအရ လင်ပိုင်ပစ္စည်း မယားမပိုင်သလို မယားပိုင်ပစ္စည်း လင်မပိုင်ပါ၊ တဦးအမွေရတဲ့ပစ္စည်းဖြစ်စေ ကြိုးပမ်းရရှိတဲ့ပစ္စည်းဖြစ်စေ အဲ့ဒီပစ္စည်းကို အဲ့ဒီလူတဦးကသာပိုင်ပါတယ်။

ခရစ်ယာန်ဥပဒေနယ်ပယ်က မိန်းမတွေ အိမ်ထောင်ထိမ်းသိမ်းမှုကိစ္စကို ကျယ်ကျယ်လောင်လောင်အော်နေခြင်းမှာ ဆိုခဲ့တဲ့ပစ္စည်းခန်းဆိုင်ရာ သတ်မှတ်ချက်ဟာ အကြောင်းတခုအနေနဲ့ ပါဝင်နေပါလိမ့်မယ်။ မြန်မာဓလေ့ထုံးတမ်းဥပဒေကတော့ သာမန်လက်ထက်ပွားပစ္စည်းနဲ့ဆိုင်တဲ့ အကျိုးခံစားခွင့်ကိုကြည့်ရင် ခရစ်ယာန်ဥပဒေနဲ့ အဲ့ဒီအချက်မှာ အခြေခံတွေးပုံခေါ်ပုံ လုပ်ပုံကိုင်ပုံ လုံးဝခြားနားတာကို တွေ့ရပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့အချက်တွေကိုကြည့်ရင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ပစ္စည်းခန်းဆိုင်ရာမှာ အမျိုးသမီးတွေရရှိတဲ့ အခွင့်အရေးတွေဟာ မနိမ့်ကျဘူးလို့ ပြောရပါလိမ့်မယ်။

အောက်မြန်မာပြည် တရားရေးဌာန ကော်မရှင်နာမင်းကြီးရုံးက ၁၈၈၃ ခုနှစ်၊ ဒီဇင်ဘာလ ( ၃ ) ရက်နေ့မှာ ဆုံးဖြတ်တဲ့ **မလှအောင်နဲ့ မအေးအမှု**[၂၆] မှာ "ဗုဒ္ဓဘာသာ တရားဥပဒေအရ ယောကျာ်းနဲ့မိန်းမ တန်းတူအခွင့်အရေးရှိသည်" လို့ မှတ်ချက်ချထားတာကို တွေ့ရပါတယ်။ ခြုံငုံပြောတဲ့သဘောဆိုရင် အဲ့ဒီမှတ်ချက်ဟာ မမှားဘူးလို့ဆိုရပါမယ်။ အသေးစိတ်ရင်တော့ ယောကျာ်းနဲ့မိန်းမ တန်းတူအခွင့်အရေးရှိတယ်ဆိုတာ အကြွင်းမဲ့သဘောမဟုတ်တာကို တွေ့ရပါတယ်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အတူပေါင်းသင်းနေထိုင်စဉ်မှာ အပြီးအပြတ်ရရှိတဲ့ အကျိုးခံစားခွင့်ကို မိမိသဘောအလျောက် စီမံခန့်ခွဲနိုင်သလို အိမ်ထောင်ဘက်တဦး ကွယ်လွန်တဲ့အခါ ကွယ်လွန်သူရဲ့ ပိုင်ဆိုင်ခွင့်အားလုံးကို ကျန်ရစ်သူက အမွေဆက်ခံရရှိတာမို့ ဒီနှစ်ပိုင်းမှာတော့ အမျိုးသမီးတွေအနေနဲ့ နစ်နာမှုမရှိဘူးလို့ မြင်ပါတယ်။ ဒါပေမဲ့ လင်မယားကွာရှင်းလို့ ပစ္စည်းခွဲဝေတဲ့အခါမှာတော့ ကွာရှင်းတဲ့ပုံစံအပေါ်မူတည်ပြီး ယောကျာ်းနဲ့မိန်းမကြား တန်းတူအခွင့်အရေးမရှိဘူးလို့ ပြောနိုင်မဲ့ အချက်အလက်အချို့ကို တွေ့လာရပါတယ်။

## လင်မယားကွာရှင်းခြင်းအပိုင်း

မြန်မာ့ဓလေ့ထုံးတမ်းအရ လင်ခန်း မယားခန်း ပြတ်စဲနိုင်တဲ့ အဓိကအကြောင်းရင်း (၃) မျိုးရှိပါတယ်။ အဲ့ဒါတွေကတော့ (၁) နှစ်ဦးသဘောတူ ကွာရှင်းခြင်း[၂၀] (၂) လင်ဖြစ်သူ ရဟန်းပြုခြင်း[၂၁] (၃) အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်းတို့ဖြစ်ပါတယ်။

အိမ်ထောင်ရေးပြစ်မှုကို သာမန်အိမ်ထောင်ရေးပြစ်မှုနဲ့ ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုဆိုပြီး ခွဲခြားထားပါတယ်။ သာမန်အိမ်ထောင်ရေးပြစ်မှုအဖြစ် ရက်စက်မှု၊ လင်ယောကျာ်းရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှု၊ ဒုတိယ မယားယူမှု၊ စွန့်ပစ်မှု၊ လည်ဆည်မှုဆိုတဲ့ (၅) မျိုးကို သတ်မှတ်ထားပါတယ်။ ကြီးလေးတဲ့အိမ်ထောင်ရေးပြစ်မှုအဖြစ် မယားရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုနဲ့ ကြီးလေးတဲ့ရက်စက်မှုဆိုတဲ့ (၂) မျိုးကို သတ်မှတ်ပါတယ်။

မြန်မာဓလေ့ထုံးတမ်းအရ အိမ်ထောင်ပြုခြင်းဟာ တဦးနဲ့တဦး ကတိပဋိညာဉ်ပြုခြင်း ဖြစ်လို့ နှစ်ဦးသဘောတူရင် အချိန်မရွေး ကွာရှင်းနိုင်ပါတယ်။ နှစ်ဦးသဘောတူ ကွာရှင်းလျှင် လင်မယားကွာရှင်းတဲ့စာချုပ်ကို ရေးရမယ်လို့ ဓလေ့ထုံးတမ်းဥပဒေမှာသော်လည်းကောင်း၊ ယခုခေတ် ဥပဒေမှာသော်လည်ကောင်း ပြဋ္ဌာန်းထားခြင်းမရှိပါ။

လင်နဲ့မယား နှစ်ဦးသဘောတူညီချက်အရ ကွာရှင်းလျှင် လင်ခန်းမယားခန်း လုံးဝ ပြတ်စဲပါတယ်။[၂၂] ကွာရှင်းပြီးနောက် ပစ္စည်းခွဲဝေရာမှာ ပါရင်းပစ္စည်းနဲ့ အမွေရလက်ထက်ပွား ပစ္စည်းတို့မှာ ပစ္စည်းပါလာသူ (နိဿယ) က သုံးပုံနှစ်ပုံနဲ့ မှီခိုသူ အိမ်ထောင်ဘက် (နိဿိတ) က သုံးပုံတပုံ ရရှိပါတယ်။[၂၃] ခန်းဝင်ပစ္စည်း၊ နှစ်ပါးစုံပစ္စည်း၊ သာမန်လက်ထက်ပွားမှာ အညီအမျှ ခွဲဝေရရှိပါတယ်။[၂၄] အိမ်ထောင်ကြီး (အိမ်ထောင်ကျဘူးသူ) နဲ့ အပျို သို့မဟုတ် လူပျိုဖြစ်လျှင် အထက်ပါပစ္စည်း (အိမ်ထောင်ဟောင်းမှပါလာတဲ့ပစ္စည်းကို) ပါရင်းလို့ သဘောထားပြီး ခွဲဝေရပါတယ်။[၂၅] နှစ်ဦးစလုံး အိမ်ထောင်ကြီးဖြစ်လျှင် အထက်ပါပစ္စည်းကို ပါလာသူက ရရှိပါတယ်။[၂၆] အနှစ်ချုပ်ပြောရရင် နှစ်ဦးသဘောတူ ကွာရှင်းတဲ့အခါ တရားဝင် လင်မယားအဖြစ် ရောက်ရှိတာနဲ့ ပေါ်ပေါက်လာတဲ့ အပြီးအပြတ်ရရှိတဲ့ အကျိုးခံစားခွင့် အချိုးအစားအတိုင်း ခွဲဝေရရှိတယ်လို့ ပြောရပါမယ်။

ယောကျာ်းဖြစ်သူ ရဟန်းပြုရင် လင်ခန်းမယားခန်း ပြတ်စဲပါတယ်။ မနုကျယ်ဓမ္မသတ် ပဉ္စမတွဲ အခန်း (၁၇) မှာ " လင်သည် မယားရှိလျက် ရဟန်းပြုသော် (၇) ရက် ငံ့လင့်ရာ၏။ (၇) ရက်လွန်မှ ရဟန်းလူထွက်လျှင် ငါ့မယားမဆိုသာ မယားလင်နေပိုင်စေ " လို့ဆိုထားပါတယ်။ ရဟန်းပြုတယ်ဆိုရာမှာ ရက်အပိုင်းအခြားမျှ ရဟန်းပြုသည့် ဒုလ္လဘရဟန်ပြုခြင်းနဲ့တော့ မသက်ဆိုင်ပါ။[၂၇] ၁၈၉၇ – ခုနှစ်မှာ ပေါ်ထွက်ခဲ့တဲ့ **မပွဲနဲ့ မောင်မြတ်သာ စီရင်**

**ထုံး**[၃၈] မှာ “ လူတယောက် ရဟန်းပြုလျှင် လူအဖြစ်နှင့် ၎င်းပိုင်ဆိုင်ခဲ့သော ပစ္စည်းရပ်များ၌ ပိုင်ထိုက်ခွင့် တစ်စုံတစ်ရာမရှိတော့ ” ဟု ပြဆိုထားပါတယ်။ ဒါကြောင့်မို့ လင်ယောကျာ်းရဟန်းပြုသွားရင် လင်ယောကျာ်းရဲ့ အကျိုးခံစာခွင့်အားလုံးဟာ မိန်းမဆီ ရောက်သွားပါတယ်။

လင်မယားကွာရှင်းရာမှာ နှစ်ဦးသဘောတူရင် အချိန်မရွေး ကွာရှင်းလို့ရပေမဲ့ တဘက်သတ်ကွာရှင်းခွင့်ကတော့ အိမ်ထောင်ဘက်တဦးဦးက အိမ်ထောင်ရေးပြစ်မှုလို့ သတ်မှတ်ထားတဲ့ အချက်တခုခုကို ကျူးလွန်မှ ပေါ်ပေါက်လာပါတယ်။ အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းရာမှာ သာမန်အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်းဖြစ်ရင် နှစ်ဦးသဘောတူကွာရှင်းတဲ့အခါ ပစ္စည်းခွဲဝေတဲ့ အချိုးအစားအတိုင်း ခွဲဝေရပါတယ်။[၃၉] ငယ်လင်ငယ်မယားသို့မဟုတ် အိမ်ထောင်ကြီးနဲ့ အပျို သို့မဟုတ် လူပျိုလင်မယားတို့ ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းပြတ်စဲလျှင် ကျူးလွန်သူမှာ ပါရင်း၊ လက်ထက်ပွား၊ ခန်းဝင်နဲ့ နှစ်ပါးစုံပစ္စည်းတို့တွင် သူ့ရဲ့ပိုင်ဆိုင်ခွင့်အားလုံးဆုံးရှုံးခံရပါမယ်။[၄၀] အိမ်ထောင်ကြီးများအတွင်း ကြီးလေးတဲ့အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းပြတ်စဲရင် ကျူးလွန်သူမှာ “အထက်ပါပစ္စည်း” မှအပ မောင်နှံပိုင်ပစ္စည်းရှိ သူ့ရဲ့ပိုင်ဆိုင်ခွင့်အားလုံး ဆုံးရှုံးခံရပါမယ်။[၄၁]

အထက်မှာ တင်ပြခဲ့တဲ့ လင်မယားကွာရှင်းတဲ့အခါ ပစ္စည်းခွဲဝေခြင်းကိုကြည့်ရင် ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုကလွဲလို့ ကျန်ကွာရှင်းမှုတွေမှာ အပြီးအပိုင်ရရှိတဲ့ အချိုးကျ အကျိုးခံစားခွင့် မဆုံးရှုံးတာကို တွေ့ရပါတယ်။ ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုမှာတော့ ကျူးလွန်သူက မိမိရဲ့အခွင့်အရေးကို ဆုံးရှုံးခံရတာကိုတွေ့ရပါတယ်။ ဆိုခဲ့တဲ့ အချက်တွေကို ယေဘုယျသုံးသပ်ရင် အမျိုးသမီးနဲ့ အမျိုးသားကြား အခွင့်အရေးမကွာခြားဘူးလို့ထင်ရပေမဲ့ အိမ်ထောင်ရေးပြစ်မှုတွေကို သေသေချာချာသုံးသပ်ပြီး ပစ္စည်းခွဲဝေရေးနဲ့ ဆက်စပ်ရင် ယောကျာ်းနဲ့မိန်းမကြား မညီမျှမှုအချို့ကို တွေ့လာရပါတယ်။

အိမ်ထောင်ရေးပြစ်မှုများမှာ စွန့်ပစ်မှုဆိုတဲ့ အချက်တခု ပါဝင်ပါတယ်။ စွန့်ပစ်မှုဆိုတာ လင်က မယားကိုဖြစ်စေ၊ မယားကလင်ကိုဖြစ်စေ ထောက်ပံ့ပေးကမ်းဆက်သွယ်ခြင်း မပြုတာကိုဆိုလိုပါတယ်။ မြန်မာနိုင်ငံ လင်မယား ကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ ( ၉ ) မှာ “စွန့်ပယ်ခြင်းဆိုသည်မှာ စွန့်ပယ်သည်ဟု စွပ်စွဲသူ၏ဆန္ဒနှင့် ဆန့်ကျင်၍ ပစ်ခွာသွားခြင်းကိုဆိုသည်။” လို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ဒီလိုစွန့်ပစ်ထားမှုအပေါ် မူတည်ပြီး လင်မယားကွာရှင်းလို့မှုနဲ့ တရားစွဲဆိုနိုင်ပါတယ်။ တရားစွဲဆိုနိုင်ဖို့အတွက် စွန့်ပစ်တဲ့ ကာလသတ်မှတ်ချက်တော့ ရှိပါတယ်။ စွန့်ပစ်ကာလနဲ့ပတ်သက်လို မနုကျယ်ဓမ္မသတ်မှာ “လင်က မယားကိုစွန့်ပစ်ထားပြီး ( ၃ ) နှစ်ပါတ်လုံး ဟင်းရွက်တရွက်၊ ထင်းတချောင်းမျှ မထောက်ပံ့လျှင်သော်လည်ကောင်း၊ မယားကလင်ကို စွန့်ပစ်ထားပြီး တနှစ်ပတ်လုံး ဟင်းရွက်တရွက် ထင်းတချောင်းမျှ မထောက်ပံ့လျှင်သော်လည်းကောင်း လင်နဲ့မယား ကွာရှင်းပိုင်ခွင့်ရှိတယ်”လို့ ဖော်ပြထားပါတယ်။ စွန်ပစ်တဲ့ ကိစ္စတွေမှာ မယားကလင်ကို စွန့်ပစ်ခဲ့ရင် ( ၁ ) နှစ်ပြည့်တာနဲ့

လင်ဖက်က ကွာရှင်းပိုင်ခွင့်ရလာပါတယ်။ လင်က မယားကို စွန့်ပစ်ခဲ့ရင် ( ၃ ) နှစ်ပြည့်မှ မယားဖက်က ကွာရှင်းခွင့်ရလာပါမယ်။ ဒီမူကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းခြင်းမှာ မူတခုအနေနဲ့ မြန်မာနိုင်ငံတရားရုံးများက လက်ခံထားပါတယ်။ ဒီမူအရဆိုရင် စွန့်ပစ်ခြင်းနဲ့ ပတ်သက်လို့ ယောကျာ်းနဲ့ မိန်းမကြား အခွင့်အရေးခြားနားနေတာကို ရှင်းရှင်းလင်းလင်းဘဲ မြင်နိုင်ပါတယ်။

အိမ်ထောင်ရေး ပြစ်မှုများကို ဆက်ပြီးလေ့လာကြည့်တဲ့အခါ လင်ယောကျာ်းရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုကို သာမန်အိမ်ထောင်ရေးပြစ်မှုလို့သတ်မှတ်ပြီး မယားရဲ့အိမ်ထောင်ရေးဖောက်ပြန်မှုကို ကြီးလေးတဲ့အိမ်ထောင်ရေးပြစ်မှုလို့ သတ်မှတ်ထားတာကို တွေ့ရပါတယ်။ အိမ်ထောင်ရေးဖောက်ပြန်မှုဆိုတာ လင်ဖြစ်စေ မယားဖြစ်စေ မိမိခင်ပွန်းမဟုတ်သူနဲ့ ကာမဂုဏ်ကျူးလွန်မှုကိုခေါ်ပါတယ်။ လင်ငယ်၊ မယားငယ်ယူတဲ့အဆင့်ကိုတော့ မရောက်သေးပါ။

ဆိုခဲ့တဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုကိုကြည့်ရင် လင်ယောကျာ်းရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုဟာ သာမန်အိမ်ထောင်ရေးပြစ်မှုဖြစ်တဲ့အတွက် နှစ်ဦးသဘောတူ ကွာရှင်းတဲ့အတိုင်း ပစ္စည်းများကို ခွဲဝေရလို့ လင်ယောကျာ်းရဲ့ ပိုင်ဆိုင်ခွင့်မှာ တစုံတရာ မထိခိုက်ပေမဲ့ မယားက အိမ်ထောင်ရေးဖောက်ပြန်ရင် ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုဖြစ်သွားပြီး မယားဖြစ်သူဟာ မိမိရဲ့ ပိုင်ဆိုင်ခွင့်အားလုံးကို လက်လွှတ်ဆုံးရှုံးခံရတာကြောင့် အိမ်ထောင်ရေးဖောက်ပြန်တဲ့ ဖြစ်ရပ်ခြင်းတူပေမဲ့ အဲ့ဒီအချက်အပေါ်မူတည်ပြီး လင်မယားကွာရှင်းပြီးနောက် ပစ္စည်းခွဲဝေရေးမှာ အမျိုးသမီးတွေဖက်က ပိုနစ်နာနေပါတယ်။

လင်ရဲ့ဖောက်ပြန်မှုနဲ့ပတ်သက်လို့ ၁၉၂၉ မှာ ဆုံးဖြတ်ခဲ့တဲ့ **မသိန်းနွယ်နဲ့ မောင်ခ စီရင်ထုံး** [၆၂] မှာ မြန်မာဗုဒ္ဓဘာသာယောကျာ်းတယောက်သည် မယားတယောက်ထက်ပိုယူခွင့်ရှိသည်ဖြစ်ရာ အခြားမိန်းမနှင့်ဖောက်ပြန်သည့် **ပြစ်မှုမျှကာနှင့်မူကား** မယား၌ ကွာရှင်းခွင့်မရနိုင်ပေလို့ အထင်အရှားပြဆိုထားပါတယ်။ ဒီစီရင်ထုံးရဲ့သဘောက လင်ဖောက်ပြန်မှုတစ်ခုတည်းသက်သက်နှင့် မယားမှာ ကွာရှင်းခွင့်မရ အခြားအိမ်ထောင်ရေးပြစ်မှုများနဲ့ ဆက်စပ်လိုက်မှ ကွာရှင်းခွင့်ရလာတဲ့ သဘောဖြစ်ပါတယ်။ စီရင်ထုံးတခု[၆၃] မှာ လင်သည် မယားကို တကြိမ်မျှပါးရိုက်ပြီး အခြားမိန်းမတဦးနှင့် ပေါင်းသင်း၍ ကလေးရရှိလျှင် မယား၌ ကွာရှင်းခွင့်ရနိုင်တယ်လို့ ဆိုပါတယ်။

လင်ယောကျာ်းရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုနဲ့စပ်လျဉ်းတဲ့ **မသိန်းနွယ်နဲ့ မောင်ခ စီရင်ထုံး** မှာ ချခဲ့တဲ့မူကို မြန်မာနိုင်ငံ တရားရုံးများက လက်ခံအတည်ပြုထားပေမဲ့ ရှေးဓမ္မသတ်အချို့နဲ့ကွဲ လွဲနေတာကို တွေ့ရပါတယ်။

ဓမ္မသတ်ကျော်မှာ ...

“ ယောကျာ်းတဦး မျောက်မထားမူကာ၊ ခါးတွင်ဝတ်သည့် အဘွဲ့ခါးဆီးတထည် တည်းနှင့် နှင်လိုက်ပိုင်၏။ ရှိသည့် အိမ်ထောင်ပစ္စည်းကို မယားအားလုံးသိမ်းပိုင်၏။”

ရာသီဓမ္မသတ်မှာ ...

“ ယောကျာ်းတုံမူလည်း မျောက်မထားဘိအံ့။ ထိုယောကျာ်းကို ဘွဲ့ခါးဆီးချွတ်၍ နှင်ထုတ်လိုက်ပိုင်၏။ ဥစ္စာပစ္စည်းကိုကား မိန်းမချည်းသာ ရစေအပ်၏ဟူ၍ ဓမ္မဝိလာသ ထွက်သည်။ ”

ကြက်ရိုးဓမ္မသတ်မှာ ...

“ ယောကျာ်းသည်လည်း မယားကို စိတ်တည်မတူပြု၍ မျောက်မထားဘိအံ့ ထိုယောကျာ်းကို ဘွဲ့ခါးဆီးကိုချွတ်၍စုစေ။ မြီးတင်သရွေကိုလည်း ဆပ်စေ၍ နှင်ထုတ်ပိုင်၏။” စသည်ဖြင့် တွေ့ရပါတယ်။

မယားရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုနဲ့ပတ်သက်လို့ စီရင်ထုံးများကို လေ့လာတဲ့ အခါ ၁၉၆၅ ခုနှစ်မှာ ဆုံးဖြတ်တဲ့ **ဒေါ်လှချစ်နဲ့ ဦးစံ စီရင်ထုံး**[၄၄] မှာ “ နှစ်ဦးပိုင်ပစ္စည်းတွင် မယား၏အခွင့်အရေးဆုံးရှုံးရန်မှာ လင်ဖြစ်သူက မိမိမယားသည် တပါးသောသူနှင့် ကျူးလွန်ခဲ့ကြောင်း အလွန်ထင်ရှားသည့် သက်သေခံချက်များပြသရန် လိုအပ်ပေသည်။ အမှုတွင်ရရှိသည့် သက်သေခံချက်အားလုံးကို ခြုံကြည့်ရှုသောအခါ မလှချစ်သည် ဦးစံနှင့် ပေါင်းသင်းနေစဉ်အတွင်း စောထွန်းအောင်နှင့် ဖောက်လွဲဖောက်ပြန်ပြုလုပ်သည်မှာ ထင်ရှားသည်ဟု မဆိုနိုင်ပေ။ ဦးစံ၏စွပ်စွဲချက်နှင့် မသကာ်စရာအချက်များ ပေါ်ပေါက်နိုင်သည့် စာရွက်စာတမ်း အချို့သာလျှင် အမှုတွဲ၌ ပေါ်ပေါက်ခဲ့ရာ ထိုအချက်များကို အခြေခံထား၍ တရားလိုရဲ့အမှုကို အနိုင်ဒီကရီ မပေးနိုင် ”လို့တရားရုံးချုပ်က ဆုံးဖြတ်ခဲ့ပါတယ်။

၁၉၆၃ ခုနှစ်မှာ ဆုံးဖြတ်ခဲ့တဲ့ စီရင်ထုံးတခု[၄၅] မှာ မယားက ဖောက်ပြန်တာကို လင်က သိလျက်နဲ့ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေလျှင် အထူးသဖြင့် ကိုယ်လက်နှီးနှောလျှင် ယေဘုယျအားဖြင့် လင်သည် မယား၏ဖောက်ပြန်မှုကို ခွင့်လွှတ်သည်လို့ ယူဆရမည်လို့ ဆုံးဖြတ်ထားတာကို တွေ့ရပါတယ်။ ဆိုရရင် မယားဖောက်ပြန်တဲ့ကိစ္စမှာ လင်ရဲ့သက်သေပြဖို့ တာဝန်ကြီးလေးပြီး လင်ရဲ့ခွင့်လွှတ်မှုကို လင်ရဲ့အပြုအမူက ကောက်ယူခွင့် မယားမှာရှိနေပါတယ်။

အထက်မှာတင်ပြခဲ့တာတွေကို ချုပ်လိုက်ရင် အိမ်ထောင်ရေးဖောက်ပြန်မှုနဲ့ စပ်လျဉ်းတဲ့ မြန်မာဓလေ့ထုံးတမ်းရဲ့မူဟာ ယောကျာ်းနှင့် မိန်းမကြား မညီမျှဘူလို့ ပြောရမဲ့အဆင့်ကို

ကျော်လွန်သွားပြီး တဖက်စောင်းနင်းဖြစ်နေတဲ့ အဆင့်အထိ ရောက်နေတယ်လို့ ထင်မြင်ပါတယ်။ စီရင်ထုံးတွေကလည်း မိန်မရဲ့ဖောက်ပြန်မှုအပေါ်မှာ လင်ယောကျာ်းရဲ့ သက်သေပြဖို့ တာဝန်ကို ကြီးလေးအောင်လုပ်ထားသလို မယားကို လင်က အိမ်ထောင်ရေးဖောက်ပြန်မှုနဲ့ စပ်လျဉ်းလို့ ခွင်လွှတ်မှုကို ကျယ်ပြန့်တဲ့သဘောလုပ်ထားတာကို တွေ့ရပါတယ်။ မှုရဲ့ မညီမျှမှုကို အခြားအချက်တွေနဲ့ဖေးမပြီး ညီမျှလာအောင်လုပ်တဲ့သဘောလို့ ယူဆရပါတယ်။ စီရင်ထုံးတွေက ဖေးမတဲ့သဘောနဲ့လုပ်တယ်ဆိုရင် အဲ့ဒီလုပ်နည်းလုပ်ဟန်ဟာ အဖြေမဟုတ်ဘူးလို့မြင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဖေးမခြင်းဟာ သက်သာတဲ့ အနေအထားကိုသာ ဖော်ပေးနိုင်ပါလိမ်မယ်၊ ညီမျှမှုကို မဖော်ဆောင်နိုင်ပါဘူး။ မညီမျှတဲ့မှုကို ပြောင်းလဲခြင်းကသာ အဖြေဖြစ်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံတရားရုံးတွေက လက်ခံထာတဲ့ အိမ်ထောင်ရေးပြစ်မှုနဲ့ စပ်လျဉ်းတဲ့မှုဟာလည်း ရေးဓမ္မသတ်တွေနဲ့ မကိုက်ညီတဲ့အတွက် ဒီမှုကို ပြန်လည်သုံးသပ်ပြင်ဆင်ဖို့ကိစ္စမှာ အတိုက်အခံများ ပြင်းပြင်းထန်ထန် ဖြစ်လာဖွယ်မရှိလောက်ဘူးလို့ ထင်ရပါတယ်။

ဆွေးနွေးတင်ပြခဲ့သမျှ မြန်မာဝလေ့ထုံးတမ်းနယ်ပယ်က မိန်းမတယောက်ရဲ့ အိမ်ထောင်မပြုမီအပိုင်း၊ အိမ်ထောင်ပြုပြီးအပိုင်း အခွင့်အရေးတွေ အကျိုးခံစားခွင့်တွေကို ချုပ်ပြီး သုံးသပ်ရင် အနိမ့်ဆုံးပြောနိုင်တာကတော့ အခြားအခြားသော ဝလေ့ထုံးတမ်းများမှာ အမျိုးသမီးများရရှိနေတဲ့ အခွင့်အရေးတွေထက် များစွာသာတယ်လို့တော့ ပြောနိုင်ပါလိမ့်မယ်။ အာလုံး ဆင်းလုံးချောမဟုတ်သေးတာကတော့ တင်ပြဆွေးနွေခဲ့တဲ့ မြန်မာဝလေ့ထုံးတမ်းဥပဒေရဲ့ ယောကျာ်းနဲ့မိန်းမကြား မညီမျှတဲ့မှုအချို့အရ ထင်ရှားပါတယ်။ ဒါကြောင့်မို့ မြန်မာ့ဝလေ့ထုံးတမ်းနယ်ပယ်က မိန်းမဟာ နိုင်းယှဉ်ချက်အရ အခြားသော ဝလေ့ထုံးတမ်းနယ်ပယ်က မိန်းမတွေထက် လွတ်လပ်မှု၊ ညီမျှမှု အခွင့်အရေးတွေ ပိုမိုရရှိတယ်လို့ ကောက်ချက်ချရင် မယုတ်မလွန် ဖြစ်ပါလိမ့်မယ်။

**စာကိုး**

( ၁ ) မြန်မာဓလေ့ထုံးတမ်းဥပဒေ (နဝမအကြိမ်ပုံနှိပ်ခြင်း) — ဦးမြစိန် (တရားရုံးချုပ်ရှေ့နေ)

( ၂ ) မြန်မာနိုင်ငံ အိမ်ထောင်ခန်းဥပဒေများ — ဦးဘမော် B.A (Honours) B.L ၊ သံအမတ်ကြီး (အငြိမ်းစား)၊ ပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင်(အငြိမ်းစား)

( ၃ ) women and law in Burma, Luis Southalan, ( This Theasis paper is not yet published )

---

[၁] မပို နဲ့ မရွှေမိ၊ ၂ ယူဘီအာ ( ၁၈၉၇–၀၁ ) ၇၉

[၂] ကတ်ဝုနဲ့ မောင်ဆင်၊ ၂ ရန်ကုန် ၆၉၃ ( ၇၈၇ ) ပီစီ

[၃] မောင်သိန်းမောင်နဲ့ မစော၊ ၆ ရန်ကုန် ၃၄၀။

[၄] မအေးစိန်နဲ့ မောင်လှမင်း၊ ၃ ရန်ကုန် ၄၅၅ စုံညီခုံ။

[၅] မောင်ထွန်းအောင်နဲ့ မအေးကြည်၊ ၁၄ ရန်ကုန် ၂၁၃ စုံညီခုံ။

– မသိန်းတင်နဲ့ မောင်ဖိုးသုံ၊ အေအိုင်အာ ၁၉၃၀ ရန်ကုန် ၂၁၀။

– မောင်စိန်ညွန့်နဲ့ မအေးကြည်၊ ၁၉၆၂ မတစ ရုံးချုပ် ၄၀၄။

[၆] ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၁

[၇] ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၄

[၈] မောင်ထွန်းအောင်နဲ့ မအေးကြည် ၁၄ ရန်ကုန် ၂၁၅ စုံညီခုံ။

– မောင်မောင်နဲ့ မစိန်ကြည် ၁၉၄၀ အာအယ်အာ ၅၆။

– ဦးထွန်းစိန်နဲ့ မစန်းမြင့် အေအိုင်အာ ၁၉၃၈ ရန်ကုန် ၁၁၅။

– မမြကြင်နဲ့ မောင်စစ်ဟန် ၁၉၃၇ အာအယ်အာ ၁၀၃။

– မောင်စန်းအောင်နဲ့ မကြည်ကြည်ဝေ ၁၉၆၃ မတစ ၉၉၅။

– မမြမြကြည်နဲ့ ကိုအောင်မြင့် ၁၉၆၄ မတစ ၁၉၉။

– မတင်သိန်းနဲ့ ကိုဝင်းခိုင် ၁၉၆၅ မတစ ၁၄၉။

– ဦးပုလေးနဲ့ ဒေါ်ချစ် ၁၉၇၄ခုနှစ် တရားမအယူခံမှုအမှတ် ၃၂။

[၉] မောင်စိန်ညွန့်နဲ့ မအေးကြည် ၁၉၆၂ မတစ ရုံးချုပ် ၄၀၄။

– မောင်သိန်းနှင့် မသက်နှင်း ၈ အယ်လ်အာ ၃၄၇။

– မသိန်းတင်နဲ့ မောင်ဖိုးသံ အေအိုင်အာ ၁၉၃၀ ရန်ကုန် ၂၁၀။

[၁၀] မောင်ထိုက်နဲ့ မချို အထက်မြန်မာပြည် ( ၁၈၉၇ – ၀၁) ၁၉၇။

[၁၁] မအေးစိန်နဲ့ မောင်လှမင်း၊ ၃ ရန်ကုန် ၄၅၅။

[၁၂] မအေးစိန်နဲ့ မောင်လှမင်း၊ ၄ ဘီအယ်ဂျေ ၂၅၈။

[၁၃] မောင်စိန်ထွန်းနဲ့ မောင်စံညွန့်၊ ၁ဘီအယ်ဂျေ ၁၄၄။

[၁၄] မောင်ချစ်ဖေနဲ့ မတင်၊ ၃ဘီအယ်တီ ၄၃။

[၁၅] မခင်ရီနဲ့ မောင်ချစ်ပို ၁၉၆၆ မတစ ၃၇၆။

[၁၆] မောင်ငြိမ်းနဲ့မမြင့်၊ ၃ အထက်မြန်မာပြည် ၇၅။

[၁၇] မအေးစိန်နဲ့ မောင်လှမင်း၊ ၄ ဘီအယ်ဂျေ ၂၅၈။

[၁၈] မောင်သိန်းမောင်နဲ့မစော၊ ၆ ရန်ကုန် ၃၄၀။

[၁၉] ဒေါ်ချစ်ချစ်နဲ့ ဒေါ်စန်းရင်၊ ၁၉၉၀ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် ၃၂ (မန္တလေး)

[၂၀] မည်သူမဆို အသက်ရှင်သောလင်ဖြစ်စေ၊ မယားဖြစ်စေရှိသည်ဖြစ်၍ နောက်ထပ် ထိမ်းမြားရာတွင် ထိုလင် ဖြစ်စေ၊ ထိုမယားဖြစ်စေ အသက်ရှင်လျက်ရှိခြင်းကြောင့် ထိမ်းမြားခြင်းအတည်မဖြစ်သောကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားလျှင် ထိုသူကို (၇) နှစ်ထိ ထောင်ဒါဏ် တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒါဏ်လည်း ချမှတ်နိုင်သည်။ ( ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ – ၄၉၄ )

[၂၀] မအေးတင်နဲ့ ဒေါ်သန်း ၁၉၄၀ ရန်ကုန် ၈၃၁။

[၂၂] စီတီပီဗွီ ချစ်တီးကုန်တိုက်နဲ့ မောင်သာလှိုင်၊ ၃ ရန်ကုန် ၃၂၂ စုံညီခုံ။

[၂၃] မအေးညွန့်နဲ့ မောင်တုတ်ဖြူ အထက်မြန်မာပြည် ၁၈၉၇ – ၀၁ ကွာရှင်းခြင်း ၃၉။

[၂၄] စီတီပီဗွီ ချစ်တီးကုန်တိုက်နဲ့ မောင်သာလှိုင်၊ ၃ ရန်ကုန် ၃၂၂ စုံညီခုံ။

[၂၅] မခင်နဲ့ မောင်ဖိုစိန်၊ ၆ ရန်ကုန် ၁။

[၂၆] ဦးဖေနဲ့ ဦးမောင်မောင်ခ၊ ၁၀ ရန်ကုန် ၂၆၁ ပီစီ။

[၂၇] မခင်နဲ့ မောင်ဖိုးစိန်၊ ၆ ရန်ကုန် ၁။

[၂၈] အင်ဒအေဗွီအာ ချစ်တီးကုန်တိုက်နဲ့ မောင်သံဒိုင်၊ ၉ ရန်ကုန် ၅၂၄။

[၂၉] မလှအောင်နဲ့ မအေး၊ အက်ဂျေ ၂၁၉ (၂၂၁)။

[၃၀] မနှင်းငုံနဲ့ မောင်အောင် အက်ဂျေ ၇၃။

[၁၄] မပွဲနဲ့ မောင်မြတ်သာ ၂ ယူဘီအာ (၁၈၉၇ – ၀၁) ၃၇

[၃၂] ဒေါ်အမနဲ့ ဒေါ်ခင်တင့်၊ ၁၉၆၄ မတစ ၃၁၄။

[၃၃] မောင်စံဘွင့်နဲ့ မသန်းစိန်၊ ၁၉၄၁ ရန်ကုန် ၁။

[၃၄] မောင်မှုံနဲ့ မောင်မိတ်၊ ၂ အထက်မြန်မာပြည် ၁၉၀၄ – ၀၆ ကွာရှင်းခြင်း ၁၉။

[၃၅] မအေးညွန့်နဲ့ မောင်တုတ်ဖြူ အထက်မြန်မာပြည် ၁၈၉၇ – ၀၁ ကွာရှင်းခြင်း ၃၉။

[၃၆] မောင်ရွှေသာနဲ့ မပိုင် ၁၁ အောက်မြန်မာပြည် (၁၉၂၁ – ၂၂) ၄၈။

[၃၇] အေအာအယ်ပီ ကုန်တိုက်နဲ့ ဦးဖိုးကြိုင်၊ ၁၉၃၉ အာအယ်အာ ၃၁၁။

[၃၈] မပွဲနဲ့ မောင်မြတ်သာ၊ ၂ ယူဘီအာ (၁၈၉၇ – ၀၁) ၅၄။

[၃၉] မောင်မှဲ့နဲ့ မစိန်၊ ၉ အောက်မြန်မာပြည် ၁၉။

[၄၀] ဒေါ်ပုနဲ့ မောင်ထွန်းခ၊ ၁၉၄၆ ဘီအယ်အာ ၁၂၅။

[၄၁] အက်အေအက် ချစ်တီးရားကုန်တိုက်နဲ့ ဦးမောင်ကြီး၊ ၁၄ ရန်ကုန် ၃၂၉။

[၄၂] မသိန်းနွယ်နှင့် မောင်ခ၊ ၇ ရန်ကုန် ၄၅၁။

[၄၃] မောင်ငွေစန်းနှင့်မကြီး၊ အေအိုင်အာ ၁၉၂၉ ရန်ကုန် ၆၄။

[၄၄] ဒေါ်လှချစ်နဲ့ ဦးစံ၊ ၁၉၆၅ မတစ ၈၈၇။

[၄၅] ဘီမာလန်ဒူးဂို့(ရှ်)နဲ့ မစ္စစ် ပရိုတီမာဂို့(ရှ်) ၁၉၆၃ မတစ တရားရုံးချုပ် ၅၈၉။

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# မြန်မာစစ်အစိုးရတကယ်ပဲအဂတိလိုက်စားမှု တိုက်ဖျက်နေသလား

မောင်သုဝဏ္ဏ

၂၀၀၄ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်နေ့က တိုင်းပြည်မှာ ပေါ်ပေါက်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်လို့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနဲ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ ရှင်းပြသွားကြတာဟာ အများပြည်သူတို့အတွက်တော့ သံသယမကင်းစရာပါဘဲ။ ဝန်ကြီးချုပ်ခင်ညွန့်ကို ဖယ်ရှားဖြုတ်ချပြီး စစ်ထောက်လှမ်းရေးအဖွဲ့ကို အမြစ်ကလှန်ပြီး ဖြိုချတာနဲ့ပတ်သက်လို့ ရှင်းပြသွားကြတာပါ။ စစ်ထောက်လှမ်းရေးတဖွဲ့လုံး ထိပ်ပိုင်းကစပြီး အောက်ခြေအထိ အဂတိလိုက်စားမှု ပျံ့နှံ့နေလို့ ဖြိုချရတာပါလို့ ဒီဗိုလ်ချုပ်တွေက ရှင်းပြကြပါတယ်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ အပေါင်းပါတွေကို အရေးယူခြင်းရဲ့နောက်ကွယ်မှာ ထုတ်ဖော်ကြေညာခြင်းမရှိတဲ့ ရည်ရွယ်ချက်တွေရှိနေတာ မှန်ပေမယ့် မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှု ကြောက်ခမန်းလိလိ ပျံ့နှံ့နေတယ်ဆိုတာကို ဘယ်သူမှမငြင်းနိုင်ပါဘူး။ စစ်အစိုးရခေါင်းဆောင်တွေ၊ သူတို့ရဲ့မိသားစုတွေ စီးပွားရေးလုပ်ငန်းတွေမှာ နက်ရှိုင်းစွာပါဝင်ပတ်သက်လုပ်ကိုင်နေကြတယ်ဆိုတာရယ်၊ လူ့အလွှာပေါင်းစုံမှာ ရိုးသားဖြောင့်မတ်မှု ဆုတ်ယုတ်နေတယ်ဆိုတာတို့ဟာ လျှို့ဝှက်ချက်မဟုတ်တော့ပါဘူး။ မြန်မာနိုင်ငံရဲ့ ပြည်သူ့အုပ်ချုပ်ရေးစနစ်မှာ အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုကင်းမဲ့နေသလို စစ်အစိုးရရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုတာဟာလဲ ဖမ်းဆီးထားသူများကို အပြစ်ဒဏ်စီရင်တာသက်သက်သာဖြစ်ပြီး ဒါထက် ဘာမှမပါဘူး။

မြန်မာနိုင်ငံမှာ အလွဲသုံးစားမှု၊ ခြစားမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုစတာတွေ အကြီးအကျယ်ပြန့်နှံ့နေခြင်းဟာ ရဲတပ်ဖွဲ့ရဲ့ စုံစမ်းထောက်လှမ်းမှုနဲ့ စောင့်ကြပ်

ထိမ်းသိမ်းမှု အရည်အချင်းချို့တဲ့လို့မဟုတ်ပါဘူး။ ရဲတပ်ဖွဲ့ရဲ့ စုံစမ်းထောက်လှမ်းနိုင်စွမ်းကို မြှင့်တင်လို့လဲ ဘာမှထူးမှာမဟုတ်ပါဘူး။ လိုအပ်တာကတော့ အစိုးရအုပ်ချုပ်ရေးစနစ်တရပ်လုံးကို အခြေခံကျကျ ပြောင်းလဲပစ်ရေးဘဲဖြစ်ပါတယ်။ အုပ်ချုပ်ရေးစနစ်သစ်မှာ ပြည်သူ့ဝန်ထမ်းတွေ မိမိတို့ထင်သလို လုပ်ပိုင်ခွင့်ရှိမယ်မထင်ပါဘူး။ အုပ်ချုပ်ရေးစနစ်သစ်အတွက် ညဦးဆိုးညဦးဟောင်းတွေ ပြောင်းလဲပစ်ဖို့ လိုပါတယ်။ အုပ်ချုပ်ရေးစနစ်သစ်မှာ ပိုမိုပွင့်လင်းမှု ရှိရမှာဖြစ်သလို လုပ်ဆောင်ချက်ရဲ့ ကောင်းကျိုးဆိုးကျိုးမှန်သမျှအတွက် တာဝန်ယူမှုလည်း ရှိရပါလိမ့်မယ်။ အာဏာရှင်စနစ်မှာတော့ အုပ်စိုးသူလူတန်းစားက တစုံတဦးရဲ့လက်ကို အာဏာပုံအပ်တဲ့အတွက် ပွင့်လင်းဖြောင့်မတ်မှုတို့၏ တာဝန်ယူမှုတို့ဆိုတဲ့ အရည်အချင်းတွေ မရှိနိုင်ပါဘူး။ ဗဟိုက အာဏာမှန်သမျှသိမ်းကျုံးချုပ်ကိုင်လို့ တချက်လွှတ်အာဏာရှင်စနစ်ကို ပေါက်ဖွားစေပါတယ်။ တချက်လွှတ်အာဏာရှင်စနစ်က အကြွင်းမဲ့ခြစားမှုကို ပေါက်ဖွားစေပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှု ပပျောက်စေဘို့ဆိုရင် နိုင်ငံရေးစနစ်တခုလုံး ပြောင်းလဲပစ်ရမှာဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်လို့ အာဏာရလာသူတွေဟာ ပြည်သူလူထုကို မိမိတို့ရဲ့လုပ်ဆောင်ချက်အတွက် တာဝန်ယူရပါတယ်။ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ၊ ပြည်သူလူထုရဲ့ထောက်ခံမှုမရှိဘဲ ပြည်သူလူထုအပေါ် တာဝန်ခံမှုမရှိဘဲ အုပ်စိုးလာတာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပါပြီ။ အဲ့ဒါကြောင့် မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အုပ်ချုပ်တဲ့ အရပ်သားအစိုးရ ပေါ်ထွန်းဘို့ အချိန်တန်ပါပြီ။

ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အပေါင်းပါများကို တရားမဝင်တဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှု၊ နိုင်ငံခြားငွေ တရားမဝင်ပိုင်ဆိုင်မှုတို့အပြင် အမျိုးမျိုးသော ပြစ်မှုများ ကျူးလွန်တယ်လို့ စွပ်စွဲထားပါတယ်။

သတင်းစာများက အောက်ပါခေါင်းစဉ်တွေနဲ့ ဒီအမှုအကြောင်း ဖော်ပြကြပါတယ်။

- ထောက်လှန်းရေးအရာရှိ ( ၂၆ ) ဦးကို အင်းစိန်ထောင်တွင် ထိန်းသိမ်းထားခြင်း၊
- ပြည်ထဲရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီးတို့ပိုင် ပစ္စည်းများ ချိတ်ပိတ်လိုက်ခြင်း၊
- လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ ဘဏ္ဍာရေး၊ အခွန်နှင့် နိုင်ငံခြားရေးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်အများအပြားကို ထုတ်ပယ်လိုက်ခြင်း၊
- ထောက်လှမ်းရေးအရာရှိ ( ၁၅၀၀ ) ကို အငြိမ်းစားပေးလိုက်ခြင်း၊
- ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ( ၂၅၀၀ ) ကို ခြေလျင်တပ်များသို့ ပြောင်းမိန့်ထုတ်ခြင်း၊
- မြန်မာနိုင်ငံကို စိုးမိုးနေခဲ့သော သက်တမ်း ( ၅၆ )နှစ်ရှိ စစ်ထောက်လှမ်းရေးအဖွဲ့ ဖြိုခွဲသွားခြင်း၊ အသစ်ဖွဲ့စည်းလိုက်သော စစ်ဖက်ရေးရာ လုံခြုံရေးဌာန ရန်ကုန်တိုင်းစစ်ဌာနချုပ်ကို သတင်းပို့အစီရင်ခံရခြင်း၊
- အဆင့်မြင့်အရာရှိ ( ၃၂၆ ) ဦးကို ကြားနာစစ်ဆေးခြင်း၊

- ခုံရုံး ( ၁၀ ) ရုံးဖွဲ့စည်းလိုက်ခြင်း၊
- တရားခံများအား ရှေ့နေငှားရမ်းခွင့် ငြင်းပယ်ခြင်း၊
- အင်းစိန်ထောင်တွင် ( ၄၅ ) ရက်အတွင်း စီရင်ဆုံးဖြတ်ရန် အမိန့်ထုတ်ထားခြင်း၊
- လူထောင်နှင့်ချီ၍ စစ်ကြောမေးမြန်းခြင်း၊ စစ်ကြောခံရသူများတွင် စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများ၊ အရပ်သားများ၊ လူမျိုးရေးလက်နက်ကိုင်အဖွဲ့အစည်းဝင်ဟောင်းများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ခြင်း၊
- ခင်ညွန့်အား နိုင်ငံတော်သစ္စာဖောက်မှု၊ အာဏာအလွဲသုံးစားပြုမှု၊ အဂတိလိုက်စားမှုတို့ ကျူးလွန်သည်ဟု စွပ်စွဲထားခြင်း၊ ကြားနာစစ်ဆေးမှု စတင်ခြင်းမရှိသေး။
- ခင်ညွန့်၏သားအလတ်ကို နိုင်ငံတော်လုပ်ကြံမှုကျူးလွန်သည်ဟုစွပ်စွဲခြင်း၊ လာဘ်စားမှုနှင့် နိုင်ငံခြားငွေတရားမဝင်ကိုင်ဆောင်မှုတို့အတွက် ထောင်ဒဏ် ( ၇ ) နှစ်ချမှတ်လိုက်ခြင်း၊

ပြည်သူ့ဝန်ထမ်းတွေရဲ့ အဂတိလိုက်စားမှုကြောင့် တိုင်းပြည်ရဲ့ဂုဏ်သိက္ခာ ဘယ်လောက်ကျဆင်းရတယ်ဆိုတာ အကျယ်ချဲ့ပြောနေစရာမလိုပါဘူး။ စစ်အစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကြီးအကျယ်လိုအပ်နေတဲ့ ခုလိုအချိန်မှာ ဒီအဂတိလိုက်စားမှုကြီး ပေါ်ပေါက်လာလို့ နိုင်ငံခြားမှာ ရင်းနှီးမြှုပ်လိုသူတွေ့ရဲ့ ရင်းနှီးမြှုပ်နှံဖို့ ချမှတ်တဲ့ ဆုံးဖြတ်ချက် ပြန်ပြင်နေကြပါပြီ။ ပြည်သူလူထုကို အကြီးကျယ်ဆုံး နှိပ်စက်ညှင်းပန်းခဲ့တဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ပြိုကွဲပျက်စီးသွားပါပြီ။ ဒါတောင်မှဘဲ သာမန်ပြည်သူတွေဘက်က ပွင့်ပွင့်လင်းလင်း ထောက်ခံကြိုဆိုတာမျိုး မတွေ့ရပါဘူး။ ပိုမိုတင်းကြပ်တဲ့ စည်းမျဉ်းဥပဒေတွေ ထုတ်ရုံနဲ့ အဂတိလိုက်စားမှုကို မတားဆီးနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ အောက်ဖော်ပြပါ ဥပဒေတွေ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

၁။ မြန်မာနိုင်ငံပြစ်မှုဆိုင်ရာဥပဒေ၊
၂။ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ။
၃။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေ။
၄။ ငွေခဝါချမှုတားဆီးရေး ဥပဒေ။
၅။ မူးယစ်ဆေးဝါး ဥပဒေ။
၆။ ကလေးသူငယ်စောင့်ရှောက်ရေးဥပဒေ။
၇။ စုံစမ်းစစ်ဆေးရေး အက်ဥပဒေ။
၈။ အထူးစုံစမ်းစစ်ဆေးရေး အဖွဲ့ဥပဒေ။
၉။ နိုင်ငံခြားငွေစည်းမျဉ်းဥပဒေ။

အဂတိလိုက်စားမှုဟာ ကမ္ဘာတဝှမ်းပျံ့နှံ့နေတဲ့ ရောဂါဆိုးကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဂတိလိုက်စားမှု အပုပ်နံ့ထောင်းထောင်းထနေပါတယ်။ မြန်မာနိုင်ငံစစ်အစိုးရလက်

ထက်မှာ ဆင်းရဲသားတွေ ပိုပြီးဆင်းရဲတွင်းနက်နေပြီး ချမ်းသာသူတွေ တိုးလို့ချမ်းသာလာနေကြပါတယ်။ အဂတိလိုက်စားမှုဟာ ဂျပန်လို ခေတ်မီတိုးတက်ပြီး နိုင်ငံတွေကစပြီး အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေအထိ ပျံ့နှံ့လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ မကြာသေးခင်က ပေါ်ပေါက်ခဲ့တဲ့ ဖြစ်ပေါ်ပြောင်းလဲမှုကြောင့် အဂတိလိုက်စားမှုပြဿနာကို အာရုံစိုက် လေ့လာစရာဖြစ်လာပါတယ်။ ဝန်ကြီးချုပ်ခင်ညွန့်၊ ပြည်ထဲရေးဝန်ကြီးနဲ့ အခြားပုဂ္ဂိုလ်များ ရာနဲ့ချီပြီး ထုတ်ပယ်တာခံကြရပြီး၊ စစ်ထောက်လှမ်းရေးအဖွဲ့တခုလုံး ဖျက်သိမ်းခံလိုက်ရပါတယ်။ ဒီလိုထိပ်ဆုံးကနေ အောက်ခြေအထိ ချေမှုန်းခံရတာမျိုး တခြားနိုင်ငံများမှာ မပေါ်ပေါက်သေးပါဘူး။

"မူဆယ်မြို့မှာ အစိုးရဝန်ထမ်းများ ကျပ်ငွေကုဋေပေါင်းများစွာ အဂတိလိုက်စားတဲ့အမှုကို အစိုးရက ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ဒါနဲ့ပတ်သက်လို့ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အပြစ်မကင်းကြောင်း၊ ၎င်းဟာ အထက်အရာရှိအမိန့်ဖီဆန်ခြင်းဖြင့် တပ်မတော်စစ်စည်းကမ်းကို ဖောက်ဖျက်ခဲ့ကြောင်း၊ ဗိုလ်ချုပ်ကြီးခင်ညွန့် ၁၂–၈–၂၀၀၄ ရက်နေ့က ဆေးကုသမှုခံယူရန် စင်္ကာပူနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း၊ ဒါကို အစိုးရတရားဝင်ခရီးစဉ်အဖြစ်အသုံးစရိတ်ပြသခဲ့ကြောင်း၊ အဲ့ဒီအချိန်လောက်မှာဘဲ မူဆယ်မြို့အနီး နမ့်ဖတ်ကာ (၁၀၅) မိုင်စခန်းမှာ အရေးအခင်းတခုဖြစ်ပွားခဲ့ကြောင်း၊ တာဝန်သိပြည်သူတယောက်က ဝန်ကြီးချုပ်ထံရေးသားတဲ့ စာတစောင်ရဲ့ မိတ္တူကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး လက်ခံရရှိခဲ့ကြောင်း၊ ဒီစာဟာ အင်မတန်ကြီးလေးတဲ့ ဥပဒေချိုးဖောက်မှုများကို ဖွင့်ချတာတွေ့ရလို့ အထက်ဌာနများကို တင်ပြအသိပေးကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဆေးရေးအရာရှိချုပ်ကိုယ်တိုင်ဆင်းပြီး စုံစမ်းစစ်ဆေးရကြောင်း၊ အမှုရဲ့အရေးကြီးပုံကြောင့် နိုင်ငံတော်စာရင်းစစ်ချုပ်နဲ့အဖွဲ့ပါ ဆင်းလာပြီး ပူးပေါင်းစစ်ဆေးခဲ့ရကြောင်း၊ ဒီအမှုဟာ မယုံနိုင်လောက်အောင် ထိတ်လန့်စရာကောင်းတဲ့ လာဘ်ပေးလာဘ်ယူမှုနဲ့ အဂတိလိုက်စားမှုကြီးဖြစ်တာပွင့်ကျလာကြောင်း၊ ကျူးလွန်မှုတွေဟာ ဥပဒေနဲ့ ဆန့်ကျင်ရုံမကဘဲ၊ သာမန်ပြည်သူပြည်သားတွေနဲ့ ကုန်သည်တွေအပေါ် နှိပ်စက်ထက်စီးနင်းလုပ်တာဖြစ်ကြောင်း၊ ဒေသခံ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များနဲ့ တချို့သောပုဂ္ဂိုလ်များအကြား မပြေမလည်ဖြစ်သော ကိစ္စများလည်းတွေ့ရကြောင်း၊ အုပ်စု (၂) စုအကြား ပဋိပက္ခကြောင့် ဒီသတင်းထွက်ပေါ်လာတာဖြစ်ကြောင်း" စသည်ဖြင့် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖယ်ရှားပြီးတဲ့နောက် နယက ကရှင်းပြပါတယ်။

ကမ္ဘာတဝှမ်းမှာ အဂတိလိုက်စားမှုကို ကော်လာဖြူပြစ်မှုတမျိုးအဖြစ် အသိအမှတ်ပြုကြပါတယ်။ ဒီပြစ်မှုဟာ ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာသက်သက်မဟုတ်တော့ပါဘူး။ အဂတိလိုက်စားမှုဟာ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေအပေါ် ဖိစီးနေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်

ပါတယ်။ အခုဆိုရင် ကမ္ဘာ့နိုင်ငံများအနက် သန့်ရှင်းသောနိုင်ငံများ ( အဂတိကင်းသောနိုင်ငံများ ) ရွေးထုတ်နိုင်ရေးအတွက် နိုင်ငံတကာ အဂတိလိုက်စားမှု လေ့လာရေးစစ်တမ်းကောက်ခံမှုတောင် ပြုလုပ်လာရပါပြီ။ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ယနေ့ လုံးဝအားကိုးလို့မရတော့ပါဘူး။ အဂတိလိုက်စားမှုကို လူ့အဖွဲ့အစည်းရဲ့ နိုးကြားမှုနဲ့သာ တိုက်ဖျက်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အပေါင်းအပါများရဲ့ အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ခဲ့ခြင်းဟာ စစ်အစိုးရအတွင်း အငြိုးတကြီး အာဏာပြိုင်မှုရဲ့ ရလဒ်ဖြစ်ပါတယ်။

## စစ်တရားရုံး

တရားခံအားလုံးကို စစ်တရားရုံးနဲ့ ကြားနာစစ်ဆေးမယ်လို့ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ တခြားစစ်အရာရှိတွေ စစ်သားတွေကိုတော့ စစ်တရားရုံးနဲ့ ကြားနာစစ်ဆေးနိုင်ပါတယ်။ ဒါပေမဲ့ စစ်တရားရုံးနဲ့ ကြားနာစစ်ဆေးခြင်းမပြုနိုင်တဲ့ လူဝင်မှုကြီးကြပ်ရေးလို အရပ်ဖက်ဆိုင်ရာဌာနများက အရာရှိတွေလဲ ရှိပါသေးတယ်။ ပြစ်မှုဆိုင်ရာ နည်းဥပဒေအရ ဖွဲ့စည်းတဲ့ ပြစ်မှုဆိုင်ရာ တရားရုံးများသာလျှင် အရပ်ဖက်တရားခံများကို ကြားနာစစ်ဆေးနိုင်ပါတယ်။ ဒီကြားနာစစ်ဆေးမှုတွေရဲ့ ထူးခြားချက်ကတော့ အင်းစိန်ထောင်မှာ ဒီတရားခံတွေကို လျှို့ဝှက်ရုံးတင်စစ်ဆေးခြင်းဘဲဖြစ်ပါတယ်။ ဒီလိုကြားနာစစ်ဆေးရာမှာ ပွင့်လင်းမှုကင်းမဲ့ပြီး၊ တရားခံများကို ရှေ့နေငှားရမ်းခွင့်လဲ မပေးပါဘူး။ ဒီလိုပုံစံနဲ့ ရုံးတင်စစ်ဆေးတဲ့အတွက် ပြည်သူလူထုအကြား အသိအမြင်ပွားများရေးဆိုတဲ့ ဥပဒေနဲ့အညီ ရုံးတင်စစ်ဆေးခြင်းရဲ့ ပင်ကိုယ်ရည်ရွယ်ချက်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါတယ်။ ဒီပုံစံနဲ့ ရုံးတင်စစ်ဆေးခြင်းဟာ တရားစီရင်ရေးကို အလွဲသုံးစားပြုတာလဲဖြစ်ပါတယ်။ ခိုးရာပါပစ္စည်းအများစုကို ရယူဘို့ အားပြိုင်ကြရာကနေ ဒီလိုလျှို့ဝှက်ကြားနာစစ်ဆေးတဲ့နည်းကို ရွေးချယ်တာဖြစ်ပါတယ်။ စစ်တရားရုံးနဲ့စစ်ဆေးခြင်းဖြင့် အဂတိလိုက်စားမှုကို မတိုက်ဖျက်နိုင်ပါဘူး။ စစ်တရားရုံးက ပြဿနာရဲ့ အကြောင်းခံတရားကို ဖြေရှင်းနိုင်စွမ်းမရှိဘဲ ပြဿနာရဲ့ အကျိုးရလဒ်ကိုသာ ကိုင်တွယ်ပါတယ်။ မြန်မာစစ်အစိုးရဟာ ဒီလမ်းစဉ်အတိုင်း စခန်းသွားနေမှာဖြစ်လို့ ရှေ့ဘယ်သူအလှည့်ကျမလဲဆိုတာ စောင့်ကြည့်ရမှာပါဘဲ။

## လူ့ကျင့်ဝတ်နဲ့ အဂတိလိုက်စားမှု

OECD အဖွဲ့ဝင် နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ ပြုလုပ်ခဲ့တဲ့ နှီးနှောဖလှယ်ပွဲတခုမှာ ဒီအကြောင်းအရာအပေါ် ကျယ်ကျယ်ပြန့်ပြန့် နှီးနှောကြပါတယ်။ လွတ်လပ်သော အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေးကော်မရှင်တရပ် လိုအပ်တယ်ဆိုတာကို ဦးတည်ဆွေးနွေးခဲ့ကြပါတယ်။ စစ်အစိုးရက အာဏာရှင်မှန်သမျှ ဆုပ်ကိုင်ထားတဲ့ မြန်မာနိုင်ငံမှာ ဒီလိုလွတ်လပ်တဲ့ အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေးကော်မရှင်တရပ် ဖွဲ့စည်းရေးဆိုတာ

ကို အိမ်မက်တောင် မမက်နိုင်ပါဘူး။ အဂတိလိုက်စားသူများကိုယ်တိုင် အဂတိလိုက်စားမှု တိုက်ဖျက်မယ်ဆိုတာမျိုးကို မမျှော်လင့်အပ်ပါဘူး။

**အဂတိလိုက်စားမှု ဆိုတာဘာလဲ**

မိမိရဲ့ အတ္တအကျိုးစီးပွားအတွက် တရားမျှတမှုဆိုတဲ့ လောကပါလတရားကို ပစ်ပယ်ပြီး စီးပွားရှာတာ၊ မျက်နှာလိုက်တာ၊ အထက်ဖားအောက်ဖိလုပ်တာ၊ အများပိုင်ပစ္စည်း အလွဲသုံးစားလုပ်တာ၊ ခြိမ်းခြောက်ငွေညှစ်တာ၊ ရာထူးအရောင်းအဝယ်လုပ်တာ စတာတွေအားလုံးအား အဂတိလိုက်စားတာချည်းပါဘဲ။ အဂတိလိုက်စားမှု အသွင်သဏ္ဍာန်အမျိုးမျိုး ကွဲပြားပေမယ့် အနှစ်သာရကတော့ အတူတူပါဘဲ။ ဗိုလ်ချုပ်ကြီးခင်ညွှန့်ရဲ့ အဂတိလိုက်စားမှုဟာ မြန်မာနိုင်ငံလူ့အဖွဲ့အစည်းမှာ ပျံ့နှံ့နေတဲ့ အထွေထွေသော အဂတိလိုက်စားမှုတွေရဲ့ နမူနာတခုသာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာအဂတိလိုက်စားမှုဟာ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘဝအသီးသီးကို ကာလကြာမြင့်စွာကတည်းက နလန်မထူနိုင်အောင် ဖျက်ဆီးထိုးနှက်နေတဲ့ ရာဇဝတ်မှုကြီးဖြစ်ပါတယ်။ ဒီအန္တရာယ်ဆိုးကြီးကို လူ့အဖွဲ့အစည်းရဲ့ အဆင့်တိုင်းမှာ ရိုးသားပွင့်လင်းမှု၊ အကြောက်တရားကင်းမှု၊ မျက်နှာမလိုက်မှု စတဲ့ လက်နက်တွေကိုင်စွဲပြီး တိုက်ခိုက်မှသာ နှိမ်နင်းနိုင်မှာဖြစ်ပါတယ်။

လုပ်ငန်းဌာနအမျိုးမျိုးမှာ တွေ့နိုင်တဲ့ အဂတိလိုက်စားမှုတွေကို အကြမ်းဖျင်းဖော်ပြရမယ်ဆိုရင် –

**၁။ ဗြူရိုကရေစီယန္တရား။** ။ အလုပ်အကိုင်နဲ့ ရာထူးခန့်အပ်မှု၊ နယ်ပြောင်းမှု၊ နေရာချထားမှု၊ အမှုတွဲများ ဆုံးဖြတ်ခြင်း စတာတွေမှာ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ မျက်နှာလိုက်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း/ယူခြင်း။

**၂။ စီးပွားကုန်သွယ်ရေး။** ။ လိုင်စင်၊ ပါမစ်၊ ကန်ထရိုက်၊ တင်ဒါထုတ်ပေးတဲ့ ကိစ္စတွေမှာ လာဘ်ပေး၊ လာဘ်ယူပြုလုပ်ခြင်း။

**၃။ တရားစီရင်ရေး။** ။ အာမခံပေးခြင်း၊ တရားသေလွှတ်ခြင်း၊ ပြစ်ဒဏ်လျှော့ပေါ့စီရင်ခြင်း စတာတွေအတွက် လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း။

**၄။ အခွန်စည်းကြပ်ရေး။** ။ လူဝင်မှုကြည့်ကြပ်ရေး၊ အကောက်ခွန်၊ ယစ်မျိုး စတဲ့ ဌာနတွေမှာ လာဘ်စားပြီး နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုကို မျက်ကွယ်ပြုခြင်း၊ မှောင်ခိုရောင်းဝယ်မှုကြီးထွားစေခြင်း၊ တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာကို ဆုံးရှုံးစေခြင်း၊

**၅။ ကျန်းမာရေး။** ။ ဆေးရုံတင်ရာမှာနဲ့ ခွဲစိတ်ကုသမှု ခံယူရာမှာလည်းကောင်း၊

လူနာကုတင်ရရှိရေးနဲ့ ပြုစုကုသမှု ကောင်းစွာရရှိရေးတို့အတွက်လည်းကောင်း လာဘ်ပေးရခြင်း၊

**၆။ ပညာရေး။** ။ ကျောင်း၊ တက္ကသိုလ် ဝင်ခွင့်တွေအတွက် လာဘ်ပေးရခြင်း၊ စာမေးပွဲမေးခွန်းထုတ်တဲ့ဆရာများ ဖွင့်လှစ်သော ကျူရှင်သင်တန်းများ မတတ်သာဘဲ တက်ရခြင်း။

အဂတိလိုက်စားမှု ပျံ့နှံ့ကြီးထွားတဲ့နိုင်ငံမှာ စီးပွားရေးစီမံကိန်းတွေ အကောင်အထည်ဖော်ဘို့ ဘယ်လောက်ပဲ ကြိုးစား၊ အိတ်ပေါက်နဲ့ဖားကောက်သလိုဘဲဖြစ်နေမှာပါဘဲ။ ချစားတဲ့အုပ်ချုပ်ရေးယန္တရားဟာလဲ ပြည်သူလူထုအတွက် ကောင်းကျိုးမပေးနိုင်ပါဘူး။ အစိုးရဌာနဝန်ထမ်းများရဲ့ အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ဘို့ဆိုရင်၊ ဗဟိုကစပြီး အောက်ခြေရပ်ကွက် ကျေးရွာအဆင့်အထိ အဆင့်တိုင်းမှာ ပြည်သူလူထုကို တာဝန်ခံရတဲ့စနစ်ထူထောင်ဘို့ လိုပါတယ်။ အစိုးရဌာနအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်တာတွေ၊ လုပ်ဆောင်ချက်တွေ၊ အောင်မြင်မှုတွေနဲ့ အခက်အခဲတွေကို နေ့စဉ်နဲ့အမျှ ပြည်သလူထုက စောင့်ကြည့်နိုင်အောင် အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယလိုနိုင်ငံတွေမှာ “ သတင်းရယူပိုင်ခွင့် ” ဥပဒေတွေ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေအရ ကာကွယ်ရေးနဲ့ လုံခြုံရေးကို တာဝန်ယူရတဲ့ ဌာနတွေကလွဲလို့ ဌာနအမျိုးမျိုးရဲ့ သတင်းအချက်အလက်တွေကို ပြည်သူပြည်သားတဦးက သတ်မှတ်တဲ့ အဖိုးအခပေးသွင်းပြီး တောင်းယူနိုင်ပါတယ်။ ဥပမာတခုအနေနဲ့ပြောရရင် မြူနီစီပယ်ဌာနတခုက လမ်းဖောက်လုပ်ရေး စီမံကိန်းတခုအတွက် ကန်ထရိုက်ပေးရာမှာ တရားမျှတမှုရှိမရှိ၊ လုပ်ငန်းအရည်အသွေး စံချိန်မီ မမီ၊ ပြည်သူပိုင်ပစ္စည်းအလွဲသုံးစားလုပ်မှု ရှိ မရှိ စသည်ဖြင့် အချက်အလက်အမျိုးမျိုးကို စိတ်ဝင်စားသူ ပြည်သူတဦးက လေ့လာသိရှိလိုတယ်ဆိုရင် အဲ့ဒီမြူနီစီပယ်ဌာနကို သတ်မှတ်တဲ့ငွေနဲ့အတူ လျှောက်လွှာတင်ပြီး သတင်းတောင်းယူနိုင်ပါတယ်။ ရက်ပေါင်း ( ၃၀ ) အတွင်း သတင်းမပေးဘူးဆိုရင် အဲ့ဒီဌာနကို တရားစွဲနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းပြည်အတွင်း အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးအတွက် ပြည်သူလူထုရဲ့ သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်နဲ့ သတင်းစာလွတ်လပ်ခွင့်တွေကို ဥပဒေနဲ့ ကာကွယ်စောင့်ရှောက်မှသာလျှင် ထိရောက်မှုရှိမယ်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

---

*Burma Lawyer's Council မှ ထုတ်ဝေသော Legal Issues on Burma Journal အမှတ် (၂၀) ၊ မေ ၂၀၀၅ မှ B.K. Sen ရေးသားသော Burma's Junta Combating Corruption ဆောင်းပါးကို မှီငြမ်းပါသည်။*

---

အခြေခံဥပဒေရေးရာ

# လူထုအစိုးကလူ့အဖွဲ့အစည်းများ အခြေခံဥပဒေဆွေးနွေးခန်း

ဦးအောင်ထူး

### ဖြစ်ပွားခဲ့ပြီးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ခြင်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ

**ကိုရင်မောင်** – မလေးရေ ကျွန်တော်တို့နိုင်ငံမှာ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ဘို့ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် အရေးယူဆောင်ရွက်ပေးဘို့ လိုတယ်ဆိုတဲ့အချက်ကို နည်းနည်းပါးပါး နားလည်သဘောပေါက်လာတဲ့အခါမှာ ကျွန်တော်စဉ်းစားမိတာ တခုရှိသဗျ။

**မလေး** – ဘာများပါလိမ့် ကိုရင်မောင်။

**ရင်** – အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံကို တည်ဆောက်ပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသင့်တယ်ဆိုတာကို လက်ခံရင် အခု နအဖ ပြန်လည်ကျင်းပဘို့ လုပ်နေတဲ့ အမျိုးသားညီလာခံလမ်းကြောင်းနဲ့တော့ ဘယ်နည်းနဲ့မှ အမျိုးသားပြန်လည်သင့်မြတ်ရေး ရစရာအကြောင်းမရှိဘူးဗျ။

**လေး** – ဘာကြောင့်များ ဒီလို သုံးသပ်ပါလိမ့် ကိုရင်မောင်။

**ရင်** – နအဖက ချမှတ်ပေးထားတဲ့ အမျိုးသားညီလာခံဘောင်ထဲမှာ အတိတ်မှာဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအကြောင်း ဆွေးနွေးခွင့် လုံးဝမရှိဘူးဗျ။ အနာဂတ်မှာ တိုင်းပြည်ကို ဘယ်ပုံစံနဲ့ တည်ဆောက်သွားမယ်။ လွှတ်တော်က ဘယ်လို၊ သမတ က ဘယ်ညာ၊ အစိုးရကို ဘယ်လိုဖွဲ့စည်းမယ် စတဲ့ကိစ္စတွေကို

သာ ဆွေးနွေးခွင့်ရှိတာဗျ။ ဒါတောင်မှ နအဖချပေးထားတဲ့ ဦးတည်ချက်ခြောက်ရပ်ဘောင်ထဲကဘဲ ဆွေးနွေးကြရမှာလေဗျာ။

**လေး –** အင်း ကျမလည်း သတိထားမိခဲ့တယ် ကိုရင်မောင်။ ဒါဟာ အတိတ်ကို လုံးဝမေ့ထားပစ်ခဲ့မယ်ဆိုတဲ့ သဘောဘဲပေါ့ရှင်။ ပြည်သူလူထုတွေ နာကျည်းခံစားခဲ့ရတဲ့ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရမှုတွေနဲ့ ပတ်သက်ပြီး ပြန်လည်ကုစားပေးဘို့ ဘာမှ မကြိုးစားရင် လူထုအခြေခံနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတော့ မရနိုင်ဘူးရှင့်။ လူထုအဓိကလူ့အဖွဲ့အစည်းလဲ ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး။ စစ်တပ်ကြီးစိုးမှုကို ထောက်ခံတဲ့ပုဂ္ဂိုလ်တွေအကြားမှာ သင့်မြတ်ရေးတော့ ရချင်ရသွားမှာပေါ့နော်။ စစ်တပ်အဓိကလူ့အဖွဲ့အစည်းဘဲ ဖြစ်လာမယ်ဆိုတာ ရှင်းနေတာဘဲ ကိုရင်မောင်။

**ရင် –** အမျိုးသားညီလာခံမှတ်တမ်းများဆိုပြီး နအဖ က ထုတ်ဝေဖြန့်ချိခဲ့တဲ့ နှစ်လက်မလောက်ထူတဲ့ စာအုပ်ကြီးသုံးအုပ်ကို ကျွန်တော် အသေအချာလေ့လာ ခဲ့ပြီးပြီဗျာ မလေးရာ။ ပြီးခဲ့တဲ့ကာလက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက်၊ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံကို တည်ဆောက်ပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စတွေကို စဉ်းစားသင့်တယ်ဆိုတာကို ၁၉၉၃ နဲ့ ၁၉၉၆ ခုနှစ်အကြားမှာ ညီလာခံတက်ခဲ့ကြတဲ့ ဘယ်ပုဂ္ဂိုလ်၊ ဘယ်ပါတီအဖွဲ့ အစည်းကမှ တင်ပြခဲ့တာမရှိဘူးဗျ မလေးရ။ အဲဒါ ဘာကြောင့်လို့ထင်သလဲဗျာ။

**လေး –** ပထမ အချက်ကတော့ အဲဒီတုံးက အမျိုးသားညီလာခံတက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေတကယ့်အများစုကြီးဟာ နအဖစိတ်ကြိုက် ခေါင်းခေါက်ရွေးထားတဲ့သူတွေဖြစ်တော့ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စတွေ ဆွေးနွေးဘို့ဆိုတာ ဝေးရော၊ နအဖ မျက်နှာညိုစေမယ့် ဘယ်ကိစ္စမဆို မဆွေးနွေးရဲကြဘူး ကိုရင်မောင်။

**ရင် –** အင်း... နအဖက ခွဲဝေပေးထားတဲ့ အကျိုးစီးပွားခံစားနေကြသူတွေဖြစ်ဘို့ များတာပေါ့ဗျာ။

**လေး –** ဒုတိယအချက်ကတော့ အဲဒီတုံးကတက်ခဲ့ကြတဲ့ လူထုကိုယ်စားလှယ် အစစ်အမှန်တွေအနေနဲ့ကျတော့လည်း နအဖ သတ်မှတ်ပေးထားတဲ့ ဘောင်တွေထဲကဘဲ ဆွေးနွေးရတာဖြစ်တော့ ဆွေးနွေးချင်ပေမယ့် မဆွေးနွေးနိုင်ခဲ့တာလည်း ဖြစ်နိုင်တာပေါ့ရှင်။

**ရင် –** မဆွေးနွေးဖြစ်ကြတဲ့အထဲမှာ တချို့ကျတော့လည်း သတင်းအချက်အလက်တွေမရသေးတာလဲပါနိုင်တယ်ဗျ မလေးရ။ စစ်အာဏာရှင်အုပ်ချုပ်မှုအောက်ကနေဒီမိုကရေစီပြောင်းသွားတဲ့ နိုင်ငံတွေမှာ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက်ကြပုံတွေအကြောင်းကို နဲနဲလောက် ဆက်ပြီးပြောပြပါလား မလေးရာ။

**လေး** – နအဖ က ဘက်ပေါင်းစုံကနေ သတင်းတွေကို ပိတ်ဆို့ထားတဲ့နိုင်ငံမှာ ကျမတို့ လူထုကြီးဟာ သိသင့်တဲ့ သတင်းအချက်အလက်တွေ မသိကြသေးတာ သဘာဝ ကျပါတယ် ကိုရင်မောင်။ ကျမတို့မှာလည်း တဆင့်ပြန်ပြီးပြောပြဖို့ တာဝန်ရှိတာ ပေ့ါ နော်။ ကဲ ဒီကနေ့တော့ ဆွေးနွေးဖို့ကျန်တဲ့ အချိန်ကလေးမှာ အာဂျင်တီးနား နိုင်ငံအကြောင်းကို ပြောပြမယ်နော်။

**ရင်** – အော် အာဂျင်တီးနားအကြောင်း ကျွန်တော် နည်းနည်းပါးပါးသိတာရှိသဗျ။ အာ ဏာသိမ်းပြီး အုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရဟာ ၁၉၈၂ ခုနှစ် အကုန်ပိုင်းမှာ စီးပွားရေးအ ကြပ်အတည်းတွေအပြင် နိုင်ငံရေးသိက္ခာကျဆင်း၊ ဖော်လကန်စစ်ပွဲမှာ အနိုင်ရနေ တယ်ဆိုပြီး လူထုကို လိမ်လည်ထားတာကွာကျ၊ အစိုးရအရာရှိတွေ လာဘ်စား မှုတွေအပေါ် အကြီးအကျယ် ရှုတ်ချခံရ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အဆက် မပြတ် ဖော်ပြခံရတဲ့အခါမှာ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်နိုင်စွမ်းမရှိတော့ဘဲ လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ကျင်းပပေးပြီး အာဏာလွှဲပေးခဲ့ရတဲ့ နိုင်ငံမဟုတ် လားဗျ မလေးရ။

**လေး** – မှန်ပါတယ် ကိုရင်မောင်။ အဲဒီရွေးကောက်ပွဲမှာ သမတလောင်းနှစ်ဦး ဝင်ရောက် ယှဉ်ပြိုင် အရွေးခံခဲ့ကြတယ်ရှင့်။ တဦးက ပီရွန်နစ်ပါတီဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ရှေ့နေ အီတာလိုလူဒါဖြစ်တယ်။ သူက ဘာပြောသလဲဆိုတော့ အရင်တုံး က ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် စစ်ခေါင်းဆောင်တွေ ကို ရုံးတင် တရားစွဲလို့မရဘူးတဲ့။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အစိုးရပြဋ္ဌာန်းခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို နောက်ကြောင်းပြန် ဖျက်သိမ်းလို့မရနိုင်တဲ့အတွက် ကြောင့်တဲ့။

**ရင်** – ဟောဗျာ။ ဒီရှေ့နေကြီးက ဘယ်လိုများပါလိမ့်ဗျာ။ လူ့အခွင့်အရေးချိုးဖောက်မှု တွေကို အခုလို ဥပဒေကြောင်းပြပြီး လွယ်လွယ်နဲ့ မေ့ထားခဲ့တော့မှာလားဗျာ။

**လေး** – ရှေ့နေရယ်၊ ဥပဒေပညာရှင်ရယ်၊ နိုင်ငံရေးသမားရယ်၊ ပါမောက္ခရယ် မခွဲဘူးကိုရင် မောင်။ လူ့အခွင့်အရေးကို တကယ်လေ့လာ၊ တကယ်ယုံကြည်လက်ခံသူမှသာ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ်မှာ အရေးယူဆောင်ရွက်ဖို့ စိတ်ဝင်စားကြ တာရှင့်။

**ရင်** – အဲဒီ အာဂျင်တီးနား ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ သမတလောင်း နောက်တဦးရဲ့ ရပ်တည်ချက်ကရောဗျာ။

**လေး** – နောက်တဦးက ရေဒီကယ် ပါတီကရောလ် အယ်လ်ဖွန်ဆင်ဖြစ်တယ် ကိုရင်မောင်။ သူက လူ့အခွင့်အရေးကိုလိုလားတဲ့ ရိုးရိုးနိုင်ငံရေးသမားတဦးဘဲ။ ဒါပေမယ့် သတ္တိရှိ တယ်လို့ပြောရမယ်ရှင့်။ သူက ဘာပြောသလဲဆိုတော့ လူ့အခွင့်အရေးချိုးဖောက် မှုတွေ ကျူးလွန်အောင် အမိန့်ပေးညွှန်ကြားခဲ့တဲ့ စစ်ခေါင်းဆောင်တွေ၊ အဲဒီ အမိန့်

တွေကို ရက်ရက်စက်စက် အကောင်အထည်ဖော်ပေးခဲ့တဲ့ အဆင့်ဆင့်က စစ်ခေါင်းဆောင်တွေ၊ စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ပေမယ့် အလားတူ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရက်စက်စွာကျူးလွန်ခဲ့တဲ့ ပျောက်ကြားတပ်ဖွဲ့ခေါင်းဆောင်တွေကို ရုံးတင်တရားစွဲမယ်လို့ ရဲရဲတင်းတင်း ကတိပေးခဲ့တယ်။ ဒါပေမယ့် အမိန့်အတိုင်း အကောင်အထည်ဖော်ရတဲ့ အောက်ခြေက ပုဂ္ဂိုလ်တွေကိုတော့ အရေးယူဘို့ ရည်ရွယ်ချက်မရှိဘူးလို့ ပြောခဲ့တယ်။

**ရင်** – ဒီသမတလောင်း အယ်လ်ဖွန်ဆင်က တယ်လဲ ရဲရင့်ပြတ်သားလှပါကလားဗျာ။ ဒီလောက်ထိအောင် သတ္တိရှိရှိပြောရလောက်အောင် အယ်လ်ဖွန်ဆင်ရဲ့နောက်မှာ ပြည်တွင်းက စစ်တပ်ဖြစ်ဖြစ် နိုင်ငံတကာက စစ်တပ်ဖြစ်ဖြစ် လက်နက်ကိုင်တပ်တခုခုရဲ့ ကြောထောက်နောက်ခံများ ရှိနေခဲ့သလားဗျာ။

**လေး** – အံ့သြစရာကောင်းတယ်ပြောရမယ် ကိုရင်မောင်။ ဘာလက်နက်ကိုင်တပ်မှ ကျောထောက် နောက်ခံမရှိဘူးရှင့်။

**ရင်** – ဟုတ်သလားဗျ မလေးရ၊ အဲဒီသမတလောင်းကို လူထုကရော ထောက်ခံခဲ့ကြသလားဗျာ။

**လေး** – ရောလ်အယ်ဖွန်ဆင်ဟာ လူထုထောက်ခံမှုကို အကြီးအကျယ်ရခဲ့ပြီး အာဂျင်တီးနားသမတအဖြစ် အပြတ်အသတ် အရွေးခံခဲ့ရတယ် ကိုရင်မောင်။

**ရင်** – အင်း ဟုတ်ပြီဗျာ။ သူကတိပေးခဲ့တဲ့အတိုင်းရော အာဂျင်တီးနားမှာ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် အရေးယူဆောင်ရွက်နိုင်ခဲ့သလားဗျာ။

**လေး** – အတိုင်းအတာအတော်များများ အရေးယူနိုင်ခဲ့တယ်လို့ပြောရမယ်ရှင့်။ ကိုရင်မောင် သိချင်ရင်တော့ နောက်အပတ်တွေမှာ ဆက်ပြီးဆွေးနွေးကြသေးတာပေါ့နော်။

**ရင်** – အင်း စိတ်ဝင်စားစရာဘဲ မလေးရေ။ ကျွန်တော်တို့နိုင်ငံမှာလည်း ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို သတ္တိရှိရှိ အရေးယူဆောင်ရွက်ပေးဘို့ တောင်းဆိုမယ့် နိုင်ငံရေးခေါင်းဆောင်တွေ ဘယ်တော့များ ပေါ်လာမလဲဆိုတာ စောင့်ကြည့်ကြရအောင်လို့ အကြံပေးရင်းနဲ့ ဒီအပတ်တော့ ဒီမှာဘဲ နိဂုံးချုပ်ကြစို့လားဗျာ။

**လေး** – ကောင်းပါပြီတဲ့ရှင်။

## နအဖ၏ တာဝန်ခံမှု၊ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

**ရင်** – မလေးရေ၊ ပြီးခဲ့တဲ့အပတ်က မလေးပြောပြခဲ့လို့ အာဂျင်တီးနားက သတ္တိရှိတဲ့ သမတ ရောလ်အယ်ဖွန်ဆင် အကြောင်းကြားရလို့ အားကျမိသဗျာ။

**လေး** – ဘာကို အားကျတာလဲ ကိုရင်မောင်။

**ရင်** – အော် အရပ်သားသမတလောင်းတဦးအနေနဲ့ သူ့နောက်မှာ စစ်တပ်ကြော ထောက်နောက်ခံ ဘာမှမရှိဘဲနဲ့ စစ်ဗိုလ်ချုပ်တွေ ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုး ဖောက်မှုတွေကို အရေးယူမယ်လို့ ကြေညာပြီး ရွေးကောက်ပွဲဝင်ရဲတာ၊ သမတ ဖြစ်လာတဲ့နောက်ပိုင်းမှာလည်း လူ့အခွင့်အရေးချိုးဖောက်ခဲ့တဲ့ စစ်တပ်ခေါင်း ဆောင်တွေကို တစုံတရာ ထိထိရောက်ရောက် အရေးယူနိုင်ခဲ့တာတွေအတွက် အားကျတယ်လို့ ပြောတာပါဗျာ။

**လေး** – အင်း ဟုတ်တယ်ကိုရင်မောင်။ စစ်အာဏာရှင်တွေရဲ့ အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကိုပြောင်းသွားတဲ့ တိုင်းပြည်တွေရဲ့ အသွင်ကူးပြောင်းနေကြစဉ်ကာလ အတွင်းမှာဘဲ ဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် ပြည်ဖုံးကား ချမထားခဲ့ဘဲ သတ္တိရှိရှိ အရေးယူဘို့ လူ့အဖွဲ့အစည်းကို ဦးဆောင်နိုင်ခဲ့တဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ အတော်များများရှိခဲ့တယ် ကိုရင်မောင်။ ဥပမာ ချီလီနိုင်ငံက သမတ အယ်လ်ဝင်ပေါ့ရှင်။

**ရင်** – အော်မှတ်မိပြီ မလေးရေ။ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီး ပီနိုရှေးရဲ့ အုပ်ချုပ်မှုအောက် ကနေ ချီလီနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းဘို့ ကြိုးစားကြတဲ့အခါ ၁၉၈၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ လူထုဆန္ဒခံယူပွဲမှာ ပီနိုရှေး ရှုံးနိမ့်သွားခဲ့ရပြီး ၁၉၉၀ ခု နှစ်မှာ လွတ်လပ်တဲ့ရွေးကောက်ပွဲ ကျင်းပပေးခဲ့ရတဲ့အခါကျတော့ အနိုင် ရပြီးတက် လာခဲ့တဲ့ သမတ မဟုတ်လားဗျာ။ ၁၉၇၃ ခုနှစ် ချီလီမှာ ဗိုလ်ချုပ်ကြီးပီနိုရှေး အာ ဏာသိမ်းခဲ့စဉ်တုံးက လူတွေအများကြီးကို ထောင်ချ၊ ညှင်းပမ်း၊ သတ်ဖြတ်ခဲ့ကြ တာတွေကို မှတ်မိသေးပေါ့ဗျာ။

**လေး** – အဲဒါတွေ ပြောတာပေါ့ ကိုရင်မောင်။ သမတ အယ်လ်ဝင် ရာထူးတာဝန်လက်ခံတဲ့ အခန်းအနားကို စင်တီယာဂိုမြို့တော် အားကစားကွင်းကြီးမှာ ကျင်းပတဲ့အခါကျ တော့ လူထုပရိသတ်ရှစ်သောင်းကျော်လောက် တက်ရောက်ခဲ့ကြပြီး၊ သန်းပေါင်း အမြောက်အများရှိတဲ့ မတက်ရောက်နိုင်တဲ့ ပြည်သူတွေဟာလည်း ရုပ်မြင်သံကြား တွေပေါ်ကနေ ကြည့်နေခဲ့ကြဆိုဘဲ ကိုရင်မောင်ရဲ့။

**ရင်** – ဟာ တယ်လဲကြီးကျယ်တဲ့ သမတသစ်တက်ပွဲပါလားဗျာ။ အဲဒီမှာ ချီလီနိုင်ငံ သမတ အယ်လ်ဝင်က ဘာများ သမိုင်းဝင်မိန့်ခွန်းတွေ ပြောသွားခဲ့သလဲဗျာ။

**လေး** – အဓိကကတော့ ကိုရင်မောင်။ အာဏာရှင် စစ်ဗိုလ်ချုပ်ကြီး ပီနိုရှေး အုပ်ချုပ်စဉ်ကာ လတုံးက ဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဆောင်ရွက် ဘို့ အမှန်တရားဖော်ထုတ်ရေးနဲ့ ပြန်လည်သင့်မြတ်ရေးကော်မရှင် ဘယ်လိုဖွဲ့စည်း ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း စိတ်လှုပ်ရှားစရာကောင်းလောက် အောင် ပြောဆိုသွားခဲ့တယ်လို့သိရတယ်ရှင်။ အဲဒီလို သမတက မိန့်ခွန်းပြောနေတဲ့အချိန်

မှာ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့အတွက် သေဆုံးသွားခဲ့ကြသူတွေနဲ့ ပျောက်ဆုံးသွားခဲ့ကြသူတွေရဲ့ အမည်တွေကို ဆလိုက်ပရိုဂျက်တာကြီးတွေသုံးပြီး အားကစားရုံကြီးရဲ့နံရံမှာ မီးမောင်းကြီးတွေနဲ့ ထိုးပြသွားခဲ့တဲ့အခါမှာ ဝမ်းနည်းကြေကွဲကြ၊ ငိုကြွေးသူတွေလည်း ငိုကြွေးကြပြီး ဆိုးဝါးခဲ့တဲ့ဖြစ်ရပ်တွေကို ပြန်ပြီးအမှတ်ရခဲ့ကြ၊ နောင်ကို ဒီလိုကြေကွဲဝမ်းနည်းစရာ အဖြစ်ဆိုးမျိုးတွေမဖြစ်အောင် သမတ အယ်လ်ဝင်နဲ့အတူ ဆက်ပြီးကြိုးစားလုပ်ဆောင်သွားသင့်ကြတယ်ဆိုတဲ့အပေါ် သဘောတူညီခဲ့ကြတယ်လို့ သိခဲ့ရတယ် ကိုရင်မောင်။

**ရင်** – မလေးနဲ့ကျွန်တော် ဆွေးနွေးလာရင်းနဲ့ အတိတ်မှာဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်ခဲ့မှုတွေအပေါ် ပြန်ပြီး အရေးယူဆောင်ရွက်ဘို့ ဘာကြောင့်လိုအပ်တယ်ဆိုတာကို ဂျာမနီနိုင်ငံ အတွေ့အကြုံမှာပါ သင်ခန်းစာရခဲ့တယ်ဗျာ မလေးရာ။

**လေး** – ဘယ်လိုများပါလိမ့် ကိုရင်မောင်ရယ်။ သတင်းထောက်ကြီးဆီကလည်း ပညာယူပါရစေဦးရှင်။

**ရင်** – ဒီလို ဗျ မလေးရ၊ မလေးလည်း မှတ်မိမှာပေါ့။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီမှာ အာဏာရှင်ဟစ်တလာ အုပ်ချုပ်နေတဲ့ကာလမှာ ဟစ်တလာက ဂျူးလူမျိုးခြောက်သန်းကျော်ကို သတ်ဖြတ်ဘို့ စီစဉ်ခဲ့တယ်လေဗျာ။

**လေး** – မှတ်မိတာပေါ့ကိုရင်မောင်။ ဒါ တကမ္ဘာလုံးသိတဲ့ကိစ္စဘဲ။ ကိုရင်မောင်က ဘာများထပ်ဖြည့်ပြောခြင်သေးလို့ လဲရှင့်။

**ရင်** – ဒီလိုဗျ မလေးရ၊ ဂျူးလူမျိုးခြောက်သန်းကျော်ကို သတ်ဖြတ်ဘို့ ဟစ်တလာက စီစဉ်တဲ့အခါကျတော့ သူ့ရဲ့ဗိုလ်ချုပ်ကြီးများက ကန့်ကွက်ခဲ့ကြသတဲ့ဗျာ။ ခေါင်းဆောင်ကြီးခင်ဗျား၊ ဒီလောက်ကြီးမားတဲ့ သတ်ဖြတ်မှုကြီးမျိုးကိုတော့ မကျူးလွန်သင့်ပါဘူး။ နောင်တချိန်ကျရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်သွားနိုင်ပါတယ် ခင်ဗျား၊ ဒါမျိုးမလုပ်သင့်ပါဘူးဆိုပြီး ဟစ်တလာကို တောင်းပန်ခဲ့ကြသတဲ့။

**လေး** – အော်ဟုတ်လား ကိုရင်မောင်။ အဲဒီတော့ ဟစ်တလာက လက်ခံခဲ့သတဲ့လား။ ဘာများပြန်ပြောခဲ့သတုံးရှင့်။

**ရင်** – ဘယ်လက်ခံရမှာလဲ မလေးရာ။ အဲ သူပြန်ပြောခဲ့တဲ့ စကားကတော့ မှတ်လောက်စရာဘဲဗျ။ ပထမ ကမ္ဘာစစ်ကြီးတုံးက အာမေးနီးယန်းတသန်းကျော်ကို တူရကီတွေသတ်ခဲ့တဲ့ကိစ္စ အခုအချိန်မှာ ဘယ်သူက ဘာများပြောသေးလို့တုန်းတဲ့ဗျာ။ မင်းတို့သတ်စရာရှိတာ ရဲရဲသတ်ကြ။ ငါတို့ကို ဘယ်သူမှ ပြန်ပြီးအရေးယူနိုင်မယ့်သူ မရှိဘူးလို့ ဟစ်တလာက သူ့ဗိုလ်ချုပ်ကြီးတွေကို အာမေးနီးယန်း လူသတ်ပွဲဥပမာအထောက်အထားပြပြီး အားပေးခဲ့တယ်။ သူ့ဗိုလ်ချုပ်ကြီးတွေကလဲ အဲဒီတော့မှ အားတက်ပြီး လိုက်နာလုပ်ဆောင်ခဲ့ကြသတဲ့ဗျာ။

**လေး** – အတိတ်ကဖြစ်ရပ်တွေကို မေ့ထားချန်ထားခဲ့လို့ မရဘူးဆိုတာ အဲဒါကြောင့် ဆွေး

နွေးနေရတာပေါ့ ကိုရင်မောင်။ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်တွေအပေါ် ဘာမှအရေးယူဆောင်ရွက်နိုင်တာမျိုးမရှိဘူးဆိုရင် ပြစ်မှုကျူးလွန်ခဲ့တဲ့ အာဏာပိုင်တွေဟာ လက်ရဲဇက်ရဲဖြစ်လာပြီးနောက် ကြိမ်ဖန်များစွာ ထပ်ထပ်ပြီး ကျူးလွန်ဘို့ ဝန်မလေးကြဘူးရှင့်။ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စတွေအပေါ် အရေးယူဘို့ ကျမတိုပြည်သူတွေဟာ ကြိုးကိုကြိုးစားနေရမယ် ကိုရင်မောင်။ ဒါမှသာ လက်ရှိမျက်မှောက်ကာလမှာ ဆက်ပြီးမကျူးလွန်ရဲဘဲ ရပ်ဆိုင်းသွားမှာ။ အာဏာကို ကြာကြာဆက်ပြီး ချုပ်ကိုင်ထားလေလေ တာဝန်ပိုကြီးလာလေလေ၊ လူ့အခွင့်အရေးချိုးဖောက်မှု ဆက်ပြီးကျူးလွန်ရဘို့ အနေအထားတွေရှိလာလေလေဖြစ်တာကြောင့် အာဏာမြန်မြန်ပြန်ပြီး လွှဲပေးဘို့လိုမယ်ဆိုတဲ့ အသိကို အာဏာရှင်တွေ သိလာနိုင်တာပေါ့ရှင်။

**ရင်** – အဲ ဒါပေမယ့်ဗျမလေးရ။ နအဖချမှတ်ပေးထားတဲ့ အမျိုးသားညီလာခံလမ်းကြောင်းအတိုင်း တိုင်းပြည်ရဲ့ ဒီမိုကရေစီရေးအပြောင်းအလဲဆိုတာကို ယုံကြည်ပြီး လုပ်သွားမယ်ဆိုရင်တော့ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြန်ပြီးအရေးယူနိုင်ဘို့ မဖြစ်နိုင်ဘူးဗျ။

**လေး** – ဘာကြောင့်ပါလိမ့် ကိုရင်မောင်။

**ရင်** – ကျွန်တော် လေ့လာလို့ရသလောက်ကတော့ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ငြိမ်းချမ်းစွာ ကူးပြောင်းတဲ့ဖြစ်စဉ်မှာ လက်ရှိအုပ်ချုပ်နေတဲ့ အာဏာရှင်တွေက ဖြစ်ပြီးခဲ့တဲ့ ဖြစ်ရပ်တွေအပေါ်နဲ့ အနာဂတ်လူ့အဖွဲ့အစည်းပြောင်းလဲသွားမယ့် လမ်းကြောင်းတွေအပေါ်မှာ တာဝန်ယူ တာဝန်ခံကြရတယ်လေ။ အခု နအဖ စီစဉ်ထားတဲ့ အမျိုးသားညီလာခံဆိုတာကြီးကို နအဖ ကိုယ်တိုင်တက်မှာမှ မဟုတ်ဘဲ။ သူတာဝန်ခံမယ်လို့ ဘယ်သူကပြောသလဲ။ တကယ်လို့များ အဲဒီကကျလာတဲ့ ဆုံးဖြတ်ချက်တွေကို နအဖ က မကြိုက်ဘူး၊ မလိုက်နာနိုင်ဘူးဆိုရင် အမျိုးသားညီလာခံတက်တဲ့ ပုဂ္ဂိုလ်တွေ ဘာဆက်လုပ်ကြမလဲ စဉ်းစားကြည့်ပါဦးဗျာ။

**လေး** – အင်း အဲဒီအချက်ကိုတော့ ကျမလည်း မစဉ်းစားကြည့်မိခဲ့သေးဘူး။ ဒါပေမယ့် ကိုရင်မောင်။ အဲဒီလမ်းကြောင်းပြမြေပုံ (Roadmap) အတိုင်းသွားပါ့မယ်လို့ နအဖ က ကမ္ဘာကို ကြေညာထားတယ် မဟုတ်လားရှင့်။

**ရင်** – အော် မလေးရယ် ၁၉၉၀ ခုနှစ်တုံးက ရွေးကောက်ပွဲကျင်းပပြီးရင် အာဏာလွှဲပေးပါ့မယ်လို့ အခုထက်ပိုပြီး ရှင်းအောင်တောင်မှ ကမ္ဘာကို ကြေညာထားခဲ့သေးတာဘဲဗျာ။ သူတို့ မျှော်လင့်သလို ရွေးကောက်ပွဲရလာဒ်ထွက်မလာတော့ ဘယ်မှာ အာဏာလွှဲပေးလို့တုန်းဗျ။ အခုလဲ အမျိုးသားညီလာခံကနေ သူ့စိတ်ကြိုက်ဖြစ်တဲ့ စစ်ဗိုလ်ချုပ်တွေဘဲ အာဏာသုံးရပ်ကို ချုပ်ကိုင်ခွင့်ရစေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာရင် ရွေးကောက်ပွဲကျင်းပပြီး အာဏာလွှဲပေးမယ်။ သူမကြိုက်တဲ့ ဖွဲ့

စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာရင် သူကိုယ်တိုင်မတက်တဲ့ မပါဝင်တဲ့အတွက် အကြောင်းတမျိုးတမည်ထပ်ပြပြီး သူတာဝန်မခံနိုင်ဘူးလို့ပြောမယ်ဆိုရင် ဘာလုပ်ကြမလဲဗျာ။

**လေး** – အမှန်မှာတော့ ကိုရင်မောင်။ နအဖ ချမှတ်ပေးထားတဲ့ အမျိုးသားညီလာခံဆိုတာ ဘယ်ဘက်ကဘဲ စဉ်းစားစဉ်းစား ပြည်သူလူထု အကျိုးစီးပွားအတွက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ထွက်လာရေးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးရယ်လို့ ကျမတို့အားလုံး နားလည်ကြဘို့ဘဲလိုတော့တာပေ့ါ ကိုရင်မောင်။ ကဲ ဒီတပတ်တော့ ဒီမှာတင်ဘဲ နိဂုံးချုပ်ကြရအောင်နော်။

**ရင်** – ကောင်းပါပြီတဲ့ဗျာ ။

## လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ပေးမည့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေ

**ရင်** – မလေးရေ၊ နအဖပိုလ်ချုပ်ကြီးများက သူတို့ချမှတ်ထားပြီးသားဖြစ်တဲ့ လမ်းကြောင်းမြေပုံခုနစ်ဆင့်အတိုင်း စတင်ဖော်ဆောင်မယ်ဆိုတဲ့အနေနဲ့ ၂၀၀၄ မေလ ( ၁၇ ) ရက်နေ့မှာ အမျိုးသားညီလာခံကျင်းပမယ်လို့ ပြီးခဲ့တဲ့ရက်ပိုင်းကမှ ကြေညာခဲ့ပြီနော်။

**လေး** – မှန်တယ်လေ ကိုရင်မောင်။

**ရင်** – ကဲ ဒီလမ်းကြောင်းပြမြေပုံအတိုင်း အမျိုးသားညီလာခံကျင်းပ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်လာအောင်လုပ်ပြီး ရွေးကောက်ပွဲ ထပ်မံကျင်းပသွားမယ်ဆိုရင် ဒီမိုကရေစီနိုင်ငံအဖြစ်ကို တကယ်ရောက်သွားတော့မယ်လို့ မလေး လက်ခံသလားဗျာ။

**လေး** – ကျမအမြင်ကိုပြောတာထက် ကိုရင်မောင့် ဖာသာ ကိုရင်မောင် အဖြေထုတ်လို့ရအောင် အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ငြိမ်းချမ်းစွာကူးပြောင်းသွားတဲ့ တိုင်းပြည်တွေရဲ့ အတွေ့အကြုံတွေအပေါ် အခြေခံပြီး အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးနဲ့ ဆက်စပ်ဆွေးနွေးပြမယ်နော်။

**ရင်** – အင်း တက္ကသိုလ် ဆရာမကြီးများဆီက ကြားလိုက်ရရင် ဆင်ကြီးဂလုန်ချီတွေ ချည်းပါဘဲလားဗျာ။ ကာလသုံးပါးဆိုပါကလား။ ဘာတွေများပါလိမ့် ဆရာမကြီးရယ်။

**လေး** – အာဏာရှင်စနစ်ရဲ့ အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ကူးပြောင်းတည်ဆောက်နိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းသွားတဲ့ တိုင်းပြည်တိုင်းမှာ **အတိတ်** မှာဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရမှု

တွေအပေါ် ဘယ်လိုကုစားပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်မလဲ။ အသွင်ကူးပြောင်းနေစဉ် **ပစ္စုပ္ပန်** ကာလအတောအတွင်းမှာ ချောမွေ့အဆင်ပြေမှုရှိအောင် အဲဒီတိုင်းပြည်မှာ အဓိက စွမ်းဆောင်လှုပ်ရှားနေကြတဲ့ နိုင်ငံရေးအင်အားစုတွေအတွင်းမှာ တိုင်းပြည်ရဲ့ အုပ်ချုပ်မှုအာဏာကို ဘယ်လိုခွဲဝေကျင့်သုံးပြီး တိုင်းပြည်တည်ငြိမ်မှုရအောင် ထိမ်းသိမ်းသွားမလဲ။ အဲဒီလို ထိမ်းသိမ်းထားရင်း လူထုဆန္ဒသဘောထားအခြေခံကို ရအောင်ယူပြီး **အနာဂတ်** တိုင်းပြည်အတွက် ဘယ်လိုအုတ်မြစ်ချသွားမလဲဆိုတာကို စဉ်းစားဖော်ဆောင်ကြရတယ်ရှင်။ ကဲ ကိုရင်မောင်ဘဲ စဉ်းစားကြည့်ပါဦး။ နအဖ ချမှတ်ပေးထားတဲ့ အမျိုးသားညီလာခံကစတဲ့ လမ်းကြောင်းပြမြေပုံ ခုနစ်ဆင့်ဟာ အဲဒီကာလသုံးပါး အခြေခံကို လွှမ်းခြုံမိရဲ့လား ဆိုတာကို။

**ရင်** – ကိုင်း မလေးပြောသလို လိုက်ပြီးစဉ်းစားကြည့်မယ် ဗျာ။ နအဖ အမျိုးသားညီလာခံလမ်းကြောင်းအတိုင်းသွားရင်တော့ အတိတ်မှာဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရမှုတွေအပေါ် ကုစားခွင့်ရဘို့ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျ မလေးရ။

**လေး** – ဘာကြောင့်တုန်း ကိုရင်မောင်။

**ရင်** – နအဖ က အတိတ်မှာဖြစ်ပြီးခဲ့တာတွေကို ပြည်ဖုံးကားချဘို့ အမြဲဘဲကြိုးစားနေတာ မလေး အသိဘဲဟာဗျာ။ ပြီးတော့ အနာဂတ် ဖွဲ့စည်းပုံအတွက်ကိုဘဲ ဦးတည်ပြီး အမျိုးသားညီလာခံမှာ ဆွေးနွေးကြဘို့ နအဖပိုလ်ချုပ်ကြီးများက တလျှောက်လုံး မိန့်ကြားနေခဲ့ကြတာ မဟုတ်လားဗျ။ အတိတ်မှာ ပြည်သူတွေ ကျူးလွန်ခံခဲ့ရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြန်လည်ကုစားနိုင်ဘို့ ဆွေးနွေးခွင့်ရနိုင်ဘို့ ဆိုတာ ဝေးသေးပေ့ါ မလေးရာ။ အမျိုးသားညီလာခံတက်ရင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခွင့်ရဘို့၊ ဆွေးနွေးချက်တွေကိုလည်း ပြည်သူတွေသိအောင်လုပ်ဖို့ ကြိုးစားခဲ့တဲ့ ဒေါက်တာအောင်ခင်ဆင့်တယောက် ထောင်အနှစ်နှစ်ဆယ် ချခံလိုက်ရတာ မလေးအသိ မဟုတ်လားဗျ။

**လေး** – ပြီးခဲ့တဲ့ရက်ပိုင်းကတင် ကရင်အမျိုးသမီးအစည်းအရုံးက ထုတ်ပြန်ခဲ့တဲ့ သုတေသနပြုချက်အရ လက်လှမ်းမီသလောက် ကောက်ယူစာရင်းပြုစုတာတောင် နအဖ စစ်တပ်က မုဒိန်းပြုကျင့်တာခံလိုက်ရတဲ့ ကရင်အမျိုးသမီးဦးရေ ( ၁၂၅ ) ဦးရှိသတဲ့ ကိုရင်မောင်။ တချို့ဆိုရင် သူမရဲ့မိသားစုရှေ့မှာတင် လူမဆန်အောင်ကို ရက်ရက်စက်စက် ပြုကျင့်ခံလိုက်ရဆိုဘဲနော်။ ဒီမုဒိန်းပြုကျင့်ခံလိုက်ရတဲ့ကိစ္စဟာ ပြည်သူတွေခံလိုက်ရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအနက်က တခုဘဲရှိသေးတယ်ရှင့်။ ဒီကိစ္စတွေကို တတ်နိုင်သမျှ ပြန်လည် အရေးယူ ဆောင်ရွက်မပေး၊ တာဝန်ရှိသူတွေကို အရေးမယူ၊ ဘဝနစ်နာပျက်စီးဆုံးရှုံးသွားတဲ့ ပြည်သူတွေကို ထိုက်သင့်သလို ပြန်လည်ကုစားမပေးဘဲ ဘယ်လိုလုပ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး

ရနိုင်ပါ့မလဲရှင်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲနဲ့ ရေရှည်တည်တန့်ခိုင်မြဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုလုပ်ပြီး ရေးထုတ်နိုင်ပါ့မလဲ ကိုရင်မောင်ရယ်။

**ရင်** – အင်း မလေးရေ။ ဆွေးနွေးရင်း ဆွေးနွေးရင်းနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံကို နည်းနည်းကလေးတော့ သဘောပေါက်လာပြီလို့ ယူဆသဗျာ။ တကယ်တော့ ခေါင်းဆောင်အဆင့်ရှိတဲ့ ပုဂ္ဂိုလ်တွေအချင်းချင်းအကြားမှာ အကျိုးစီးပွားခွဲဝေတဲ့နည်းနဲ့ သင့်မြတ်သွားကြတာဟာ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးမဟုတ်ဘဲကိုး။ ဆက်ပြီးတော့မေးခြင်တာ ရှိသေးသဗျာ။ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို မျှော်မှန်းပြီး ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အ ရေးချိုးဖောက်မှုတွေကို ပြန်လည်ကုစားပေးဘို့ ကြိုးစားတဲ့နေရာမှာ အနာဂတ်အတွက် အခြားဘာတွေများ ကောင်းကျိုးတွေရနိုင်သေးသလဲဗျာ မလေးရာ။

**လေး** – အနာဂတ်အတွက် ကောင်းကျိုးတွေ အများကြီးရှိတဲ့အနက်က အဓိကကျတဲ့ တခုကို ပြောပြမယ်နော် ကိုရင်မောင်။ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြန်လည်အရေးယူဆောင်ရွက်တဲ့အခါမှာ အောက်ခြေပြည်သူတွေရဲ့ ဆုံးရှုံးသွားခဲ့တဲ့ အခွင့်အရေးတွေနဲ့ပတ်သက်ပြီး တာဝန်ရှိမှုတွေကို ဖော်ထုတ်ပေးနိုင်လာမယ်ရှင့်။ အဲဒါတင်သာမက ဒီလို လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျူးလွန်ခဲ့တဲ့အချိန်တုံးက အုပ်ချုပ်မှုယန္တ ယားတွေကို ဘယ်လို ဖွဲ့စည်းလည်ပတ်စေခဲ့တယ်။ အမိန့်ပေးစနစ်က ဘယ်လိုဖြစ်တယ်။ လျှို့ဝှက်အကျဉ်းစခန်းတွေ၊ လျှို့ဝှက် ဆက်သွယ်ရေးစခန်းတွေကို ဘယ်မှာထားရှိခဲ့တယ်။ ဘဏ္ဍာငွေကြေးကို ဘယ်ကနေစီးဆင်းစေတယ်။ ဘယ်သူတွေကို ဘယ်လိုရွေးချယ် လေ့ကျင့်တာ ဝန်ပေးခဲ့တယ်။ စသဖြင့်အခုအချိန်အထိ ကျမတို့ပြည်သူတွေ ဘာမှသိခွင့်မရှိတဲ့ လျှို့ဝှက် ဖိနှိပ်မှုယန္တ ယားကြီးတခုလုံးကို ဖော်ထုတ်သိရှိခွင့်ရလာနိုင်တယ်။ အဲဒီသိရှိမှုအပေါ်အခြေခံပြီးနောင်ကို ဒီလိုအခွင့်အရေးဆုံးရှုံးမှုတွေ ထပ်ပြီးမဖြစ်ရအောင် လူ့အဖွဲ့အစည်းအဟောင်းက အုပ်ချုပ်မှု ယန္တ ယားအဟောင်းတွေကို ပြန်ပြီးပြင်ဆင်ပေးဘို့ (Institutional Reform) အဖြစ်နဲ့ လိုအပ်တာတွေကို ထိထိရောက်ရောက် လုပ်ဆောင်ခွင့်ရလာနိုင်တယ် ကိုရင်မောင်။

**ရင်** – အော် ဒီလိုလားဗျ မလေးရေ။ အင်း ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြန်လည်အရေးယူဆောင်ရွက်နိုင်တဲ့အခါ ချိုးဖောက်ခံလိုက်ရတဲ့ ပြည်သူတွေအတွက် တရားမျှတမှုကို ရှာဖွေပေးနိုင်ရုံသာမကဘူး။ ချိုးဖောက် ကျူးလွန်မခံရသေးတဲ့ ပြည်သူတွေအတွက်ပါ နောင်ကို ဒါမျိုးတွေမဖြစ်အောင် ကာကွယ်နိုင်ဘို့ တိုင်းပြည်အုပ်ချုပ်ရေး ယန္တ ယားအသစ်တွေပါ တပ်ဆင်လာနိုင်မယ့်အခြေအနေရောက်သွားတော့ တာကိုးဗျ။

**လေး –** မှန်တာပေါ့ ကိုရင်မောင်။ အဲဒီလိုစဉ်းစားချက်တွေ ရှိလာတော့မှ ငါတို့ အခုရေးဆွဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နောင်ကို လူ့အခွင့်အရေးဆုံးရှုံးမှုတွေ ထပ်ပြီးဖြစ်ပွားခဲ့ရင် အရေးယူဆောင်ရွက်နိုင်မယ့်အနေအထားရှိတဲ့ တိုင်းပြည် အဆောက်အအုံသစ် ( New Governmental Institutions ) တွေ ဘယ်လိုဖွဲ့စည်းတည်ဆောက်သင့်တယ်။ အဲဒါတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုထည့်သွင်းပြဋ္ဌာန်းသင့်တယ်ဆိုတာ ဆွေးနွေးလာနိုင်ကြမှာပေါ့ရှင်။ ကိုရင်မောင် သတိထားမိသလား။ အဲသလိုစဉ်းစားချက်တွေ မရှိသေးတော့ ၁၉၄၇ ကနေ ၁၉၈၈ ခုနှစ်အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ တက်ရောက်ခဲ့တဲ့ ဘယ်ကိုယ်စားလှယ်တဦးတယောက်ကမှ ဒီလို အရေးယူဆောင်ရွက်သင့်တယ်ဆိုတဲ့အကြောင်း တင်ပြဆွေးနွေးခဲ့တာ မကြားမိခဲ့ဘူးလေ ကိုရင်မောင်။

**ရင် –** ဟုတ်ပြီ မလေးရေ။ တကယ်တော့ အတိတ်ကဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ရပ်တွေကို ပြန်လည်လေ့လာဖော်ထုတ် သုံးသပ်အဖြေရှာနိုင်မှသာ အနာဂတ်လူ့အဖွဲ့အစည်းမှာ ဖိနှိပ်မှုယန္တ ယားတွေ ဆက်လက် မတည်ရှိတော့မှာဖြစ်ပြီး စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ခုတ်မြစ်ချနိုင်မှာကိုးဗျ။ ဒီကိစ္စဟာ အခုလောလောဆယ် ပစ္စုပ္ပန်ကာလမှာကို ဖြေရှင်းကိုင်တွယ်လုပ်ဆောင်ရမှာ မဟုတ်လားဗျ။ မလေးပြောချင်တဲ့ အတိတ် ပစ္စုပ္ပန် အနာဂတ် ဟာ ဒီသဘောများလားဗျာ။

**လေး –** အမှန်ဘဲပေါ့ ကိုရင်မောင်။ ဒါမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေး ရေမြေကောင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေလို့ခေါ်တဲ့ အပင်ကလေး ရှင်သန်ကြီးထွားလာနိုင်မှာဖြစ်တယ် ကိုရင်မောင်။

**ရင် –** အင်း တကယ်တော့ဗျာ မလေးရာ။ နအဖ စီစဉ်ခင်းကျင်းထားတဲ့ အမျိုးသားညီလာခံမဟုတ်ဘဲ စစ်မှန်တဲ့ အမျိုးသားညီလာခံကို စောင့်မျှော်နေကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ ဖြစ်စေ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပပြီး တိုင်းပြည်အပြောင်းအလဲကို ဖော်ဆောင်သွားချင်ကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဖြစ်စေ၊ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဘယ်လိုအရေးယူဆောင်ရွက်သင့်တယ်၊ အနာဂတ်မှာ ဒါမျိုးတွေထပ်မဖြစ်အောင် ကာကွယ်ပေးနိုင်ဘို့ တိုင်းပြည်အဆောက်အအုံယန္တ ရားအသစ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုထည့်သွင်းပြဋ္ဌာန်းသင့်တယ်ဆိုတာတွေကို မိမိတို့အချင်းချင်းရော၊ လူထုနဲ့ပါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင် အဖြေရှာသင့်တဲ့ အချိန်ရောက်ပြီလို့ ယူဆသဗျာ။

**လေး –** အမှန်ဆုံးဘဲပေါ့ ကိုရင်မောင်။ ဒါမှသာ လူထုအခြေခံကလူ့အဖွဲ့အစည်းရဲ့ အခြေခံကိုလည်း တည်ဆောက်ရာကျနိုင်တာပေါ့ရှင်။ ကဲ ဒီတပတ်တော့ ဒီမှာဘဲ ရပ်ကြရအောင်နော်။

**ရင် –** ကောင်းပါပြီတဲ့ဗျာ။

## ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆီအာရာလီယွန်း အတွေ့အကြုံ

**ကိုရင်မောင်** – မလေးရေ၊ ပြီးခဲ့တဲ့ကာလမှာ ဖြစ်ပွားကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုကြီးတွေအကြောင်းကို ဆွေးနွေးတိုင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့စကားကို နိုင်ငံရေးခေါင်းဆောင်ကြီးများကိုယ်တိုင်က အလွယ်တကူပြောကြတာတွေ ကြားဘူးသဗျ။ အဲဒါ ဘာကိုဆိုလိုတာလဲဆိုတာ နည်းနည်းလောက် ရှင်းပြပါလားဗျာ။

**မလေး** – လွတ်ငြိမ်းချမ်းသာခွင့် ဆိုတဲ့စကားကို အလွယ်တကူ သုံးနှုန်းကြတာ ကြားလိုက်မိတဲ့အခါတိုင်း ကျမလည်း စိတ်မကောင်းဖြစ်မိတယ် ကိုရင်မောင်။ ဥပဒေ အသုံးအနှုန်းအရ ပြောရမယ်ဆိုရင် လွတ်ငြိမ်းချမ်းသာခွင့် Amnesty ဆိုတာနဲ့ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် Pardon ဆိုတာ မတူဘူးလို့ ပညာရှင်တွေက ထောက်ပြကြတယ် ကိုရင်မောင်။

**ရင်** – ဟုတ်သလားဗျ မလေးရ။ ဘယ်လိုများ ကွဲသလဲဗျာ။

**လေး** – လွတ်ငြိမ်းချမ်းသာခွင့် Amnesty ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ဟာ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို တရားဝင်တားမြစ်လိုက်တာဖြစ်တယ်။ ဆိုလိုတာကတော့ ပြစ်မှုကျူးလွန်သူတွေအပေါ် ဘာမှကို စစ်တာဆေးတာ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တာမရှိဘဲ လွတ်ငြိမ်းခွင့်ပေးလိုက်တာဖြစ်တယ်ရှင့်။ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် Pardon ဆိုတာကတော့ ပြစ်မှုကျူးလွန်သူတွေအပေါ် စုံစမ်းစစ်ဆေး ပြစ်ဒဏ်စီရင်ပြီးမှ သူတို့ကိုချမှတ်ထားတဲ့ ပြစ်ဒဏ်ကနေ လွတ်ငြိမ်းခွင့်ပြုလိုက်တာဖြစ်တယ်လို့ ရှင်းပြကြတယ်လေ။

**ရင်** – အင်း ကျွန်တော် စဉ်းစားမိလာပြီထင်တယ်ဗျာ။ အမှန်တကယ်တော့ ပြစ်မှုကျူးလွန်ခဲ့သူတွေအပေါ် ပြစ်ဒဏ်စီရင်မှသာ ဥပဒေစိုးမိုးရေးအခြေခံကို တည်ဆောက်ရာရောက်နိုင်မယ် မဟုတ်လားဗျ။ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားခဲ့ပေမယ့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ပြစ်ဒဏ်ကနေ လွတ်ငြိမ်းခွင့် ပေးတဲ့ Pardon ကို စဉ်းစားတယ်ဆိုတာ သဘာဝကျနိုင်သေးတာပေ့ါဗျာ မလေးရာ။ အခုတော့ဘာမှကို စုံစမ်းစစ်ဆေး အရေးယူတာမျိုးမရှိဘဲနဲ့ လွတ်ငြိမ်းချမ်းသာခွင့် Amnesty ပေးရမယ်ဆိုတဲ့ ကိစ္စမျိုးကတော့ မဖြစ်သင့်ဘူးလို့ ထင်တာဘဲဗျာ။

**လေး** – မြန်မာနိုင်ငံမှာ အာဏာရနေတဲ့ စစ်အစိုးရနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးနိုင်ဘို့ စစ်အစိုးရအတွက်ကိုရော စစ်အစိုးရကို ဆန့်ကျင် တိုက်ပွဲဝင်နေသူတွေအတွက်ကိုပါ ဥပဒေပြဋ္ဌာန်းပြီးတော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးဘို့ လိုတယ်ဆိုတဲ့လမ်းကြောင်းကို ဆွေးနွေးကြတာ ကိုရင်မောင် ကြားမိတယ် မဟုတ်လားရှင့်။

**ရင်** – ကြားမိရုံကပဲ့ မလားဗျာ။ စစ်အစိုးရလုပ်ဆောင်ခဲ့သမျှတွေအပေါ်မှာ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ မက်လုံးပေးပြီး ဒီမိုကရေစီရေး အပြောင်းအလဲဖြစ်အောင် လုပ်ရမယ်လို့ ကြွေးကြော်နေကြသူတွေလည်း ရှိပေ့ဗျာ မလေးရာ။

**လေး** – ကျမကတော့ ဒီလို မယူဆဘူး ကိုရင်မောင်။ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စကို များများပြောလေလေ ငါတို့ဘယ်လောက် ဘယ်လိုမျိုး ပြစ်မှုတွေကျူးလွန်နေပါစေ တနေ့ကျရင် လွတ်ငြိမ်းချမ်းသာခွင့်ရမှာဘဲဆိုတဲ့အသိက ပြစ်မှုကျူးလွန်သူတွေဆီမှာ များလာလေလေဖြစ်ပြီး ပြစ်မှုတွေ ဆက်လက်ကျူးလွန်ဘို့ အားပေးရာရောက်တယ် ကိုရင်မောင်။

**ရင်** – အင်းဗျ။ ဒါကြောင့် ပြောတာပေါ့။ တကယ်တော့ လွတ်ငြိမ်းချမ်းသာခွင့်အစား လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခဲ့ကြသူတွေဟာ တချိန်ကျရင် ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံကြရတယ်ဆိုတဲ့ သတင်းစကားကို နအဖ ဗိုလ်ချုပ်တွေ ရှင်းရှင်းကြားအောင် ထပ်ခါထပ်ခါ ပြောပေးနေဘို့ကို လိုမယ်လို့ ယူဆသဗျာ။

**လေး** – မှန်တာပေါ့ ကိုရင်မောင်။ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် အရေးယူဆောင်ရွက်ရတယ်ဆိုတဲ့အကြောင်း တောင်အာဖရိက၊ ချီလီ၊ အာဂျင်တီးနားစတဲ့ တိုင်းပြည်တွေက ထင်ထင်ရှားရှား သာဓကတွေထုတ်ပြီး ဆွေးနွေးခဲ့ပြီးပြီနော်။ အခြားတိုင်းပြည်တွေမှာလဲ အများကြီးရှိတယ်လေ။

**ရင်** – ဟုတ်တယ်လေဗျာ မလေးရာ။ အခုတော့ဗျာ နအဖ က ဒီကနေ့ရောက်တဲ့ အချိန်အထိမှာ အရင်တုံးက တိုင်းပြည်မှာ ဘာမှမဖြစ်ခဲ့တဲ့ပုံမျိုးနဲ့ မသိချင်ယောင်ဆောင်ကျော်လွှားပြီး အမျိုးသားညီလာခံကနေ အနာဂတ်ဖွဲ့စည်းပုံကို ရေးဆွဲသွားတော့မလို့ဆိုကိုးဗျ။ ဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် နိုင်ငံတကာဥပဒေအရ အရေးမယူဘဲ နေလို့ကိုမရဘူးလို့ ပြောလို့ ရမလားဗျာ။

**လေး** – ရတာပေါ့ ကိုရင်မောင်။ ဒါပေမယ့် လူ့အခွင့်အရေးချိုးဖောက်မှုတိုင်းတော့ မဟုတ်ဘူးရှင့်။ သက်ဆိုင်ရာ တိုင်းပြည်အတွင်းမှာ ဘယ်လောက်ဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးချင်ပေမယ့် Genocide လို့ခေါ်တဲ့ လူမျိုးတုံးသတ်ဖြတ်မှု၊ Convention Against Torture လို့ခေါ်တဲ့ ရက်စက်ကြမ်းကြုတ် လူမဆန် လူ့ဂုဏ်သိက္ခာကို ငြိုးနွမ်းစေတဲ့ နှိပ်စက်ညှဉ်းပမ်းမှု၊ Crime Against Humanity လို့ခေါ်တဲ့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှု War Crime လို့ခေါ်တဲ့ စစ်ရာဇဝတ်မှုဆိုတဲ့ ပြစ်မှုကြီးတွေကို နိုင်ငံတကာ ဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့် ပေးခွင့် လုံးဝမရှိဘူး ကိုရင်မောင်။

**ရင်** – ဟုတ်သလားဗျ မလေးရ။ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စကို ပရိတ်ရွတ်သလို တတွတ်တွတ်ရွတ်ဆိုနေကြတဲ့ ကျွန်တော်တို့ နိုင်ငံရေးခေါင်းဆောင်ကြီးများ စဉ်းစားစရာရတာပေါ့ဗျာ။ သာဓကအဖြစ်နဲ့ တိုင်းပြည်တခုလောက်များ ပြောပြလို့ ရမလားဗျာ။

**လေး –** ရဝတာပေါ့ကိုရင်မောင်။ ဆီအာရာလီယွန်းဆိုတဲ့ နိုင်ငံမှာ နှစ်ဘက်တိုက်ခိုက်နေကြတဲ့ သူပုန်နဲ့ အစိုးရတွေ တွေ့ဆုံဆွေးနွေးကြပြီး ပြည်တွင်းစစ်ကို ရပ်ဘို့ကြိုးစားခဲ့ကြတယ်ရှင့်။ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လထဲမှာ Lome Peace Accord ဆိုတဲ့ လိုမီငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီး နှစ်ဘက်စလုံးက ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို အကြွင်းမဲ့လွတ်ငြိမ်းချမ်းသာခွင့် Blanket Amnesty ပေးခဲ့ကြတယ် ကိုရင်မောင်။ ဒါပေမယ့် နှစ်ဘက်ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကြီးတွေဟာ နိုင်ငံတကာဥပဒေ က တားမြစ်ထားတဲ့ မှုခင်းကြီးတွေဖြစ်တာကြောင့် ကုလသမဂ္ဂက လက်မခံခဲ့ဘူးလေ။ ပြီးတော့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအမံနဲ့ ဆီအာရာလီယွန်း အထူးတရားရုံးဖွဲ့စည်း စုံစမ်းစစ်ဆေးစေခဲ့တာ တဆယ့်ရှစ်လလောက် ရှိသွားခဲ့ပြီရှင့်။

**ရင် –** အေးဗျာ။ ဒီသတင်းဟာ လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရသူတွေ အတွက်တော့ အားတက်စရာကြီးဘဲပေါ့ မလေးရာ။ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကြီးတွေကို အရေးမယူဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စတွေကို ဆက်လက်ဆောင်ရွက်လို့မရဘူးဆိုတာ ရှင်းနေတာပေါ့ဗျာ။ အမျိုးသားညီလာခံတက်ဘို့ တပြင်ပြင်လုပ်နေကြတဲ့ အပြစ်အခတ်ရပ်စဲရေးလုပ်ထားကြတဲ့ ခေါင်းဆောင်တွေအနေနဲ့ လူထုတွေအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကြီးတွေအကြောင်း ဘာတွေများ ဆွေးနွေးကြမလဲဆိုတာ သိချင်စမ်းပါ့ မလေးရာ။ သူတို့မှာ တာဝန်ရှိတယ်မဟုတ်လားဗျ။

**လေး –** ကိုရင်မောင် က သတင်းထောက်ကြီးဘဲ။ သိချင်ရင် လှမ်းပြီးမေးကြည့်ပေါ့ရှင်၊ အမျိုးသားညီလာခံတက်မယ်လို့ ကြေညာထားပြီး ဖိတ်စာရထားပြီးဖြစ်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ဆက်သွယ်မေးကြည့်လို ရနိုင်တာဘဲ မဟုတ်လား။

**ရင် –** အင်းဗျာ။ ကျွန်တော်လည်းဘဲ ဒီလိုဘဲ စဉ်းစားကြည့်မိသဗျာ။ တတိုင်းပြည်လုံးပြည်သူတွေအတွက် အရေးကြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာတွေ ဆွေးနွေးကြတယ်ဆိုတာဟာ ကြိတ်ဝိုင်းတွေတော့ မဖြစ်သင့်ဘူးလေ။ ပြည်သူတွေမှာ The Right to know လို့ခေါ်တဲ့ သိခွင့်ရှိသင့်သလို အကြံပေးခွင့်လည်း ရှိသင့်တယ်မဟုတ်လား။ သိမှသာ အကြံပေးနိုင်မှာပေါ့ဗျာ။

**လေး –** မှန်တာပေါ့ ကိုရင်မောင်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက အခုအချိန်အထိ ပြည်သူတွေက ဘာမှမသိရှာကြဘူးဗျာ။ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဘဲ ဖြစ်ဖြစ်၊ စစ်မှန်တဲ့ အမျိုးသားညီလာခံဘဲဖြစ်ဖြစ် လူတစု ဆွေးနွေးပွဲမျိုးတော့ မလုပ်သင့်။ လူထုဆွေးနွေးပွဲမျိုးဖြစ်လာအောင်လုပ်ဘို့ ကြိုးစားသင့်ကြတာပေါ့နော်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ နအဖ နဲ့ နိုင်ငံရေးခေါင်းဆောင်တွေကြားထဲမှာ ပြန်လည်သင့်မြတ်ရေး သက်သက်မဟုတ်ဘူးနော်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံနဲ့

ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူဘို့ ကြိုးစားတဲ့နေရာမှာ ဘက်နှစ်ဘက်ရှိတယ်ရှင့်။ တဘက်မှာ တရားမျှတမှုကို ရှာဖွေဘို့ဖြစ်တယ်။ အခြား တဘက်ကတော့ ပြန်လည်သင့်မြတ်ရေးရအောင် စွမ်းဆောင်သွားဘို့ဖြစ်တယ် နော်။ ပြန်လည်သင့်မြတ်ရေးဘို့ တရားမျှတမှုကိုစွန့်လွှတ်ဘို့မဟုတ်ဘူးရှင့်။ တရား မျှတမှုရဘို့ ပြန်လည်သင့်မြတ်ရေးလုပ်ဘို့သာ ဖြစ်တယ်နော်။

**ရင်** – ကဲ ကဲ မလေးရေ ဆွေးနွေးလို့တော့ ကောင်းပါ့ဗျာ။ အချိန်လဲ လင့်သွားပြီမို့လို့ ဒီတပတ်တော့ ဒီမှာဘဲ ရပ်ကြဦးစို့လား။

**လေး** – ကောင်းပါပြီတဲ့ရှင်။

## အတိတ်နှင့်ပစ္စုပ္ပန်ကို လစ်လျူရှုထားသော နအဖ အမျိုးသားညီလာခံ၏ တရားဝင်မှု

**ကိုရင်မောင်** – မလေးရေ ပြီးခဲ့တဲ့အပတ်က မလေးဆွေးနွေးခဲ့တာ အာဏာရှင်စနစ် အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ကူးပြောင်းတဲ့အခါမှာ နိုင်ငံတကာဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ကိုမရတဲ့ ပြစ်မှုကြီး တွေရှိတယ်မဟုတ်လားဗျာ။

**မလေး** – ဟုတ်တယ်လေ ကိုရင်မောင်။ လူမျိုးတုံးသတ်ဖြတ်မှု၊ လူမဆန်အောင် နှိပ်စက်ညှဉ်းပမ်းမှု၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုနဲ့ စစ်ရာ ဇဝတ်မှုတွေ ဖြစ်တယ်ရှင့်။ အဲဒီ ပြစ်မှုကြီးတွေနဲ့ပတ်သက်ပြီး သက်ဆိုင် ရာနိုင်ငံရဲ့ ပြည်တွင်းက နိုင်ငံရေးခေါင်းဆောင်တွေ ဘယ်လောက်ဘဲဆန္ဒ ရှိပေမယ့် လွတ်ငြိမ်းချမ်းသာခွင့် ပေးလို့ကိုမရဘူးလို့ သိရတယ် ကိုရင် မောင်။

**ရင်** – လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်းက လူထုခေါင်းဆောင် တယောက် ရေဒီယိုကနေ ပြောကြားသွားတာ ကြားလိုက်မိသေးဗျ။

**လေး** – ဘာများပါလိမ့်ကိုရင်မောင်။

**ရင်** – အော်၊ ၁၉၉၀ မေလရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ လူထုကိုယ် စားလှယ်တွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမယ့် အမျိုးသားညီလာ ခံမှာ တက်ရောက်ခွင့်ရဘို့လိုတယ်။ ပြည်ပရောက်နေတဲ့ ကိုယ်စားလှယ်တွေ ပြန် လာပြီး တက်နိုင်ဘို့ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာပေးသင့်တယ်ဆိုတာလေဗျာ။

**လေး** – အင်း အဲဒီပြောဆိုချက်မှာ ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေအားလုံး ဖွဲ့စည်းပုံအ ခြေခံဥပဒေရေးဆွဲတဲ့နေရာမှာ ပါသင့်တယ်ဆိုတဲ့အချက်ကတော့ မှန်တာပေါ့နော်။

ဥပဒေနဲ့အညီ တရားဝင်ဖြစ်တဲ့ အချက်ကိုလည်း ထောက်ပြလိုက်တာဘဲပေါ့။ ဒါပေမယ် သူတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးဆိုတဲ့ကိစ္စကတော့ တမျိုးဖြစ်သွားတယ်လို့ ကျမယူဆတယ်လေ။ တကယ်တော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်ဆိုတာဟာ ဘယ်တိုင်းပြည်မှာမဆို ဖြစ်မှုကျူးလွန်သူတွေအပေါ်မှာဘဲ စဉ်းစားရတာဖြစ်တယ်ရှင့်။ အဆိုပြုတင်ပြတဲ့ ပုဂ္ဂိုလ်ရဲ့ စေတနာကိုတော့ ကျမတို့လေးစားပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့ အမျိုးသားညီလာခံတရပ်သာဖြစ်မယ်ဆိုရင် အမှန်တကယ် ပြည်ပရောက်နေတဲ့ ကိုယ်စားလှယ်တွေ ပြန်လာပြီးတက်နိုင်ဘို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးဘို့ မလိုဘူးလေ ကိုရင်မောင်။

**ရင်** – ဒါဖြင့်ရင် လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စဟာ နအဖ ဗိုလ်ချုပ်ကြီးတွေအပေါ်ကိုဘဲ ပေးသင့်မသင့် စဉ်းစားရမှာ ဖြစ်တယ်လို့ မလေးပြောချင်သလားဗျာ။

**လေး** – ဒီလို ဘက်တဘက်ထဲတော့လည်း မဟုတ်ပြန်ဘူးရှင့်။ လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်သူတွေအပေါ် အရေးယူဘို့ စဉ်းစားတဲ့နေရာမှာ တိုင်းပြည်ရဲ့အာဏာကို ချုပ်ကိုင်အုပ်ချုပ်နေသူတွေအပေါ် အဓိကတာဝန်ရှိသူ State Actor တွေအဖြစ်နဲ့ စဉ်းစားရမှာဖြစ်သလို ဆန့်ကျင်ဘက်အင်အားစုတွေထဲက ကျူးလွန်ချိုးဖောက်မှုတွေရှိရင်လည်း Non-State Actor တွေအဖြစ်နဲ့ စဉ်းစားရလေ့ရှိတယ်။ သူတို့ဘက်နှစ်ဘက်လုံးဟာ ဘယ်လိုမျိုး လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်မှုတွေ ရှိခဲ့သလဲ။ ဘယ်ကိစ္စမျိုးကို ဘယ်လိုအရေးယူဆောင်ရွက်မလဲ။ ဘယ်ကိစ္စမျိုးကိုတော့ ဘယ်လိုလွတ်ငြိမ်းချမ်းသာခွင့်ပေးမလဲဆိုတာတွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းအဖြေရှာကြရတယ်ရှင့်။

**ရင်** – အော် မလေးရေ။ လူ့အခွင့်အရေးချိုးဖောက်ခံရသူတွေအတွက် တရားမျှတမှု ရရှိရေး (Justice) နဲ့ နိုင်ငံရေးအင်အားစုတွေအကြားမှာ ပြန်လည်သင့်မြတ်ရေး (National Reconciliation) ကိစ္စရပ်နှစ်ခုလုံးကို တပြိုင်နက်ထဲမှာ ဖြေရှင်းနိုင်ဘို့ ကြိုးစားရတာ မလွယ်ပါဘဲကလားဗျာ။

**လေး** – လွယ်တော့ မလွယ်ဘူးပေါ့ ကိုရင်မောင်။ နှစ်ပေါင်း ဆယ်စုနှစ်အတော်များများ တောက်လျှောက်ဖြစ်ပွားခဲ့တဲ့ ကိစ္စရပ်တွေကို ချက်ချင်းကြီးတော့ ဖြေရှင်းလို့ ဘယ်ရနိုင်ပါ့မလဲ။ ဒါပေမယ့် အရေးကြီးတာက ဖြေရှင်းနိုင်ဘို့ ကြိုးစားတဲ့နေရာမှာ လမ်းကြောင်းမှန်ဘို့ပေါ့နော်။

**ရင်** – အခု နအဖက ကျင်းပဘို့ကြိုးစားနေတဲ့ အမျိုးသားညီလာခံဟာ လမ်းကြောင်းမမှန်ဘူးလို့ မလေးပြောချင်သလားဗျာ။

**လေး** – နအဖ အတွက်ကတော့ လမ်းကြောင်းအမှန်ဆုံးပေါ့ ကိုရင်မောင်။ တိုင်းပြည်အတွက်နဲ့ လူထုအတွက်ကတော့ လမ်းကြောင်းလွဲရုံသာမက ချောက်ထဲကို တည့်တည့်ကြီးကျမယ့်လမ်းကြောင်းဘဲပေါ့။

**ရင်** – ဘာကြောင့် မလေးက ဒီလိုပြောနိုင်သလဲဗျာ။

**လေး** – ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြီးခဲ့တဲ့ကာလကဖြစ်ရပ်တွေကို ပြန်လည်သုံးသပ်အဖြေရှာ၊ လူ့အဖွဲ့အစည်းမှာ လက်ရှိရင်ဆိုင်နေရတဲ့ ပြဿနာတွေကို လေ့လာပြီး အနာဂတ်မှာ ဆောက်သင့်တဲ့အိမ်ကြီးအတွက် အကောင်းဆုံးဖြစ်အောင် အုတ်မြစ်ချကြရတယ်လေ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်သူတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ဘယ်လိုကာကွယ်မယ်ဆိုတာ စဉ်းစားနိုင်ဘို့ အတိတ်မှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ သိဘို့လိုတယ် ကိုရင်မောင်။ အခု နအဖ အမျိုးသားညီလာခံမှာ ပြီးခဲ့တဲ့ကာလက ဖြစ်ရပ်တွေအပေါ် သုံးသပ်အဖြေရှာခွင့် မပေး၊ လူ့အဖွဲ့အစည်းမှာ လက်ရှိရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုလည်း ဆွေးနွေးခွင့်မပြုဘဲနဲ့ ဘယ်လိုလုပ်ပြီး အနာဂတ်အတွက် သင့်မြတ်ကောင်းမွန်တဲ့ အခြေခံအုတ်မြစ်ချနိုင်ပါ့မလဲရှင်။ ဒါကြောင့် အရင်မူဟောင်းလုပ်ထုံးလုပ်နည်းဟောင်းအတိုင်း သွားမယ်ဆိုရင်တော့ ညီလာခံကို ပြန်မတက်နိုင်ဘူးဆိုတာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဧပြီလ ( ၁၆ ) ရက်နေ့က ကြေညာထားခဲ့ပြီးပြီလေ။

**ရင်** – အဲဗျ မလေးရ။ ဧပြီလ ( ၁၉ ) ရက်နေ့ကတင် အရင်ချထားပြီးသား ဦးတည်ချက်တွေ လုပ်ထုံးလုပ်နည်းတွေနဲ့ ကိုယ်စားလှယ်ရွေးချယ်မှုတွေအတိုင်းဘဲ သွားမယ်လို့ နအဖ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ကြေညာခဲ့ပြန်ဆိုဘဲဗျ။ အင်း နအဖအမျိုးသားညီလာခံ လမ်းကြောင်းအတိုင်းသွားမယ်ဆိုရင်တော့ ပြည်သူတွေခံစားခဲ့ရတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဘယ်လိုမှ အရေးယူဆောင်ရွက်ခွင့်ရမှာမဟုတ်သလို၊ အနာဂတ်မှာ ဒါမျိုးတွေထပ်ပြီးမဖြစ်အောင် ကာကွယ်နိုင်ဘို့လည်း ဖွဲ့စည်းပုံမှာ ဘာမှထည့်သွင်းပြဋ္ဌာန်းလို့ ရမှာမဟုတ်ဘူးဆိုတာ ပိုပြီးရှင်းလာတာပေါ့ဗျာ။

**လေး** – တရားဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို တရားဝင်ဖြစ်တဲ့ အခြေခံတရပ်ကသာ မွေးဖွားပေးနိုင်တယ် ကိုရင်မောင်။ ဒီကြေညာချက် နှစ်စောင်ထွက်အပြီးမှာ Legitimacy Struggle လို့ခေါ်တဲ့ တရားဝင်မှုတိုက်ပွဲ အတိအလင်း စတင်လိုက်ပြီလို့ ကျမတော့ နားလည်လိုက်မိတယ်ရှင်။

**ရင်** – ၁၉၉၀ မှာ အတိအလင်း ရွေးကောက်တင်မြှောက်ခံထားရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရွေးချယ်ခံရတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ မတက်ဘဲနဲ့ နအဖဟာ သူ့ရဲ့အမျိုးသားညီလာခံကို တရားဝင်ဖြစ်အောင် လုပ်လို့ရနိုင်မလားဗျာ။

**လေး** – ၁၉၉၀ မှာ ရွေးကောက်တင်မြှောက်ခြင်းခံထားရတဲ့ ကိုယ်စားလှယ်တွေအားလုံး တက်ရောက်ခွင့် မရရင် ဘယ်ညီလာခံမှ တရားဝင်ဖြစ်မှာမဟုတ်ဘူးလို့ ကျမတော့ ယုံကြည်တယ်။ အဲ တရားဝင်သယောင်ယောင် ဖြစ်အောင်လုပ်ဘို့ နအဖ ကြိုးစားနိုင်တာနှစ်ခုရှိတယ်နော်။ တခုကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း

တွေအားလုံး တက်အောင် အစွမ်းကုန်စည်းရုံးသွားမယ်။ နောက်တခုကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ပယ်ထားတဲ့ ရွေးချယ်ခံကိုယ်စားလှယ်တွေ တက်အောင် စည်းရုံးသွားမယ်။ အဲဒီနှစ်ခု လုပ်သွားနိုင်တယ်လို့ ကျမယူဆတယ်။

**ရင်** – အင်းဗျ မလေးရ၊ နအဖ ဟာ ၁၉၉၆ မှာ ရပ်ဆိုင်းထားခဲ့တဲ့ အမျိုးသားညီလာခံကို ပြန်စဘို့ ကြိုးစားတဲ့အခါမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ပိုပြီးအားပြု လာသဗျ။ သာဓကအားဖြင့်ဗျာ ၁၉၉၃ နဲ့ ၁၉၉၆ ခုနှစ်အကြားမှာ အပစ်အခတ်ရပ် စဲရေးလုပ်ထားခဲ့ပေမယ့် အမျိုးသားညီလာခံမတက်ခဲ့တဲ့ ကချင်အမျိုးသား အစည်းအရုံး ( KI0 ) နဲ့ မွန်ပြည်သစ်ပါတီတွေကို အမျိုးသားညီလာခံတက် အောင် မဖြစ်မနေ စည်းရုံးခဲ့တယ်မဟုတ်လား။ အပစ်အခတ်ရပ်စဲရေးမလုပ်သေးတဲ့ ကရင်အမျိုးသားအစည်းအရုံး ( KNU ) နဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ( KNPP ) တို့ကို ဆက်လက်စည်းရုံးပြီး အမျိုးသားညီလာခံတက်အောင် သွေး ဆောင်သွားမယ်လို့ တွက်မိသဗျာ။

**လေး** – မှန်ပါတယ် ကိုရင်မောင်။ ဒါပေမယ့် စိတ်ဝင်စားစရာကောင်းတာကတော့ ကချင် အမျိုးသားအစည်းအရုံးအနေနဲ့ ကချင်လူထုရဲ့ သဘောထားဆန္ဒကို လုံးဝမျက် ကွယ်ပြုပြီး နအဖ တီးပေးတဲ့ ဆိုင်းကွက်အတိုင်း လိုက်ကပ့ါမလားဆိုတာကတော့ သံသယရှိစရာဘဲရှင်။ ပြီးတော့ မွန်ပြည်သစ်ပါတီအနေနဲ့လည်း လုံးဝတက်ပါမယ် လို့မပြောသေးဘဲ တောင်းဆိုချက်တွေ တောင်းထားသေး မဟုတ်လားရှင့်။ ကရင် အမျိုးသားအစည်းအရုံး ( KNU ) နဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့လို နိုင်ငံရေးအစဉ်အလာကြီးတဲ့ ပါတီကြီးတွေအနေနဲ့ အလွယ်တ ကူနဲ့တော့ နအဖ ဆင်ကွက်ထဲ ဝင်သွားကြမှာမဟုတ်ဘူးလို့ ကျမတို့လူထုတွေက မျှော်မှန်းနေကြတာတော့ အသေအချာဘဲ ကိုရင်မောင်။

**ရင်** – အင်း ကောင်းပါလေ့ဗျာ မလေးရာ။ အဲဒီတိုင်းရင်းသားအဖွဲ့အစည်းကြီးတွေ တောင့်တောင့်တင်းတင်း ရပ်တည်ကြမယ်ဆိုရင်တော့ နအဖရဲ့ အမျိုးသားညီလာ ခံဟာ တရားဝင်မှုရဘို့ ဝေးလို့ တရားဝင်သယောင်ယောင်တောင်မှ ရမှာမဟုတ် ဘူးဗျ။

**လေး** – ကဲ ကိုရင်မောင်ရေ အချိန်လဲ လင့်ပြီမို့ နောက်အပတ်မှ ဆက်ကြရအောင်နော်။

**ရင်** – ကောင်းပါပြီတဲ့ဗျာ။

## အမျိုးသားညီလာခံ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ ညီလာခံနှင့် လွတ်လပ်စွာဆွေးနွေးခွင့်

**ရင်** – မလေးရေ ပြီးခဲ့တဲ့ ဧပြီလ ( ၃၀ ) ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးဦးလွင်က နအဖ စီစဉ်ခင်းကျင်းနေတဲ့ လက်ရှိ အမျိုးသားညီလာခံနဲ့ပတ်သက်ပြီး သဘောထား မှတ်ချက်ပေးသွားတာ ကြားလိုက်မိသလားဗျာ။

**လေး** – ဘာများပါလိမ့် ကိုရင်မောင်။

**ရင်** – လက်ရှိ အမျိုးသားညီလာခံဟာ ဖွဲ့စည်းပုံရေးဆွဲဘို့မဟုတ်ဘူး။ ဖွဲ့စည်းပုံရေးဆွဲမယ့်အဖွဲ့ကို အကြံပေးဘို့ ဘဲဖြစ်တယ်တဲ့ဗျာ။

**လေး** – အင်း အဲဒါဟာလည်းဘဲ ကျမတို့ ဆွေးနွေးနေကြတဲ့ အချက်ဘဲပေါ့ ကိုရင်မောင်။ အမျိုးသားညီလာခံရဲ့တရားဝင်မှုကို စိမ်ခေါ် ( Challenge ) လုပ်လိုက်တာဘဲပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဘို့ ကျင်းပတဲ့ ညီလာခံဖြစ်တယ်ဆိုရင်တော့ ဒါဟာ တရားမဝင်တဲ့ညီလာခံဘဲ ဖြစ်လိမ့်မယ်ဆိုတဲ့ အချက်ကို ရဲရဲထောက်ပြလိုက်တာဘဲလို့ ကျမတော့နားလည်မိတယ်။ ကျမ တဦးချင်းအနေနဲ့ပြောရရင် အဲဒီအချက်ကို လက်လဲလက်ခံတယ်ရှင့်။

**ရင်** – အမျိုးသားညီလာခံ ( National Convention ) နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမယ့်ညီလာခံ ( Constitutional Convention ) နှစ်ခု မတူဘူးဆိုတဲ့ အချက်ကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က နှိုင်းယှဉ်ပြတဲ့သဘောများလားဗျာ။

**လေး** – အမှန်ဘဲပေါ့ ကိုရင်မောင်။ ကျမတော့ ဒီအတိုင်းဘဲ နားလည်လိုက်တာဘဲလေ။ ကိစ္စရပ်တိုင်းကို ဆွေးနွေးသွားမယ်ဆိုတဲ့အချက်ကို ဦးလွင်ပြောသွားတာက အမျိုးသားညီလာခံဆိုတာဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကိစ္စအပါအဝင် တမျိုးသားလုံးအနေနဲ့ အတိတ်ကာလနဲ့ လက်ရှိအချိန်မှာ ရင်ဆိုင်နေကြရတဲ့ ပြဿနာအရပ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အကြံပေးချက်တွေလည်း ပါနိုင်တယ်။ ဒါပေမယ့် ဒီညီလာခံဟာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခွင့်ရှိတဲ့ ညီလာခံ ( Constitutional Convention ) တော့ မဟုတ်ဘူးဆိုတာကို ဦးလွင်ပြောသွားခဲ့တယ်လို့ ကျမတော့ နားလည်တာဘဲလေ။ ဒီအတိုင်းမှန်ရင်တော့ ကျမတို့လူထုတရပ်လုံးက ဒီအချက်ကို ထောက်ခံရမယ်လို့ ယူဆတာဘဲရှင်။

**ရင်** – ဒါဆိုရင်တော့ မလေးရေ။ နအဖ လျှောက်ချင်တဲ့လမ်းကြောင်းနဲ့တော့ လွဲနေတာပေါ့ဗျာ။ ဘာကြောင့်လဲဆိုတော့ ၁၉၉၂ ခုနှစ်၊ ဇွန်လ အလုံလမ်း သမတ အိမ်တော်ဝင်းအတွင်းမှာလုပ်ခဲ့တဲ့ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲမှာ ဦးဆောင်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဗိုလ်ချုပ်မျိုးညွန့် က ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံ

ဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နိုင်ဖို့ အမျိုးသားညီလာခံကို ကျင်းပသွားမယ်ဆိုပြီး ရှင်းလင်းသွားခဲ့တယ်။ နအဖရဲ့ အခုလက်ရှိ ခေါင်းဆောင်တွေကလည်း ဒီအတိုင်းဘဲ အတည်ပြုနေကြတာ မဟုတ်လားဗျ။

**လေး** – မှန်တာပေါ့ ကိုရင်မောင်။

**ရင်** – ကိုင်း ဒါဖြင့်ရင် ကျွန်တော် သုံးသပ်ကြည့်မယ်ဗျာ မလေးရာ။ ဒီညီလာခံဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲခွင့်ရှိတဲ့ညီလာခံ ( Constitutional Convention ) မဟုတ်ဘူးဆိုရင် တမျိုးသားလုံးရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားနိုင်မယ့် ညီလာခံလည်း မဖြစ်နိုင်ပြန်ဘူးဗျ မလေးရ။

**လေး –** သတင်းထောက်ကြီး အများကြီး တိုးတက်လာပြီနော်။ ဘာကြောင့်များပါလိမ့်ရှင်။

**ရင်** – အချက်နှစ်ချက်ကြောင့်ပေါ့ဗျာ မလေးရာ။ တချက်ကတော့ ညီလာခံ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းထားပြီး မဟုတ်လားဗျ။ အဲဒါတွေအရ သူတို့သတ်မှတ်ပေးထားတဲ့ ဘောင်ထဲကနေ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်တွေကလွဲပြီး တခြားကိစ္စရပ်တွေကို လွတ်လွတ်လပ်လပ် ဘာမှဆွေးနွေးခွင့်မရှိဘူးလေ။ ဒုတိယ အချက်လဲဖြစ်၊ ပိုပြီးအရေးကြီးတဲ့အချက်ကတော့ အမျိုးသားညီလာခံမှာ နအဖ က တက်မှာမှမဟုတ်ဘဲ ဒီညီလာခံမှာ ဆွေးနွေးဆုံးဖြတ်ကြတဲ့ အချက်တွေကို ဘယ်သူက တာဝန်ခံမလဲ။

**လေး** – ကိုရင်မောင် ဆိုလိုချင်တာကတော့ နအဖ ကိုယ်တိုင်အနေနဲ့ ဒီညီလာခံမှာ ပါဝင်မှာမဟုတ်တာကြောင့် ကြိုက်သလောက်ဆွေးနွေးကြ။ ကျလာတဲ့ ဆုံးဖြတ်ချက်တွေကို နအဖ က ကြိုက်ရင်လိုက်နာမယ် မကြိုက်ရင် မလိုက်နာဘူး။ ဒါကြောင့် တာဝန်ခံမှု မရှိဘူးလို့ ဆိုလိုတာလား ကိုရင်မောင်။

**ရင်** – သိပ်မှန်တာပေါ့ မလေးရာ။ ကိုယ်နဲ့မဆိုင်တဲ့ ပွဲကြည့်ပရိသတ်လို ဘေးမှာ ထွက်ထိုင်နေပြီး ကြိုက်ရင် လက်ခုပ်တီးပေး၊ မကြိုက်ရင် ခဲနဲ့ထွက်ပစ်လုပ်နေလို့ မရဘူးဗျ။ မလေးသိတယ်မဟုတ်လား ပွဲတွေမှာ ဇာတ်သိမ်းခန်းရောက်ပြီဆိုရင် မင်းသားလည်း မင်းသားအလျှောက်၊ ဘီလူးလည်း ဘီလူး အလျှောက် ဇာတ်စင်ပေါ် ပွဲကြည့်ပရိသတ်ရှေ့ကိုထွက်လာပြီး ဇာတ်သိမ်းကြရတာကိုးဗျ။ ကိုယ်ကခဲ့တဲ့ ဇာတ်ကို ကိုယ်တကယ် ဇာတ်သိမ်းပေးချင်တယ်ဆိုရင်တော့ ရဲရဲတင်းတင်း ပရိသတ်ကို ရင်ဆိုင်ပြီး မှန်တာတွေကို ထုတ်ဖော်၊ မှားတာတွေကို ဝန်ခံပြီး နိဂုံးချုပ်ကြရမှာမဟုတ်လား။ တမျိုးသားလုံး ရင်ဆိုင်နေရတဲ့ ပြဿနာကြီးတွေကို ဆွေးနွေးဘို့ဆိုရင် နအဖ ကိုယ်တိုင်ပါဝင်တက်ရောက်ခြင်းမရှိတဲ့ အမျိုးသားညီလာခံဆိုတာဟာ အနှစ်သာရ ရှိမရှိ စဉ်းစားကြည့်ပေါ့ဗျာ မလေးရာ။

**လေး** – ပွဲကြည့်ပရိသတ်နေရာမှာ ထွက်ထိုင်ပြီး လက်ခုတ်တီးပေးရုံ၊ ခဲနဲ့ပစ်ရုံဆိုရင် တော်သေးတာပေါ့ ကိုရင်မောင်ရယ်။ ခုတော့ ဇာတ်ဆရာကြီးလုပ်၊ အမျိုးသားညီလာခံ

ဆိုတဲ့ ဇာတ်ခုံပေါ် လူတွေတွန်းပို့ပြီး၊ ဟိုလူ့ကို ဟိုလို ကခိုင်း၊ သည်လူ့ကို သည်လို ကခိုင်းနဲ့ ဆိုင်းကွက် အမျိုးမျိုးဝင်တီးပေးနေတာက ပိုပြီးဆိုးတာပေါ့ရှင်။ အင်း ကျမ မှတ်မိသေးတယ် ကိုရင်မောင်။ အမျိုးသားညီလာခံ တက်သင့် မတက်သင့် စဉ်းစား နေကြတဲ့ ခေါင်းဆောင်ကြီးများ ပြန်ပြီးအမှတ်ရအောင် ပြောပြချင်သေးတယ် ကိုရင်မောင်။

**ရင်** – ဘာများပါလိမ့်ဗျာ မလေးရာ။

**လေး –** ၁၉၉၂ ခုနှစ်မှာ အမျိုးသားညီလာခံကျင်းပဘို့ ညှိနှိုင်းဆွေးနွေးပွဲလုပ်ကြတဲ့ အခါကျ တော့ နအဖခေါင်းဆောင်တွေကို ဦးခွန်ထွန်းဦးက ထပြီးမေးခဲ့တယ် ကိုရင်မောင်။ အမျိုးသားညီလာခံမှာ ပြောဆိုဆွေးနွေးဝေဘန် သုံးသပ်ချက်များနဲ့ ရေးသားထုတ် ပြန်လိုကြောင်း။ ဒီကိစ္စရပ်များကြောင့် မည်သူ့ကိုမျှ တရားစွဲဆိုခြင်း၊ အရေးယူခြင်း၊ စစ်ဆေးမေးမြန်းချင်း အလျှဉ်းမရှိစေရန် ဆောင်ရွက်နိုင်ပါမလားလို့ မေးခဲ့သတဲ့ရှင်။

**ရင်** – အဲဒီတော့ နအဖ တာဝန်ရှိ ပုဂ္ဂိုလ်တွေက ဘယ်လိုများ ဖြေကြားခဲ့သလဲဗျာ။

**လေး** – လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိတယ်။ သတင်းကိုတော့ သူတို့ထုတ်ပြန်သွားမယ်။ ဒါ ပေမယ့် အကြံပြုဆွေးနွေးချက်တွေနဲ့ပတ်သက်ပြီး အရေးယူမှုပြုလုပ်မှာ မဟုတ်ပါ ဘူးတဲ့။ လက်တွေ့မှာကျတော့ ဒေါက်တာ အောင်ခင်ဆင့် ထောင်အနှစ်နှစ်ဆယ် ကျသွားခဲ့တယ်လေ။

**ရင် –** ဒါဖြင့်ရင် မလေးပြောခြင်တဲ့ အချက်က နအဖ က သူတို့ အမျိုးသားညီလာခံမှာ လွတ်လပ်စွာဆွေးနွေးမှုရနိုင်ဘို့ အာမခံပါတယ်ဆိုတာတောင်မှ မယုံကြည်ရဘူးလို့ ဆိုလိုခြင်သလားဗျာ။

**လေး** – ဆိုလိုချင်တာ မဟုတ်ဘူး၊ အခုအခြေအနေအတိုင်းဆိုရင် ယုံလို့ကိုမရဘူးလို့ ကျမ ပြောချင်တယ် ကိုရင်မောင်။

**ရင်** – ဘယ်လို အခြေအနေမျိုးမှာ ယုံလို့ရနိုင်မလဲဗျာ။

**လေး –** ယုံလို့ရအောင်လုပ်ချင်ရင် အလွယ်ကလေးပါကိုရင်မောင်။ ပထမအချက်က ဖွဲ့ စည်းပုံအခြေခံ ဥပဒေဆွဲဘို့ ကြိုးစားတယ်လို့စွပ်စွဲပြီး လူတွေကို ထောင်ငါးနှစ်ကနေ အနှစ်နှစ်ဆယ်အထိ ချမှတ်နိုင်တဲ့ အမျိုးသားညီလာခံဆိုင်ရာ ဥပဒေအမှတ် ၅ မျှဉ်းစောင်း ၉၆ ရယ်၊ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေရယ်ကို ရုပ်သိမ်းပေးဘို့။ ဒုတိယ အချက်ကတော့ နိုင်ငံတကာနဲ့ ပြည်တွင်းက သတင်းထောက်တွေ ပြည်သူတွေကို လွတ်လပ်စွာ လာရောက်လေ့လာခွင့်ပေးဘို့ ဆွေးနွေးချက်တွေကို ရုပ်မြင်သံကြားနဲ့ ရေဒီယိုတွေ ကနေ တိုက်ရိုက်ထုတ်လွှင့်ပေးဘို့။ တတိယအချက်ကတော့ အမျိုးသားညီလာခံ ဆိုတာကို တောခေါင်ခေါင်မှာ မကျင်းပဘဲ အများပြည်သူ အလွယ်တကူ သွားလာ ဝင်ထွက်နိုင်တဲ့ မြို့လယ်ခေါင်မှာ ဂုဏ်သိက္ခာရှိရှိ ကျင်းပဘို့ဖြစ်တယ် ကိုရင်မောင်။

**ရင်** – အင်း ရှင်းပါပြီ မလေးရေ။ လွတ်လပ်စွာဆွေးနွေးခွင့် ရှိပါတယ်လို့ နအဖ က အာမခံရုံနဲ့တော့မရဘူး။ ဒီလို အချက်အလက်တွေနဲ့ ပြည့်စုံမှဘဲ ယုံလို့ရတော့မှာကိုးဗျ။ သို့မဟုတ်လို့ရှိရင်တော့ အမျိုးသားညီလာခံမဟုတ်တော့ဘဲ နအဖ ဗိုလ်ချုပ်ကြီးများ နန်းတက်ပွဲကို ဘိသိက်သွားပြီး မြှောက်ပေးရတဲ့ ပွဲဘဲဖြစ်နေတော့မယ်ဆိုတာ ကျွန်တော်သဘောပေါက်လာပါပြီဗျာ။

**လေး** – ကဲ အချိန်လဲလင့်သွားပြီမို့ နောက်အပတ်မှဘဲ ဆက်ကြရအောင်နော် ကိုရင်မောင်။

**ရင်** – ကောင်းပါပြီတဲ့ဗျာ။

## ပြည်သူလူထု သိခွင့်မရှိသော အမျိုးသားညီလာခံမှ ဆွေးနွေးချက်များ

**ရင် –** မလေးရေ နအဖ က အမျိုးသားညီလာခံကနေတဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ ကြိုးစားနေတဲ့ဖြစ်စဉ်အတွင်းမှာ အခြေခံအကျဆုံးပြဿနာ ဘယ်နှစ်ခုလောက်ရှိမယ်လို့ သုံးသပ်သလဲဗျာ။

**လေး –** လူထုအခြေခံ အမြင်ရှုဒေါင့်ကနေ ပြောရရင်တော့ သုံးခုလောက်ရှိတယ် ကိုရင်မောင်။

**ရင် –** ဘာတွေများပါလိမ့်ဗျာ။

**လေး** – ပထမ တခုကတော့ ပြည်သူလူထုရော သက်ဆိုင်ရာ အောက်ခြေထု နိုင်ငံရေးပါတီဝင်တွေရော ဘာမှမသိတာရယ်၊ ကိုယ့်သက်ဆိုင်ရာ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကို အကြံပေးခွင့်မရတာရယ်၊ လူထုအနေနဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်စေလွှတ်ခွင့်မရတာရယ်တို့ဟာ အခြေခံအကျဆုံးပြဿနာတွေလို့ ကျမတော့ သုံးသပ်တယ် ကိုရင်မောင်။

**ရင်** – ပြည်သူလူထုရော သက်ဆိုင်ရာ အောက်ခြေထု နိုင်ငံရေးပါတီဝင်တွေရော ဘာမှမသိဘူးဆိုတာ ဟုတ်ပါ့မလားဗျ မလေးရ၊ နအဖ ကလည်း တပြည်လုံး၊ တကမ္ဘာလုံးသိအောင် ကြေညာပြီးလုပ်ဆောင်နေတယ်။ သတင်းစာတွေမှာလည်း ထည့်သွင်းဖော်ပြပေးနေတယ်။ အခုတလောဆိုရင် အမျိုးသားညီလာခံနဲ့ပတ်သက်တဲ့ သတင်းတွေဟာ RFA, DVB, BBC, VOA စတဲ့ ရေဒီယိုတွေမှာ တောက်လျှောက်လိုဘဲ ပါနေကြတယ်။

**လေး** – ကဲ ဒါဖြင့်ရင် သာမန်ပြည်သူလူထုကိုထားပါဦးတော့ အကြားအမြင် ကျယ်ပြန့်များပြားတဲ့ သတင်းထောက်တွေထဲက တယောက်ဖြစ်တဲ့ ကိုရင်မောင့်ကို ကျမမေးကြည့်မယ်နော်။ ၁၉၉၃ နဲ့ ၁၉၉၆ ခုနှစ်တွေအတွင်းမှာကျင်းပခဲ့တဲ့ အမျိုးသား

ညီလာခံမှာ တက်ရောက်ခဲ့ကြတဲ့ နိုင်ငံရေးပါတီတွေဟာ ဘာတွေအကြံပေး တင်ပြခဲ့ကြတယ်၊ သူတို့အကြံပေးတင်ပြချက်တွေကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံရမယ့် မူဆိုတာတွေထဲမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တာ ဟုတ်မဟုတ်ဆိုတာရယ်တွေကို ကိုရင်မောင်သိသလား ကျမကိုပြောစမ်းပါဦးရှင်။

**ရင်** – အင်း အဲဗျ။ မလေးပြောမှ စဉ်းစားမိတယ်။ ကျွန်တော်လည်း သတင်းထောက်ဖြစ်တယ်ဆိုပေမယ့် အဲဒါမျိုးတော့ အသေးစိပ် အသေအချာမသိတာ အမှန်ဘဲဗျ မလေးရ။

**လေး** – ကဲ ဒါဖြင့်ရင် ကိုရင်မောင်အကြမ်းဖျင်းလက်ခံပြီနော်။ သာမန်ပြည်သူလူထုတွေ၊ အောက်ခြေထုနိုင်ငံရေးပါတီဝင်တွေမသိတဲ့၊ သိခွင့်မရတဲ့ ပြဿနာဟာ ဘယ်လောက်ကြီးသလဲဆိုတာကို သာဓကလေးတွေ အချို့ဆက်ပြီးပြောပြမယ်နော်။

**ရင်** – ကောင်းပါပြီ။ ကြားပါရစေ ဆရာမကြီးရယ်။

**လေး** – ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၄ ) ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက လွှတ်တော်နဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ အချုပ်အခြာအာဏာဆိုတာဟာ ပြည်သူလူထုထံမှ ဆင်းသက်ရမှာ ( Sovereignty of the People ) ဖြစ်ပါတယ်ဆိုတဲ့အချက်ကို အတိအလင်းတင်ပြသွားခဲ့တယ် ကိုရင်မောင်။

**ရင်** – ဟုတ်သလားဗျ မလေးရ။ ကျွန်တော်လေ့လာလို့ ရသလောက်တော့ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေက အခြေခံထားသင့်တဲ့ အရေးကြီးတဲ့ မူတရပ်ဖြစ်တယ် မဟုတ်လားဗျ။

**လေး** – မှန်တာပေါ့ ကိုရင်မောင်။ အချုပ်အခြာအာဏာဆိုတာဟာ ပြည်သူလူထုထံမှ ဆင်းသက်ရမှာဖြစ်တယ်ဆိုတဲ့မူကို လက်ခံရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော်ထဲမှာ လူထုကရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ကိုယ်စားလှယ်တွေမဟုတ်တဲ့ စစ်ဗိုလ်တွေ ဘယ်လိုလုပ်ပြီး ဝင်ထိုင်ခွင့်ရမှာလဲရှင်။

**ရင်** – အော် မလေးဆိုလိုခြင်တာကို နည်းနည်းကလေး သဘောပေါက်လာသလိုတော့ ရှိလာပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက အဲသလိုမျိုး တိုင်းပြည်အတွက် ကောင်းမွန်တဲ့မူကို ကျင့်သုံးသင့်ပါတယ်လို့ ဆွေးနွေးခဲ့ပေမယ့် အခြေခံမူ တရာ့လေးချက်ဆိုတာကြီး ထွက်လာတဲ့အခါကျတော့ သူတို့ရေးချင်သလို ရေးပြီး ထုတ်ပြန်ပေးလိုက်တာဘဲ။ ဒီလို မဟုတ်လားဗျာ။

**လေး** – အမှန်ဘဲပေါ့ ကိုရင်မောင်။ နောက်ထပ်သာဓက တခုကို ထပ်ပြီးပြောပြမယ်နော်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က ဦးစိုင်းအိုက်ပေါင်းက ပြည်ထောင်စုနိုင်ငံဖွဲ့စည်းပုံဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဘယ်လိုပြည်ထောင်စုမျိုးကို ဖွဲ့စည်းမလဲ၊ Quasi Federal System လို့ခေါ်တဲ့ ပြည်ထောင်စုတချို့တဝက်သာပါတဲ့ စနစ်

မျိုးလား၊ ပြည်နယ်တွေမှာသာ အာဏာရှိတဲ့ Confederation လို စနစ်မျိုးလား၊ ဒါမှမဟုတ် အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ပြည်ထောင်စုနဲ့ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တွေ အာဏာကို ခွဲဝေကျင့်သုံးတဲ့ ( Federalism ) ခေါ် ပြည်ထောင်စုစနစ်ကို ကျင့်သုံးမှာလား၊ ပြည်ထောင်စုနဲ့ ပတ်သက်တဲ့ အခွင့်အာဏာကို အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီး ကြွင်းကျန်အာဏာကို ပြည်နယ်တွေကို သုံးခွင့်ပြုမှာလား၊ ဒါမှမဟုတ် ပြည်နယ်တွေရဲ့အခွင့်အာဏာတွေကို အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီး ကြွင်းကျန်အာဏာတွေကို ပြည်ထောင်စုအတွက် ထားမှာလား စတဲ့အချက်တွေကို စဉ်းစားဆွေးနွေးနိုင်ရအောင် ထည့်သွင်းထားရခြင်း ဖြစ်ပါတယ်လို့ပြောသွားခဲ့တယ်။

**ရင်** – ဟာ အင်မတန်ကောင်းတဲ့ အချက်တွေပါကလားဗျ မလေးရ။

**လေး** – မှန်တယ်လေ ကိုရင်မောင်။ ဒါပေမယ့် ပြဿနာက ဘယ်လောက်ကောင်းတဲ့အချက်တွေကို ဆွေးနွေးပေစေလေ။ နအဖ က ကြိုက်တဲ့အချက်တွေကိုမှ ဖွဲ့စည်းပုံဆိုင်ရာ အခြေခံရမယ့်မူဆိုတာတွေထဲမှာ ထည့်ပေးမယ်၊ မကြိုက်တဲ့အချက်တွေကို လုံးဝမထည့်ပေးဘူး။ အခုနက ဦးစိုင်းအိုက်ပေါင်း အကြံပြုတဲ့အခြေခံနဲ့ အမျိုးသားညီလာခံအတွင်းမှာ ဆွေးနွေးသွားခဲ့တယ်လို့ ဘယ်တုံးကများ ကိုရင်မောင် ကြားဘူးသလဲ။ နအဖ ချမှတ်ထားပြီးသား အခြေခံမူ ( ၁၀၄ ) ချက်ဆိုတဲ့ အထဲမှာရော ဒါတွေနဲ့ပတ်သက်ပြီး တလုံးတပါဒလောက် ပါခဲ့သလားကိုရင်မောင်။

**ရင်** – အင်း အခုတလော အမျိုးသားညီလာခံဆိုတဲ့ကိစ္စက ရှေ့တန်းရောက်လာတဲ့အခါကျတော့ သူတို့ချမှတ်ထားပြီးသား အခြေခံမူ ( ၁၀၄ ) ချက်ဆိုတာကို အသေးစိပ်ဖတ်ကြည့် လေ့လာကြည့်မိပါသဗျာ။ အခုနက ဦးစိုင်းအိုက်ပေါင်းပြောတဲ့ အခြေခံကနေ ချည်းကပ်ပြီး ချထားတဲ့အခြေခံမူဆိုတာ တချက်ကလေးမှ မတွေ့ရပါဘူးဗျာ။

**လေး** – ကဲ ဒါဖြင့်ရင် ကိုရင်မောင် စဉ်းစားကြည့်လေ။ တိုင်းရင်းသား အခွင့်အရေးဆိုတာကို ဘယ်လိုလုပ်ပြီး ရနိုင်မလဲ။ အဲဒီညီလာခံမှာတက်ပြီး ဆွေးနွေးနေလို့ တိုင်းပြည်အတွက်ရော တိုင်းရင်းသားတွေအတွက်ပါ ဘာအကျိုးရှိနိုင်မလဲ။ နောက်သာဓကတခု ဆက်ပြီးပြောမယ်နော်။ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက ဦးအန်တိုနီစူး (ခ) ဦးလရောင်က ဘယ်လိုတင်ပြခဲ့သလဲဆိုတော့ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးဆိုပြီး အခန်းတခန်းအဖြစ် ထည့်သွင်းဆွေးနွေးသင့်ပါတယ်။ ကျွန်တော်တို့ဟာ လူသားတွေဖြစ်တဲ့အတွက် အခြေခံလူ့အခွင့်အရေး ( Human Rights )များခံစားခွင့်ရှိသင့်ပါတယ်။ ဒါတွေကို ကာကွယ်ဘို့ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် လိုအပ်မှာဖြစ်ပါတယ်ဆိုပြီး အတိအလင်း ဆွေးနွေးသွားခဲ့တယ် ကိုရင်မောင်။

**ရင်** – ဟုတ်သလားဗျ မလေးရ။ ဦးအန်တိုနီစူးက အခြေခံလူ့အခွင့်အရေးတွေကို အခန်း

တခန်းအဖြစ်တောင် ထည့်သွင်းသင့်တဲ့အကြောင်း ဆွေးနွေးသွားခဲ့ပေမယ့် နအဖ က ချမှတ်လိုက်တဲ့ အခြေခံမူ ( ၁၀၄ ) ချက်ထဲမှာ တော့ အခြေခံလူ့အခွင့်အရေးဆို တဲ့ စကားလုံးကလေးတလုံးတလေတောင်မှ မပါပါကလားဗျာ။

**လေး –** တခြားသာဓကတွေ အများကြီးရှိသေးတယ် ကိုရင်မောင်။ အဲဒီတုံးက အမျိုးသား ညီလာခံတက်ခွင့်ရခဲ့တဲ့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေထဲကနေ တစုံတရာ ကောင်းမွန်တဲ့ အခြေခံမူတွေကျနိုင်ဘို့ ကြိုးစားဆွေးနွေးခဲ့ကြတာတွေ တချို့ရှိခဲ့ပါ ရဲ့။ ဒါပေမယ့် နအဖက ပြန်ချပေးလိုက်တဲ့ အခြေခံမူ ( ၁၀၄ ) ချက်ဆိုတဲ့အထဲမှာ ဘာမှပေါ်ထွက်မလာခဲ့ဘူး ကိုရင်မောင်။ နအဖသင်ကြားပေးထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးချက်တွေကိုဘဲ အခြေခံမူတွေဆိုပြီး နိဂုံးချုပ်ပေးလိုက်တာကို တွေ့ရတယ် ရှင့်။

**ရင်** – အင်း အခုမှဘဲ မလေးပြောတာကို သဘောပေါက်လာခဲ့ပြီဗျာ။ အဲဒီအချက်တွေကို ကျွန်တော် အရင်က အတိအကျမသိခဲ့တာ အမှန်ဘဲဗျ။ နအဖ လုပ်နေပုံက သူတို့စီ စဉ်ထားတဲ့ အမျိုးသားညီလာခံမတက်တဲ့ အဖွဲ့တွေကို ပြဿနာရှာမယ်။ ပြဿနာ အရှာခံရမှာကြောက်လို့ တက်လိုက်ရတဲ့အခါမှာလည်း ဆွေးနွေးခွင့်ကို အကန့် အသတ်တွေနဲ့ပေးထားပြီး အဲဒီဆွေးနွေးချက်တွေအထဲက သူတို့မကြိုက်တာတွေ မှန်သမျှကို ဘေးဖယ်ထားမယ်။ ကြိုက်သလောက် ဆွေးနွေးလေ။ ဆွေးနွေးတာက တမျိုး၊ ထွက်လာတာက တခြား၊ အဲသလို ဖြစ်နေတဲ့အချက်ကို အခြေခံလူထုတွေ မသိကြဘဲကိုးဗျ။

**လေး** – သိအောင်လုပ်ပေးဘို့ကတော့ ကိုရင်မောင် တို့လို သတင်းထောက်တွေ၊ သတင်း ဌာနတွေမှာ တာဝန်ရှိတယ် မဟုတ်လားရှင့်။

**ရင်** – ကျွန်တော်တို့ချည်းဘဲတော့ လွှဲမချပါနဲ့မလေးရာ။ ကိုယ့်ဘဝကံကြမ္မာကို ဆုံးဖြတ် ပေးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စတွေကို လေ့လာလိုက်စားပြီး သိ အောင်လုပ်ဘို့ကတော့ လူတိုင်းမှာ တာဝန်ရှိပါ တယ်ဗျာ။

**လေး** – ကဲ ကဲ မငြင်းတော့ပါဘူး သတင်းထောက်ကြီးရယ်။ အချိန်လဲမရှိတော့လို့ နောက် အပတ်မှ ဆက်ကြရအောင်နော်။

**ရင်** – ကောင်းပါပြီတဲ့ တက္ကသိုလ် ဆရာမကြီးရယ်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရှိမည့် ပြည်နယ်များ ဖြစ်ပေါ်လာနိုင်မည့် အလားအလာ

**ရင်** – တိုင်းပြည်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသွားမယ်ဆိုတဲ့ နအဖ ရဲ့ အမျိုးသား ညီလာခံမှာ ကိုယ်စားလှယ်တွေ ဆွေးနွေးကြဘို့ကိစ္စနဲ့ပတ်သက်ပြီး ထပ်မံအတည်

ပြုထုတ်ပြန်ကြေညာလိုက်တဲ့ စည်းကမ်းချက်တွေကို ကြားလိုက်မိသေးသလားဗျ မလေးရ။

**လေး** – ‘ဝ’ အများကြီးဘဲလား ကိုရင်မောင်။

**ရင်** – များရုံကပဲ့မလား မလေးရာ။ လှုပ်လို့တောင် မရတော့ဘူးဗျာ။ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတည်ဆောက်သွားမယ်လို့ ဗိုလ်ချုပ်သိန်းစိန်ပြောသွားတာ ဒါမျိုး ထင်ပဲ့မလေးရာ။ ညီလာခံကိုယ်စားလှယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများ ဘယ်နေရာကနေ စပြီး ပါးစပ်ဟ ဆွေးနွေးခွင့်ရကြမလဲဆိုတာ ကျွန်တော်တော့ စဉ်းစားလို့မရဘူးဗျ။

**လေး** – ဘာကြောင့်များလဲ ကိုရင်မောင်။ စိတ်ပူမနေပါနဲ့နော်။ နအဖ သင်ပေးထားတဲ့အ တိုင်း ခရေစေ့တွင်းကျ ပြောမယ့်သူတွေအတွက်ကတော့ ပြောစရာကိစ္စတွေ အများကြီးရှိနေမှာပေ့ါရှင်။

**ရင်** – ဒီလူကြီးတွေ အများစုကြီးအတွက်ကိုတော့ ဘာပူပဲ့မလဲမလေးရာ။ ရိုးရိုးသားသား တိုင်းပြည်အကျိုးအတွက် အမျိုးသားညီလာခံကို အခွင့်ကောင်းယူ၊ နိုင်ငံရေးစကား လေးဘာလေးများ ပြောခွင့်ရမလားဆိုပြီး တက်သွားကြတဲ့ပုဂ္ဂိုလ်အချို့ ရှိကောင်းရှိ မှာပေ့ါ မလေးရာ။ သူတို့အတွက် စိတ်မကောင်းဖြစ်မိတာပါ။

**လေး** – စည်းကမ်းချက်တွေက ဘယ်လောက်တောင် တင်းကြပ်နေလို့လဲ ကိုရင်မောင်။

**ရင်** – တင်းကြပ်တဲ့အပိုင်းတွေရှိသလို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ချုပ်ကိုင်ထားတဲ့အပိုင်းတွေ လဲရှိသဗျ မလေးရ။ တင်းကြပ်တဲ့အပိုင်းကို ဥပမာပြောပြမဗျာ။ ညီလာခံကိုယ်စား လှယ်တဦးသည် မိမိကြိုတင်ပေးပို့ထားသော ဆွေးနွေးချက်စာတမ်းအတိုင်း ဖတ် ကြားဆွေးနွေးရမည်။ ဆွေးနွေးချက်စာတမ်းတွင် မပါရှိသော အကြောင်းအရာကို မပြောဆိုရ။ ဆွေးနွေးတင်ပြရာတွင် ကိုယ်စားလှယ်အစုအဖွဲ့၏ ဆွေးနွေးချက်စာ တမ်းပါ အချက်အချို့ကို ဖတ်ကြားတင်ပြရန် ကျန်ရှိလျှင်သော်လည်းကောင်း၊ မပါရှိ သော အချက်အချို့ကို ဖတ်ကြားတင်ပြလျှင်သော်လည်းကောင်း၊ ဆွေးနွေးချက်စာ တမ်းအတိုင်းသာ မှတ်တမ်းတင်ထားရမည်။

**လေး** – ဒီ အတိုင်းဆိုရင်တော့ ကိုယ်ဆွေးနွေးမယ့် အကြောင်းအရာတွေကို ကြိုပို့ထားရပြီး နအဖ မကြိုက်တာမှန်သမျှ အစကထဲက ပရိသတ်ရှေ့မှာ ဆွေးနွေးခွင့်မရအောင် တည်းဖြတ်ထားပြီးသား ဖြစ်နေတော့တာပေ့ါ။ ဟုတ်ရဲ့လား ကိုရင်မောင်။

**ရင်** – ဟုတ်သမှ ဟုတ်ဟုတ်နဲ့တောင် မြည်နေသေးဗျာ။ ကြိုတင်ပေးပို့ထားတဲ့ ဆွေးနွေး ချက်စာတမ်းအတိုင်းဘဲ ဖတ်ကြားရမယ်ဆိုတဲ့အချက်ကို တင်းတင်းကြပ်ကြပ်ကိုင် ထားသဗျ။ အဲဒီစာတမ်းထက် ပိုလည်းမပြောရဘူး လိုလဲမပြောရဘူးတဲ့ဗျာ။ ဘုရား ပေးပေး နှမ်းပေးပေးပါ မလေးရာ။ ဒီလို ညီလာခံမျိုး တကမ္ဘာလုံး ဘယ်နေရာမှာမှ မကြားဘူးပါဘူးဗျာ။

**လေး** – ကျယ်ကျယ်ပြန့်ပြန့် ချုပ်ကိုင်ထားတဲ့ အပိုင်းကရောရှင်။

**ရင်** – ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တန့်ခိုင်မြဲရေးတွေကို ထိခိုက်ပျက်ပြားစေတဲ့စကား မပြောဆိုရတဲ့ဗျ။ အဲဒါ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ချုပ်ကိုင်ထားတာ မဟုတ်ဘူးလားဗျာ။

**လေး** – အင်း ဒီတခါတော့ သတင်းထောက်ကြီး ရွှေဉာဏ်တော် အတော်စူးရောက်သွားပြီပေါ့နော်။ သာမန်လူတွေနားလည်အောင် ရှင်းပြပါဦးလားရှင်။

**ရင်** – တရုပ်ပညာရှိကြီးတဦးပြောသွားတဲ့ စကားရှိသားမဟုတ်လား မလေးရ။ ပြဿနာတွေ ရှုပ်ထွေးလာရင် ရိုးရိုးကလေးစဉ်းစားပါတဲ့။

**လေး** – ဘယ်လို ရိုးရိုးကလေးစဉ်းစားရမလဲ ကိုရင်မောင်။

**ရင်** – ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တန့်ခိုင်မြဲရေးဆိုတဲ့ အရေးသုံးပါးကို တောက်လျှောက်လုပ်နေတာဟာ ဘယ်သူဖြစ်တယ်လို့ မြန်မာနိုင်ငံထဲက သတင်းစာ၊ ရေဒီယိုရုပ်မြင်သံကြားတွေမှာ တောက်လျှောက် ဝါဒဖြန့်နေသလဲဗျာ။

**လေး** – ဒါကတော့ အားလုံးသိနေတာဘဲ ကိုရင်မောင်။ နအဖ တပ်မတော်ဘဲပေါ့။

**ရင်** – ဒါကြောင့်ပြောတာပေါ့ မလေးရာ။ အဲဒီအတွက်ကို တပ်မတော်က တာဝန်ယူလုပ်ဆောင်နေတယ်၊ ရှေ့ကိုလည်း ဆက်ပြီးလုပ်ဆောင်သွားမယ့်အပေါ် ဘယ်သူမှ ဘာမှ ဆွေးနွေးခွင့်မရှိဘူးဆိုတဲ့အချက်ကို အတိအလင်းပြောလိုက်တဲ့ သဘောဘဲပေါ့ဗျ။

**လေး** – ကိုရင်မောင် ဆိုလိုချင်တာက အဲဒီအရေးသုံးပါး အောင်မြင်နိုင်ဘို့အတွက် တပ်မတော်က ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်စလုံးမှာရော ပြည်နယ်အသီးသီးရဲ့ လွှတ်တော်တွေမှာပါ လေးပုံတပုံစီ အမတ်နေရာတွေယူထားမယ်။ ပြည်နယ်အစိုးရတွေမှာလည်း ကာကွယ်ရေး၊ လုံခြုံရေးနဲ့ နယ်စပ်ဒေသရေးရာတွေမှာ တာဝန်ယူဘို့ ကာကွယ်ရေးဦးစီးချုပ်က စေလွှတ်ခန့်အပ်ထားမယ်။ အစရှိသဖြင့်ပေါ့။ အခြေခံမူ ( ၁၀၄ ) ချက်ထဲမှာ ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်တဲ့ အချက်တွေအပေါ်မှာ ဘယ်သူမှ ကန့်ကွက်ဆွေးနွေးခွင့်မရှိဘူးဆိုတဲ့ သဘောလား ကိုရင်မောင်။

**ရင်** – ကန့်ကွက်ဆွေးနွေးခွင့်မရှိရုံသာမက ကန့်ကွက်ဆွေးနွေးလို့ကို မရဘူးဗျ မလေးရ။ ချမှတ်ထားပြီးသား အခြေခံမူ ( ၁၀၄ ) ကို ပြန်လည်ပြီး ဆွေးနွေးခွင့်မရှိတော့ဘူးလို့ အတိအလင်းပြောသွားပြီး မဟုတ်လားဗျ။

**လေး** – ဒါဖြင့်ရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရှိတဲ့ ပြည်နယ်တွေရအောင် တင်ပြဆွေးနွေးသွားမယ်ဆိုပြီး လက်သီးလက်မောင်းတန်းပြီး တက်သွားကြတဲ့ တိုင်းရင်းသားကိုယ်စားလှယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများ၊ ဘာတွေများ ဆွေးနွေးကြမလဲရှင်။

**ရင်** – နှစ်ချက် ဖြစ်နိုင်သဗျမလေးရ။ တချက်ကတော့ ဘာမှကို ဟုတ္တိပတ္တိ ဆွေးနွေးခွင့်မရ

ဘဲ လက်ညှိုးထောင် ခေါင်းညိမ့်ပြီး ပြန်ခေါက်လာကြရမယ့် အခြေအနေဖြစ်သဗျ။ နောက်တချက်ကတော့ ပြတ်ပြတ်သားသားလည်း ဆွေးနွေးတောင်းဆိုရဲတာမျိုး မရှိကြဘဲ သံတမန်ဆန်ဆန် စကားလုံးတွေသုံး၊ တောင်းပန်တိုးရှိုးတဲ့ လေသံကလေးတွေနဲ့တင်ပြ၊ ဘာမှဖြစ်မလာဘဲ ကိုယ့်ဒေသကိုယ်ပြန်ရောက်လို့ သူများမေးကြတဲ့အခါမှာ ကျွန်တော်ကတော့ အစွမ်းကုန်တင်ပြဆွေးနွေးခဲ့တာဘဲ ဖြစ်မလာတာတော့ ဘယ်တတ်နိုင်မလဲဗျာဆိုတာနဲ့ဘဲ ပြီးသွားမယ့်အနေအထားပါဘဲ မလေးရာ။

**လေး** – ယဉ်ယဉ်ကျေးကျေးနဲ့ ပြောတာမကောင်းဘူးလား ကိုရင်မောင်။ ပြတ်ပြတ်သားသား တောင်းဆိုတယ်ဆိုတာ ဘာကိုပြောတာလဲရှင့်။

**ရင်** – ယဉ်ယဉ်ကျေးကျေးနဲ့ ပြောတာကို မကန့်ကွက်ပါဘူးဗျ မလေးရ၊ ယဉ်ကျေးတာက တပိုင်း၊ မိမိရပ်တည်တောင်းဆိုတာ ပြတ်သားတာကတပိုင်းဘဲဗျ။ ရိုးရိုးကလေးဘဲလေဗျာ မလေးရာ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ရှိတဲ့ ပြည်နယ်တွေတည်ဆောက်ချင်တယ်ဆိုရင် ကိုယ့်ပြည်နယ်လွှတ်တော်တွေမှာ စစ်တပ်က မောင်မင်းကြီးသား စစ်ဗိုလ်များကို ဘယ်လိုလုပ်ပြီး နေရာပေးထားလို့ ရနိုင်မလဲဗျာ၊ ဒီနှစ်ခုဟာ ပြဒါးတလမ်း သံတလမ်းဘဲဗျ။ ယဉ်ယဉ်ကျေးကျေးပြောပါ။ ဒါပေမယ့် မူအရတော့ ပြတ်ပြတ်သားသား ပြောကို ပြောဘို့လိုတယ်လို့ ကျွန်တော်တော့ ယူဆသဗျာ။

**လေး –** ကံသေကံမ ဘယ်ပြောလို့ရဦးမလဲ ကိုရင်မောင်၊ ပြတ်ပြတ်သားသား တောင်းဆိုဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေလည်း အနည်းနဲ့အများ ပေါ်လာနိုင်သေးတာဘဲ မဟုတ်လား။

**ရင်** – အင်း ဒီညီလာခံက လက်ရှိချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းဘောင်ထဲကနေဆွေးနွေးနေလို့ကတော့ စစ်တပ်ရဲ့ လွှမ်းမိုးချုပ်ကိုင်မှုမရှိဘဲ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ် စီမံခွင့်ရှိတဲ့ ပြည်နယ်တွေရဘို့ဆိုတာ တောင်ထိပ်ကြာပေါက် အနောက်နေထွက်ဆိုတဲ့ စကားပုံအတိုင်း ဘာမှကိုဖြစ်လာနိုင်ဘွယ်မရှိဘူးလို့ ကျွန်တော်ကတော့ မြင်သဗျမလေးရ။

**လေး** – ကိုင်း ထားပါတော့ ကိုရင်မောင်။ အချိန်လဲ လင့်သွားပြီမို့ နောက်အပတ်မှ ဆက်ကြရအောင်နော်။

**ရင်** – ကောင်းပါပြီတဲ့ဗျာ။

## တိုင်းရင်းသားအခွင့်အရေးနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

**ရင်** – မလေးရေ။ ပြီးခဲ့တဲ့အပတ်မှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတုံးက တိုင်းခုနှစ်တိုင်း ပြည်နယ်ခုနှစ် ပြည်နယ်နဲ့ ပြည်ထောင်စုပုံစံကို ဆက်ပြီးဖော်ဆောင်သွားမယ်ဆိုရင် ပြည်ထောင်စုဖွဲ့စည်းရာမှာပါဝင်တဲ့ ယူနစ် ( Constituent Units ) တွေရဲ့ တန်းတူညီမျှမှုအနေအထားကို အကောင်အထည်ဖော်ပေးနိုင်မှုမရှိတော့တာ ကြောင့် တိုင်းရင်းသားတန်းတူအခွင့်အရေးရနိုင်ဘို့ မလွယ်တော့ဘူးဆိုတာကို အနည်းအကျဉ်းတော့ နားလည်လာပါပြီဗျာ။

**လေး** – ကောင်းတာပေါ့ကိုရင်မောင်။

**ရင်** – နောက်တခု ကျွန်တော် ဆက်ပြီးမေးချင်တာက တိုင်းရင်းသားအခွင့်အရေးတွေကို အာမခံချက်ပေးနိုင်စေဘို့အတွက် မလေး ဆွေးနွေးသွားတဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရှိဘို့လိုတယ်ဆိုတဲ့အချက်ဘဲဗျာ။ အဲဒါကလေးကို နည်းနည်းလောက်ဆက်ပြီး ဆွေးနွေးပေးလို့ရမလားဗျာ။

**လေး** – ရတာပေါ့ ကိုရင်မောင်။ ပြည်ထောင်စုဆိုတာ ပြည်ထောင်စု ဖွဲ့စည်းရာမှာပါဝင်တဲ့ ယူနစ်တွေကို အခြေခံပြီး ဖွဲ့စည်းပေါ်ပေါက်လာတာ ဖြစ်တယ်ရှင့်။ ဒါကြောင့် အဲဒီယူနစ်တွေအားလုံးကို ကိုယ်စားပြုတဲ့ ပြည်ထောင်စုနိုင်ငံတခုလုံးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ရှိဘို့ လိုအပ်သလို ယူနစ်တခုခြင်းစီအလိုက် အတွက်လည်း ကျင့်သုံးနိုင်ဘို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အသီးသီးလည်း တည်ရှိဘိုလိုအပ်တယ်ရှင့်။ တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင့်သုံးချင်တယ်ဆိုရင် ပြည်နယ်တခုခြင်းစီအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ထားရှိကျင့်သုံးခွင့်ကို တရားဝင် အသိအမှတ်ပြုပေးရမယ် ကိုရင်မောင်။

**ရင်** – မလေးပြောချင်တာက ပြည်ထောင်စုစစ်စစ်နိုင်ငံတွေမှာ ပြည်ထောင်စုနိုင်ငံတခုလုံးရဲ့ဖွဲ့ စည်းပုံအခြေခံဥပဒေကြီး တခုရှိသလို ပြည်ထောင်စုဖွဲ့စည်းရာမှာပါဝင်တဲ့ ပြည်နယ်တခုခြင်းစီ အတွက်လည်းပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွေ ရှိကြတယ်။ ဒီလိုလားဗျာ။

**လေး** – အမှန်ဘဲပေါ့ ကိုရင်မောင်။

**ရင်** – အဲ ဒါဆိုရင်ဗျာ မလေးရာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ဘယ်လိုဆက်စပ်ပြီး စဉ်းစားရသလဲဆိုတာ အနည်းအကျဉ်းလောက် ရှင်းပြပါလားဗျာ။

**လေး** – ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စုဖွဲ့စည်းတည်ဆောက်မှုအနေအထားတွေကိုသာ ပြဋ္ဌာန်းပေးရတယ်ရှင့်။ ပြည်နယ်တခုခြင်းစီမှာရှိတဲ့ ဖွဲ့

စည်းတည်ဆောက်မှုအနေအထားတွေကို ပြည်ထောင်စုဖွဲ့စည်းပုံမှာ ဘာမှထည့်သွင်းပြဋ္ဌာန်းစရာအကြောင်းကို မရှိဘူး။ ပြည်နယ်တခုခြင်းစီမှာရှိတဲ့ ဖွဲ့စည်း တည်ဆောက်မှုအနေအထားတွေကို ပြည်ထောင်စုဖွဲ့စည်းပုံမှာ ထည့်သွင်းပြဋ္ဌာန်းပေးလိုက်ရင် ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ ဘာမှမရှိတော့ဘူး။ အဲဒါဆိုရင်ရင် ပြည်ထောင်စုမဟုတ်တော့ဘူး။ ပြည်ထောင်စုဆိုတဲ့ စကားလုံးကို သုံးလို့ကိုမရတော့ဘူး ကိုရင်မောင်။

**ရင်** – မလေးပြောချင်တာက ပြည်နယ်တခုခြင်းစီမှာ ဥပဒေပြုလွှတ်တော်တရပ်စနစ်ကို ကျင့်သုံးမလား၊ နှစ်ရပ်စနစ်ကို ကျင့်သုံးမလား။ အစိုးရဖွဲ့စည်းတဲ့အခါမှာ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပါလီမန်စနစ်ကို ကျင့်သုံးမလား၊ သမတ ဦးဆောင်တဲ့စနစ်အခြေခံဖြစ်တဲ့ ပြည်နယ်အကြီးအကဲ ( Governor ) စနစ်ကို ကျင့်သုံးမလား။ ပြည်နယ်တရားရုံးချုပ်ကို ဘယ်လိုဖွဲ့စည်းမလဲဆိုတာတွေဟာ သက်ဆိုင်ရာ ပြည်နယ်တခုချင်းစီအလိုက် ပြည်နယ်သားတွေ စုစည်းတိုင်ပင် ညှိနှိုင်းကြပြီး ကိုယ့်ပြည်နယ် ဖွဲ့စည်းပုံကို ကိုယ့်ဖာသာကိုယ် ရေးဆွဲကျင့်သုံးကြရမှာဖြစ်တယ်။ ဒီလိုမဟုတ်လားဗျ မလေးရ။

**လေး** – အမှန်ဘဲပေါ့ကိုရင်မောင်။

**ရင်** – အခုလက်ရှိကျင်းပနေတဲ့ နအဖ ရဲ့ အမျိုးသားညီလာခံမှာတော့ ပြည်ထောင်စုဖွဲ့စည်းရာမှာ ပါဝင်တဲ့ ယူနစ်တွေရဲ့ တန်းတူညီမျှရှိမှု အနေအထားကို ဘယ်လိုဖော်ဆောင်မယ်၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ဘယ်လိုရေးဆွဲသွားမယ်ဆိုတဲ့ အချက်တွေကို ဘာမှ ဆွေးနွေးသံမကြားရပါကလားဗျာ မလေးရာ။

**လေး** – အဲဒါ အကြောင်းနှစ်ချက်ကြောင့်ဖြစ်နိုင်တယ် ကိုရင်မောင်။ တချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ပြည်သူလူထုရဲ့ အခွင့်အရေးတွေကို ပြဋ္ဌာန်းပြီး အစိုးရရဲ့ လုပ်ပိုင်ခွင့်တွေကို ကန့်သတ်ပေးတဲ့အရာဖြစ်တယ်ဆိုတဲ့ အချက်ကိုတောင်မှ ကောင်းကောင်းသဘောမပေါက်ကြတဲ့၊ လူထုကိုယ်စားလှယ် အစစ်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေ တကယ့်အများစုကြီး တက်ရောက်နေကြတာက အကြောင်းတရပ်ဖြစ်တယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ကြီးများဟာ တိုင်းရင်းသားပေါင်းစုံကို ကိုယ်စားပြုသယောင်ပြတဲ့ ဝတ်စုံကြီးတွေကို ဘယ်လိုဘဲဝတ်ပြီး တက်ရောက်နေကြပေမယ့် ပြည်ထောင်စုဖွဲ့စည်းရာမှာပါဝင်တဲ့ ယူနစ်တွေအကြောင်းတို့၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အကြောင်းတို့ကို လေ့လာမထားခဲ့ဘူးကြတာကြောင့် နအဖစစ်ဗိုလ်ချုပ်တွေ ရှင်းပြချက်တွေအပေါ် တိုင်းရင်းသား အခွင့်အရေးဆိုတာကို ဘယ်လိုအခြေခံကနေ စဉ်းစားရမှန်းမသိ ဖြစ်နေကြတာက ပထမအကြောင်းဖြစ်တယ်နော်။

**ရင်** – အင်း မလေးပြောတာကို အကျဉ်းချုပ်ရရင် ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး အခြေခံအားဖြင့်

လေ့လာထားမှုမရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကို ဘာမှမသိတဲ့ ပုဂ္ဂိုလ်ကြီးများ အများစုတက်ရောက်နေကြတဲ့ ညီလာခံဖြစ်တာကြောင့် နအဖ ပြောတာကို လက်ညှိုးထောင် ခေါင်းငြိမ့်လုပ်နေကြရတဲ့အဆင့်ဘဲရှိတယ်။ ဒီလိုမဟုတ်လားဗျာ။

**လေး –** မှန်တာပေါ့ ကိုရင်မောင်။

**ရင် –** ဒုတိယ အကြောင်းကရော ဘာများပါလိမ့် ဆက်စမ်းပါဦးဗျာ ဆရာမကြီးရာ။

**လေး –** ဒုတိယအကြောင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကို အတော်ကလေး ရိပ်စားမိတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေတချို့တက်ရောက်နေကြတာလည်း တွေ့တော့တွေ့မိတယ်ရှင့်။ သူတို့အနေနဲ့ ပြည်ထောင်စုဖွဲ့စည်းပုံထဲမှာ ပြည်နယ် ကိစ္စတွေ အသေးစိပ် ဘာမှ ထည့်သွင်းပြဋ္ဌာန်းစရာ မလိုဘူးဆိုတဲ့အချက်တို့၊ ပြည် နယ်တိုင်းမှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရှိနေပြီးတော့ ပြည်နယ်ကိစ္စ တွေကို ပြည်နယ်ဖွဲ့စည်း ပုံထဲမှာသာ ထည့်သွင်းပြဋ္ဌာန်းရမယ်ဆိုတဲ့အချက်တို့ကို ဒီပုဂ္ဂိုလ်ကြီးများ အခြေခံအားဖြင့် သိကိုသိကြတယ်လို့ ကျမတော့ ယုံကြည်တယ် ကိုရင်မောင်။

**ရင် –** ဒါဖြင့်ရင် ဘာကြောင့် ပြောင်ပြောင်မြောက်မြောက် ဆွေးနွေးတဲ့အသံတွေ ထွက်မ လာသလဲဗျာ။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေရရှိအောင် မဖြစ်ဖြစ်အောင် ဆွေးနွေးမယ်လို့ ကြုံးဝါးပြီး ညီလာခံတက်သွားကြတဲ့ ပုဂ္ဂိုလ်ကြီးများဆီက ဘာမှ ထိထိရောက်အသံတွေ မထွက်လာဘဲကိုးဗျ။ ကျွန်တော်တော့ အားမရလိုက်တာ မလေးရာ။ ကျူးဘားတော်လှန်ရေးကာလတုံးက ကတ်စထရိုရဲ့ ကမ္ဘာကျော်တ ရားခွင်လျှောက်လဲချက်များဆိုတာကို မှတ်မိသေးသဗျာ။

**လေး –** ဘာများပါလိမ့် ကိုရင်မောင်။

**ရင် –** အော် ဘာတစ္စတာ စစ်အစိုးရက တော်လှန်ရေးသမားဖြစ်ခဲ့တဲ့ ကတ်စထရိုကို ရုံးတင်တရားစွဲခဲ့သေးမဟုတ်လားဗျာ။ ပြည်သူတွေ တက်ရောက်နားထောင်ခွင့် မရှိပေမယ့် အဲဒီတရားရုံးမှာတင်ဘဲ စစ်အစိုးရရဲ့ မတရား ဖိနှိပ်အုပ်ချုပ်မှုတွေကို ပြောင်ပြောင်တင်းတင်း ဖွင့်ချပြောကြားသွားတဲ့ ကတ်စထရိုရဲ့ မိန့်ခွန်းတွေ ကောင်း လွန်းလို့ တရားရုံးမှာ အစောင့်တာဝန်ကျနေတဲ့ စစ်အစိုးရရဲ့ စစ်သားတွေကိုယ်တိုင် က အပြင်က ပြည်သူလူထုတွေဆီကို တဆင့်ပြန်လည် ဖောက်သည်ချကြ ဆိုကိုး ဗျ။

**လေး –** သတိရပြီ ကိုရင်မောင်ရေ။ ဒါပေမယ့် အခုအမျိုးသားညီလာခံမှာတော့ အချိန်အ ထိ ဖြစ်သင့်တာကို ပြောင်ပြောင်မြောက်မြောက် ထပြီးဆွေးနွေးတဲ့ ကိုယ်စားလှယ် ဆိုလို့ တယောက်မှကို မတွေ့မိတာတော့ အမှန်ပါဘဲရှင်။

**ရင် –** အမျိုးသားညီလာခံဆိုတာကို သွားတက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ကို အရင်တုံးက မလေ့လာခဲ့မိလို့ ဘာမှမဆွေးနွေးနိုင်တဲ့ ကိုယ်စားလှယ်တွေ ရှိကြ

တာလည်းမကောင်း၊ တချို့ကျတော့ သိပါရက်နဲ့ ကြောက်လွန်းလို့ ငြိမ်ကုတ်နေကြပြီး ဘာမှမဆွေးနွေးရဲကြတာလည်းတကြောင်း၊ ဒီအကြောင်း နှစ်ခုလုံးဟာ တိုင်းပြည်ရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် အကြီးအကျယ် အဟန့်အတားဖြစ်တာပေါ့ဗျာ မလေးရာ။

**လေး** – ကဲ အဟန့်အတားဖြစ်လဲ ထားလိုက်ပါတော့ ကိုရင်မောင်ရေ။ အချိန်လည်းမရှိတော့လို့ နောက်အပတ်မှ ဆက်ကြရအောင်နော်။

**ရင်** – ကောင်းပါပြီတဲ့ ခင်ဗျာ။

အမျိုးသားညီလာခံ

# နအဖအမျိုးသားညီလာခံအပေါ် တရားဥပဒေစိုးမိုးရေးအမြင်မှုရှုမြင်ချက်

ရန်နောင်မြင့် စုစည်းတင်ပြသည်

၁၉၉၃ ခုနှစ်တွင် စတင်ခဲ့သည့် နအဖ ၏ အမျိုးသားညီလာခံသည် နားလိုက် ဆက်လိုက်နှင့်လုပ်ခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ညီလာခံမှထွက်ခွာခဲ့သည့် ၁၉၉၆ ခုနှစ်တွင် အချိန်ကြာကြာ ရပ်နားခဲ့သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့် ဝန်ကြီးချုပ်ခေတ်တွင် အဆင့် (၇) ခုပါ နိုင်ငံရေးလမ်းပြမြေပုံရေး၍ (၈) နှစ်ကြာရပ်နားထားသော ညီလာခံကို ပြန်လည်ပြုလုပ်ရန်စီစဉ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်တို့ မပါသော ညီလာခံကို နအဖ က ၁၇–၅–၂၀၀၄ ဆက်လုပ်ပြီး ၉–၇–၂၀၀၄ တွင်ရပ်နားသည်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်း လက်ထက် ၁၇–၂–၂၀၀၅ တွင် ဆက်လုပ်ပြန်သည် ။ ၃၁–၃–၂၀၀၅ တွင် အ၄မအကြိမ်မြောက် ရပ်နားသည်။ ယခုနောက်ဆုံး ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၅ ) ရက်တွင် န၀မအကြိမ်မြောက် ဆက်လုပ်နေသည်။

ဤသို့ဖြင့် နအဖ ၏ ညီလာခံသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ( ၉ ) ရက် မှ နောက်ဆုံးလုပ်သည့် ၅–၁၂–၂၀၀၅ အထိ (၁၃)နှစ် နီးပါးရှိပြီး န၀မအကြိမ်မြောက် ပြန်လည်စတင်ကျင်းပနေခဲ့သော်လည်း အပြီးသတ်နိုင်မည့်လက္ခဏာ မတွေ့ရသေးပေ။

န၀တ၏ အမျိုးသားညီလာခံကျင်းပရာတွင် တိကျသောအချိန်ဇယားမရှိပဲ ရပ်လိုက ရပ်၍ ပြန်စလိုက စခြင်းမျိုးကို လိုလျှင်လိုသလို ပြုလုပ်နေခြင်းသာဖြစ်သည်။ ကျင်းပခဲ့သည့်ခေါက်ရေအကြိမ်များကို ပြန်လည်သုံးသပ်လေ့လာကြည့်မည်ဆိုလျှင် –

၁။ ပထမ ( ၉-၁-၉၃ ) မှ ( ၁၁-၁-၉၃ ) – ၆၉၉ – ဦးတက်ရောက်သည် ။
၂။ ဒုတိယ ( ၁-၂- ၉၃ ) မှ ( ၈-၄-၉၃ ) – ၆၉၅ – ဦး
၃။ တတိယ ( ၇-၆-၉၃ ) မှ ( ၁၆-၉-၉၃ ) – ၆၉၈ – ဦး
၄။ စတုတ္ထ ( ၁၈-၁-၉၄ ) မှ ( ၉-၄-၉၄ ) – ၆၄၃ – ဦး
၅။ ပဉ္စမ ( ၂-၉-၉၄ ) မှ ( ၇-၄-၉၅ ) – ၆၂၀ – ဦး
၆။ ဆဋ္ဌမ ( ၂၈-၁၁-၉၅ ) မှ ( ၃၁-၃-၉၆ ) – ၆၇၇ – ဦး
၇။ သတ္တမ (၁၇-၅-၀၄) မှ ( ၉-၇-၀၄ ) – ၁၀၈၈ – ဦး
၈။ အဋ္ဌမ ( ၁၇-၂-၀၅ ) မှ ( ၃၁-၃-၀၅ ) – ၁၀၁၈ ဦး
၉။ နဝမ ( ၅-၁၂-၀၅ ) မှ (---------)

ဤသို့ဖြင့် အမျိုးသားညီလာခံကို အချိန်ဇယားသတ်မှတ်မှုမရှိပဲ ပြုလုပ်သဖြင့် အချိန်ဆွဲလိုသမျှဆွဲနိုင်ခြင်း၊ ချုံ့လိုကချုံ့နိုင်ခြင်းများရှိနေသည်။ ညီလာခံကိုရပ်နားခဲ့ရသည့် အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် တိကျစွာသတ်မှတ်ထားပြီးဖြစ်သည့် အစီအစဉ်အရမဟုတ်ဘဲ၊ ညီလာခံအတွင်း ပေါ်ပေါက်လာသည့်ပြဿနာအချို့အပေါ် အချိန်ယူဖြေရှင်းရန်လိုအပ်လာလျှင်လည်းကောင်း၊ ပြင်ပနိုင်ငံရေးအခြေအနေအလှည့် အပြောင်းများအပေါ်တွင်လည်းကောင်း၊ လိုသလိုဆွဲ လုပ်ဆောင်ခဲ့မှုများကိုသာ သုံးသပ်တွေ့မြင်နိုင်မည်ဖြစ်ပေသည်။

( ၁၃ ) နှစ်နီးပါးကြာရှည်ခဲ့ပြီး အရေးပါသည့် ပြည်သူ့ကိုယ်စားလှယ်များလည်း နုတ်ထွက်၊ ( ၉ ) ပိုင်းတိုင်အောင် အပိုင်းပိုင်းအပြတ်ပြတ် အကြိမ်ကြိမ်လုပ်နေရသည်အထိ ရပ်ပျက်ဆင်းပျက် အကျည်းတန်သော အတုအယောင်ညီလာခံတခု ဖြစ်နေရသည်မှာ အဘယ်ကြောင့်ဆိုသည်ကို လက်လှမ်းမီသမျှ လေ့လာရှုမြင်တင်ပြလိုပါသည်။

ယင်းကဲ့သို့ အမျိုးသားညီလာခံတရပ်ကို အကန့်အသတ်မဲ့ ကျင်းပနေခြင်းသည် ၎င်းတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဥပဒေနှင့်ဆန့်ကျင်နေသည့်အပြင်၊ တရားဥပဒေစိုးမိုးရေးအမြင်အရလည်း မည်သည့်နည်းနှင့်မျှ တည့်မတ်မှုမရှိနိုင်သကဲ့သို့ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံသမိုင်းတွင်မှ ဤဖြစ်ရပ်မျိုးမရှိခဲ့ပေ။

## အမျိုးသားညီလာခံကျင်းပပုံ

### ညီလာခံရည်ရွယ်ချက်

ဦးတည်ချက် ( ၆ ) ရပ်အနက် ဆဋ္ဌမအချက်ဖြစ်သော အနာဂတ်နိုင်ငံတော်၏ အမျိုး

သားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည်မှာ မြန်မာ့နိုင်ငံရေးတွင် စစ်တပ်က ထာဝရဦးဆောင်မည့် အခြေခံဥပဒေမျိုးကိုသာ ဦးတည်စေရန် ညီလာခံမတိုင်မီကပင် ထိန်းချုပ် ( လမ်းပိတ် ) ထားပြီးဖြစ်သည်။

မူ ( ၁၀၄ ) ချက်သည် ဦးတည်ချက်အမှတ် ( ၆ ) ကို အကောင်အထည်ဖော်ရန် အခြေခံဖြင့် ညီလာခံအတွင်း ချမှတ်လိုက်သည့် အသေးစိတ် အစီအမံဖြစ်သည်။ ဤအစီအမံသည် ဆက်လက်ပြုလုပ်မည့် ညီလာခံတလျှောက်လုံးကို ချုပ်ကိုင်ချည်နှောင်ထားသည်။

## ညီလာခံစုဖွဲ့စည်းမှု

| စဉ် | အစုအဖွဲ့များ | ပထမဆုံး ညီလာခံ | ရာနှုန်း | ၁၇-၂-၀၅ ညီလာခံ | ရာနှုန်း |
|---|---|---|---|---|---|
| ၁ | နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ | ၄၉ ဦး | ၇ | ၂၉ ဦး | ၂.၆၇ |
| ၂ | ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ် | ၁၀၇ ဦး | ၁၅ | ၁၃ ဦး | ၁.၁၉ |
| ၃ | တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ | ၂၁၅ ဦး | ၃၂ | ၆၃၃ ဦး | ၅၈.၂၉ |
| ၄ | တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ | ၉ ဦး | ၁၄ | ၉၃ ဦး | ၈.၆၅ |
| ၅ | အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ | ၄၈ ဦး | ၇ | ၄၈ ဦး | ၄.၄၂ |
| ၆ | အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ | ၄၁ ဦး | ၅ | ၅၉ ဦး | ၅.၄၃ |
| ၇ | နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအဖွဲ့ | ၉၂ ဦး | ၁၄ | | |
| ၈ | အပစ်ခတ်ရပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ | | | ၁၇ ဦး | ၁.၅၇ |
| ၉ | အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ | ၅၇ ဦး | ၆ | ၁၉၄ ဦး | ၁၇.၈၆ |
| | **စုစုပေါင်း** | **၇၀၂ ဦး** | | **၁၀၈၆ ဦး** | |

ရွေးကောက်ပွဲတွင် ၈၂ ရာခိုင်နှုန်း အနိုင်ရထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ထိုစဉ်က ညီလာခံ တွင် ၁၂ ရာခိုင်နှုန်းသာ တက်ရောက်ခွင့်ရခဲ့သည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း ညီလာခံတွင် ( ၄ ) ဦးသာ တက်ရောက်ခွင့်ရရှိခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှလွဲ၍ ကျန်အစုအဖွဲ့ ( ၆ ) ခုမှ ကိုယ်စားလှယ်များ (အတိအကျသတ်မှတ်ထားမှုမရှိ) ဦးကို နဝတ (နအဖ) က စီစဉ်ရွေးချယ်ထားခဲ့သည်။

၎င်းကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လူထုလူတန်းစား အလွှာများကို ကိုယ်စားပြုသည်ဟု မဆိုနိုင်။ နဝတ (နအဖ)က လက်ညှိုးထိုး ရွေးချယ်ခံထားရသူများသာဖြစ်သည်။ ထိုလက်ရွေးစင်ကိုယ်စားလှယ်များသည် ညီလာခံတွင် အများစုဖြစ်နေခဲ့ပြီး နဝတ၏ လမ်းညွှန်မှုများအတိုင်းသာ အစဉ်တစိုက် ထောက်ခံဆွေးနွေးခဲ့ကြသည်ကိုကြုံခဲ့ရသည်။ အလှည့်ကျသဘာပတိအဖွဲ့၏ တင်ပြချက်များအပေါ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်း ကော်မီတီတို့က ဆုံးဖြတ်ချက်ချရာတွင်လည်း **ဒီမိုကရေစီ ကျင့်စဉ်အရ အနည်းစုက အများစု၏ဆန္ဒကိုလိုက်လျောရမည်ဟု ကော်မရှင်က ဆုံးဖြတ်လေ့ရှိသည်။** နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များသည် နဝတ၏ လက်ရွေးစင် ညီလာခံကိုယ်စားလှယ် အရေအတွက်ကြောင့် အမြဲတမ်း “အနည်းစု” အင်အားသာဖြစ်နေခဲ့သည်။

## ဒီမိုကရေစီနည်းလမ်းမကျသော လုပ်ထုံးလုပ်နည်းများ

ညီလာခံ လုပ်ဆောင်ချက်များသည် Rule of Law နှင့် ဆန့်ကျင်သည်။ တက်ရောက်မည့် ကိုယ်စားလှယ်အစုအဖွဲ့ အမည်စာရင်းအရ ညီလာခံတွင် ဆွေးနွေးဘက်များမှာ နဝတ က လက်ညှိုးထိုးရွေးချယ်ထားသော သြဇာခံအုပ်စု၊ အပစ်ခတ်ရပ်စဲရေး အဖွဲ့အစည်းအချို့နှင့် အတိုက် အခံအချို့ တို့သာဖြစ်ပြီး ၎င်းတို့အချင်းချင်း တွေ့ဆုံ မှုမျှသာဖြစ်နေသည်။ နအဖ နှင့် အတိုက်အခံတို့၏ နှစ်ဦးနှစ်ဘက် တွေ့ဆုံဆွေးနွေးမှုမျိုးမဟုတ်၊ နဝတ (နအဖ) က ညီလာခံကို အဘက်ဘက်မှ ချုပ်ကိုင်ဆုံးဖြတ်မည့် ညီလာခံကျင်းပရေးကော်မရှင်နှင့် ညီလာခံလုပ်ငန်းကော်မီတီနေရာကို ရယူထားသည်။ စင်စစ်အားဖြင့် နအဖ နှင့် အတိုက်အခံဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုတို့အကြား ဆွေးနွေးအဖြေရှာမှသာလျှင် စစ်မှန်သောရလဒ် ပေါ်ထွန်းရန် အလားအလာ ကောင်းနိုင်မည်ဖြစ်သည်။

ညီလာခံ၏လုပ်ငန်းစဉ်နှင့် ဆွေးနွေးရမည့် အကြောင်းအရာများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် ကျင်းပရေးလုပ်ငန်းကော်မီတီတို့ကတဆင့် ကြပ်မတ်ထိန်းချုပ်ထားသည်။ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဖွဲ့စည်းစဉ်က အမိန့်အမှတ် ၁၃/၉၀ အပိုဒ်

( ၄ )၊ ပိုဒ်ခွဲ ( ခ ) တွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အ ခြေခံမူများကို အမျိုးသားညီလာခံတွင် ချမှတ်ရာ၌ ဖော်ပြပါဦးတည်ချက်များ၏ ဘောင်အတွင်းမှသာ ဆွေး နွေး ညှိနှိုင်း ဖော်ထုတ်နိုင်ရန် ကြပ်မတ်ရမည်"ဟု ဘောင်ခတ်ထားသည်။ "ဖော်ပြပါ ဦးတည် ချက်များ" ဆိုသည်မှာ အမျိုးသားညီလာခံအတွက် ချမှတ်ထားသော ဦးတည်ချက် ( ၆ ) ရပ်ပင်ဖြစ်သည်။

ထို့ပြင် ကျင်းပရေးကော်မရှင်ကထုတ်ပြန်သော**"အမျိုးသားညီလာခံကျင်းပရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"** ပါဆွေးနွေးရန် နည်းလမ်းများအခန်း၌ (က) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ခေါင်းစဉ် များလျာထားရေးအတွက် ညှိနှိုင်းခြင်းဟူသော ခေါင်းစဉ်ပါအပိုဒ် (၂၉)၊ အပိုဒ်ခွဲ ( ဈ ) တွင် "အထက်အပိုဒ်ခွဲများပါအတိုင်း နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် သီးခြား အကြံပြုတင်ပြလိုသည့် ညီလာခံကိုယ်စားလှယ်များအနက် သဘောထားကွဲလွဲချက်များ ရှိပါက ယင်းတို့ကို ကြေလည်စေရန် ညီလာခံကျင်းပရေးလုပ်ငန်းကော်မီတီက တတ်နိုင်သမျှ ညှိနှိုင်းပြီး လိုအပ်သလို ဆောင်ရွက်ပေးရမည်"ဟု သတ်မှတ်ထားသည်။ လက်တွေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တင်ပြချက်များက အခြားအစုအဖွဲ့အချို့၏ တင်ပြချက်များ နှင့် ကွဲလွဲနေသောအခါမျိုးတွင် လုပ်ငန်းကော်မီတီ ဥက္ကဋ္ဌ သို့ စာဖြင့်ရေးသားတင်ပြသော အခါ "အကြံပြုချက်များကို ညီလာခံကျင်းပရေးလုပ်ငန်းကော်မီတီအနေနှင့် မှတ်သားထား မှာဖြစ်ပါတယ်"ဟုသာ ပြန်ကြားပြီး ဆက်လက်ဆွေးနွေးမှုမရှိတော့ဘဲ လစ်လျူရှုထားခဲ့ သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ကြိုတင်ချမှတ်ထားပြီးသော အခန်းများကို ကျင်းပ ရေးကော်မရှင်ဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မီတီ ဥက္ကဋ္ဌတို့က ဦးစွာ လမ်းကြောင်းပေး၍ ဆွေးနွေး သည်။ ၎င်းတို့ပေးသောလမ်းကြောင်းနှင့် တက်ရောက်သူတို့၏သဘောထား ကွဲလွဲနေ၍ တင်ပြလိုပါက အောက်ပါအတိုင်း အဆင့်အဆင့် တင်ပြစီစစ်ခံရသည် ။

(၁) အစုအဖွဲ့က စာတမ်းပြုစုပြီး အစုအဖွဲ့သဘာပတိအဖွဲ့ကို တင်ပြရသည်။ အစု အဖွဲ့ သဘာပတိအဖွဲ့က စီစစ်ပြီး ပြင်ဆင်လိုသည်များကို ပြင်ဆင်ခိုင်းသည်။

(၂) ထိုနောက် လုပ်ငန်းကော်မီတီကိုတင်ပြရသည်။ ပြင်ဆင်ရန်လိုအပ်မှုများကို ပြင် ဆင်ပေးရသည်။

(၃) ထိုနောက် အစုအဖွဲ့အတွင်း အစည်းအဝေးတွင် စာတမ်းကို ဖတ်ကြားရသည်။ သဘာပတိက ခြုံငုံသုံးသပ်၍ ချမှတ် သင့်သည့် မူများကို ကျင်းပရေးကော်မရှင်သို့ တင်ပြရသည်။

(၄) သဘာပတိတင်ပြချက်အပေါ် လုပ်ငန်းကော်မီတီက ကျင်းပရေးကော်မရှင်၏ သ

ဘောတူညီချက်ဖြင့် စုံညီအစည်းအဝေးတွင် ဖတ်ကြားကြေညာ၍ အတည်ပြု ပေးရသည်။

ဤသို့ဖြင့် အစုအဖွဲ့၏ အကြံပြုတင်ပြချက်စာတမ်းသည် အဆင့်ဆင့် တည်းဖြတ်မှု ခံထားရပြီးသော စာတမ်းဖြစ်ရပါတော့သည်။ ကော်မရှင်မှ သတ်မှတ်ထားသည့် အခြေခံမူများနှင့်ဆန့်ကျင်ကွဲလွဲသည့် မည်သည့်တင်ပြတောင်းဆိုမှုကိုမျှ အရေးယူဆောင်ရွက်ခဲ့ခြင်း မရှိသကဲ့သို့ လိုအပ်ပါက အရေးယူမှုများပင် ပြုလုပ်ခဲ့ပေသည်။

နအဖ တို့၏ ဆန္ဒသဘောနှင့်မညီသဖြင့် အရေးယူခဲ့ခြင်းများကို သာဓကအနေဖြင့် ဖေါ်ပြရလျှင် –

(၁) ကယားပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချို အား တည်းဖြတ်ထားသော စာတမ်းအတိုင်းမပြောပဲ ၎င်းဒေသရှိ ပြည်သူလူထု၏ ခံစားမှုနှင့်အမြင်များအတိုင်း ထုတ်ဖော်ပြောဆိုသည့်အတွက် ညီ လာခံကိုယ် စားလှယ်အဖြစ်မှ ထုတ်ပယ်ပြစ်ခဲ့သည်။

(၂) ၁၉၉၃ခုနှစ်၊ ဩဂုတ်လတွင်ညီလာခံကိုယ်စားလှယ်တဦးဖြစ်သူ ဒေါက်တာ အောင်ခင်ဆင့်အား တည်းဖြတ်မှုနှင့် ခွင့်ပြုချက်မရှိသော စာတမ်းအား ဖြန့်ချိမှု ဖြင့် ထောင်ဒါဏ်နှစ် (၂၀) အပြစ်ပေးခဲ့သည်။

## ပဏာမသုံးသပ်တွေ့ရှိချက်

(က) ညီလာခံဦးတည်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမျိုးသားညီလာခံကျင်း ပရေး ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်းကောင်း၊ ညီလာခံတွင်လည်းကောင်း၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်း၍ ပြုစုခဲ့မှုမရှိခြင်း။

( ခ ) ညီလာခံကိုယ်စားလှယ် အချိုးအစားကိုကြည့်သောအခါ ပြည်သူလူထု ရွေး ကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ညီလာခံ ကိုယ်စားလှယ်အားလုံး၏ (၁၅ . ၂၄) ရာနှုန်းသာပါရှိသောကြောင့် ညီလာခံတွင် ထာဝစဉ် (အနည်းစု) သာဖြစ်နေခြင်း။

( ဂ ) စာတမ်းများကိုပြုစုတင်ပြရာ၌ လွတ်လပ်မှုမရှိခြင်း။ အာဏာပိုင်များ စိတ်တိုင်း ကျ ပြင်ဆင်စေလိုသည်များကို အကြိမ်ကြိမ် ပြင်ဆင်ပေးရခြင်း။

(ဃ) ညီလာခံအတွင်း ဆွေးနွေးရာ၌ အချင်းချင်း အပြန်အလှန်ဖလှယ်ခွင့် တင်ပြချက် များအပေါ် စီစစ်သုံးသပ်လျက် အသင့်မြတ်ဆုံးကို ညှိနှိုင်းရွေးချယ်ပိုင်ခွင့်မရှိခြင်း

( င ) ကိုယ်စားလှယ်များ၏ စိစစ်တင်ပြချက်အများအပြားကို လစ်လျူရှုခြင်း၊ လုံးဝအ လေးထားမှုမရှိခြင်း၊

( ၈ ) ဆွေးနွေးရန်အချက်အလက်များ ချမှတ်ရာ၌ အခြေခံမူများသာမက အသေးစိတ်အချက်အလက်များပါ ပါဝင်လျက် အတိအကျ လမ်းညွှန်မှုအဆင့်သို့ ရောက်ရှိနေခြင်း။

(ဆ) အလုပ်ညွှန်ကြားချက် သဘာပတိအဖွဲ့က စာတမ်းများကို ခြုံငုံသုံးသပ် တင်ပြသည်ဆိုသော်လည်း၊ ၎င်းတို့ကြိုတင်ပြင်ဆင်ထားသည့် သဘောထားစာတမ်းများကိုသာ ထောက်ခံတင်ပြပေးရခြင်း။

( ဇ ) ဘာသာရပ်တခုအပေါ် အပြည့်အစုံ ဆွေးနွေးခြင်းမပြုရသေးသည်များကိုပါ တပါတည်း ဆုံးဖြတ်ချက်ချမှတ်သည်များကိုတွေ့ရခြင်း။

( ဈ ) ၁၉၄၇ ခုနှစ် နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေများရေးစဉ်က အချိန်ဇယား သတ်မှတ်ချက်ရှိသော်လည်း ယခုညီလာခံသည် အချိန်ဇယားမရှိခြင်း။

**တရားဝင်မှု နှင့် အနာဂတ်အလားအလာ**

**ထိုအချက်များကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံကိုယ်စားလှယ်များသည် ၂၈–၁၁–၉၅ ရက်နေ့တွင် ညီလာခံကျင်းပရေးလုပ်ငန်းကော်မီတီဥက္ကဋ္ဌထံ စာဖြင့် ရေးသားအကြောင်းကြားခဲ့သည်။ ထိုစာတွင် “မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးပွဲတရပ် အောင်မြင်ဖြစ်မြောက်သည်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံသို့ တက်ရောက် ခြင်းမပြုသေးဘဲ စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း” ဖော်ပြ၍ ညီလာခံမတက်သေးဘဲ စောင့်ဆိုင်းနေခဲ့သည်။ ထိုသို့ စောင့်ဆိုင်းဆဲတွင် ညီလာခံကျင်းပရေးဆိုင်ရာ အာဏာပိုင်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခဲ့သည်။** ဤသို့ဖြင့် ပြည်သူလူထုကိုယ်စား တရားဝင် ပါဝင်ရမည့် လူထုကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို ပျက်စီးစေခဲ့သည်။ လူထု၏ ပါဝင်ပတ်သက်မှုဆိုင်ရာ တရားဝင်အခွင့်အရေးများ ကင်းမဲ့ဆုံးရှုံးစေခဲ့သည်။ သို့ဖြစ်၍ နအဖ ရေးဆွဲမည့်အခြေခံဥပဒေသည် တရားမဝင် စစ်အစိုးရသဏ္ဍာန်မှ အမြဲတမ်း တရားဝင်စစ်အစိုးရသဏ္ဍာန်သို့ ကူးပြောင်းခြင်းမျှသာဖြစ်ကြောင်း ထင်ရှားနေသည်။ ထို့အပြင် ဤကဲ့သို့သောအခြေခံဥပဒေမျိုးကို အနှောက်အယှက်ကင်းစွာ အ ကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်လျက် ကြေညာချက် (၅/၉၆) ဖြင့် ကာကွယ်ပေးထားသည်။ ကြေညာချက် (၅/၉၆) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ မည်သူမျှ ဝေဖန်ထောက်ပြခြင်း၊ ပြောဆိုခြင်း မပြုနိုင်အောင် တင်းကြပ်စွာ ပိတ်ပင်ထားသည်။ ကြီးလေးသော ပြစ်ဒဏ်များဖြင့် ခြိမ်းခြောက်ထားသည်။

သို့ဖြင့် ဒီမိုကရေစီကျင့်စဉ်ကင်းမဲ့သော ဤအညီလာခံမျိုးမှ ဒီမိုကရေစီရေးကို ရှေ့ရှုသည့် စစ်မှန်သောအခြေခံဥပဒေတရပ် ပေါ်ထွန်းလာရန် အလှမ်းကွာဝေးနေပါသည်။

## လမ်းပြမြေပုံ၊ အမျိုးသားညီလာခံနှင့် ဒီမိုကရေစီကျင့်စဉ်

ထိုကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသားညီလာခံကိုယ်စားလှယ်များကို ပယ်ဖျက်ခဲ့ပြီးနောက်၊ ညီလာခံကို ၁၉၉၆ ခုနှစ်၊ မတ်လ မှစ၍ ရပ်နားထားခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်တွင် ဒီပဲယင်းဥပဒေမဲ့အကြမ်းဖက်မှု အရေးအခင်းကြီးကို စနစ်တကျ ဖန်တီးလုပ်ဆောင်ခဲ့သည်။ ဒီပဲယင်းအကြမ်းဖက်မှုကြီးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးအပါအဝင် အဆင့်ဆင့်သော အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အဖွဲ့ဝင်အများအပြားကို ဖမ်းဆီးထောင်ချခဲ့ပါသည်။ ဤဒီပဲယင်းအကြမ်းဖက် အရေးအခင်းကို စနစ်တကျ လုပ်ကြံဖန်တီးခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဝန်ကြီးချုပ်ခန့်၍ ၃၀-၈-၂၀၀၃ တွင် ထုတ်ပြန်ခဲ့ သော အဆင့် (၇) ခုပါ နိုင်ငံရေးလမ်းပြမြေပုံဖြင့် ၁၉၉၆ ခုနှစ်က ရပ်နားထားခဲ့သည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ပြန်လည် စတင်အသက်သွင်းခဲ့သည်။

၁၉၉၃ ကစပြီး ၁၉၉၆ တွင်ရပ်နားခဲ့သော ညီလာခံကို ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သည့် ဦးတည်ချက် (၆) ချက်နှင့် ယခင်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည့် ညီလာခံပင်ဖြစ်သည်။ ထိုအပြင် အခြေခံမူ (၁၀၄) ချက်ကို အတည်ပြုပြဋ္ဌာန်းထားပြီး၍ ကြေညာချက် (၅/၉၆) ကို ဖြည့်စွက်ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

ဦးတည်ချက် (၆) ချက်နှင့် အခြေခံမူ (၁၀၄) ချက်အရ နအဖ က ရေးဆွဲလိုသော အခြေခံဥပဒေသည် –

- စစ်တပ်က ရွေးကောက်ပွဲဝင်ရန်မလိုပဲ ပြည်သူ့လွှတ်တော်တွင် (၂၅) ရာခိုင်းနှုန်း အလိုလိုပါဝင်ခွင့်ရှိနေခြင်း၊
- သမ္မတအုပ်ချုပ်ရေးစနစ်အတွက် နိုင်ငံတော်သမ္မတသည် စစ်ရေးအတွေ့အကြုံ ရှိသူဖြစ်ရမည်ဟုဆိုခြင်း၊
- စစ်ဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် အရ အာဏာသိမ်းယူနိုင်ခွင့်ရှိခြင်း၊
- သီးခြားလွတ်လပ်သော တရားစီရင်ရေးစနစ်မဟုတ်ခြင်းများကိုတွေ့ရပါသည်။

ထို့အပြင် –

- နိုင်ငံဖွဲ့စည်းပုံတွင်တိုင်းနှင့်ပြည်နယ်ကို စုဖွဲ့ထားသည့် အစုအဖွဲ့မျိုးသာဖြစ်ပြီး ပြည်ထောင်စု စစ်စစ်ပုံသဏ္ဍာန် မဟုတ်ခြင်း ၊
- အုပ်ချုပ်မှုအဆင့်ဆင့်နှင့် အလွှာတိုင်းတွင် စစ်တပ်က ခေါင်းဆောင်အဖြစ်ပါဝင်နေသဖြင့် မျှတလွတ်လပ်မှုမရှိခြင်း၊

တို့နှင့်အတူ အခြားလက်မခံနိုင်ဘွယ် တဘက်သတ်အသာစီးယူထားသည့် အချက်အလက်ပေါင်းများစွာ ပါရှိနေသည်။

ထိုကြောင့် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်ရှိပါက ရေးဆွဲရမည့်ကိုယ်စားလှယ်များက နည်းလမ်းကျကျ လွတ်လပ်စွာ ညှိနှိုင်းတိုင်ပင် ရေးဆွဲနိုင်စေရန် ကြေညာချက် (၅/၉၆) ကို ရုပ်သိမ်းပေးရေးအတွက် ကိုယ်စားလှယ်များက တောင်းဆိုခဲ့သည်။ သို့သော်လည်း အလေးထား ဆောင်ရွက်ပေးခြင်းမရှိပေ။

ဤအခြေအနေအောက်တွင်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များ အနေဖြင့် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးကို ရှေ့ရှု၍ အနိမ့်ဆုံးလိုအပ်ချက်များ ပြင်ဆင်ဖြည့်စွက်ပေးနိုင်ရန်အတွက် နအဖသို့ စာဖြင့်ရေးသား အဆိုပြုခဲ့သည်။ သို့သော်လည်း ၎င်းတို့အစဉ်အလာအတိုင်း ထပ်မံပယ်ချနိုင်ရန်အတွက် အစီအမံများဖြင့် ကန့်သတ်ခဲ့ပြန်သည်။

**တရားဥပဒေစိုးမိုးရေးအခြေခံဖြင့်ဆန့်ကျင်မှုများ –**

(၁) ညီလာခံဦးတည်ချက် (၆) ချက်သည်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲခြင်းနှင့်ပတ်သက်၍ စဉ်းစားရန် အချက်များသာဖြစ်ရမည်ဖြစ်ကြောင်း၊

(၂) အခြေခံမူ (၁၀၄) ချက်သည်လည်း၊ ဆွေးနွေးစဉ်းစားရန်သာဖြစ်စေပြီး နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချုပ်နှောင်ထားမည့် အခြေခံမူများမဖြစ်စေရန် လိုအပ်ကြောင်း၊

(၃) ယခင်ညီလာခံကျင်းပခဲ့စဉ်ကကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် နိုင်ငံရေးပါတီများသည်၊ ညီလာခံသို့တက်ကြမည့် မိမိတို့၏ပါတီ ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စား လှယ်များကို သက်ဆိုင်ရာပါတီက လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိရမည်ဖြစ်ကြောင်း၊

(၄) ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နောက်ပိုင်းတွင် အာဏာပိုင်များက ချိပ်ပိတ်ထားခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများကို ပြန်လည်ဖွင့်ပြီး ဆိုင်းဘုတ်ဖြုတ်ချ ခြင်းခံခဲ့ရသည့် ရုံးများ၌ ဆိုင်းဘုတ်များ ပြန်လည်တင်ခွင့် ပြုရန်လိုကြောင်း၊

(၅) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ထိန်းသိမ်းထားခြင်းမှ လွှတ်ပေးရန်လိုကြောင်း တောင်းဆိုခဲ့ရာ အဆိုပါတောင်းဆိုချက်များအနက် တတိယအချက် တခုတည်းကိုသာ အာဏာပိုင်များက သဘောတူခဲ့သည်။

သို့သော်အခြားအချက်များဖြစ်သော –

(က) တောင်းဆိုချက် (၁)(၂) တို့ကို၊ အမျိုးသားညီလာခံ၌ အစုအဖွဲ့အစည်းအဝေးများမှတဆင့် ဆွေးနွေးနိုင် မည်ဟု အဖြေပေးထားသော်လည်း အာဏာပိုင်များက ဤကိစ္စများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမည်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခြင်းမရှိခဲ့။

( ခ ) အချက် (၄)(၅) တို့နှင့်ပတ်သက်၍ အာဏာပိုင်များက သဘောတူညီမှုမရှိခဲ့။

ဤသို့ဖြင့် နအဖသည် အမျိုးသားမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ၏ တောင်းဆိုချက်ကို လိုက်လျောခြင်းမရှိပေ။ "NLD က မဖြစ်နိုင်သော တောင်းဆိုမှုများကို ပြုခဲ့သည်" ဟူ၍သာ နအဖ က တုန့်ပြန်ခဲ့သည် ။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လက်ရှိအနေအထားအရ အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခြင်းအားဖြင့် တိုင်းပြည်ကိုအကျိုးပြုနိုင်မည်ဟု မယုံကြည်သောကြောင့်၊ အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းမပြုရန် ဆုံးဖြတ်ချက်ချလိုက်ကြောင်း ၁၄–၅–၂၀၀၄ တွင် ကြေညာချက်ထုတ်ပြန်ခဲ့ရသည်။

အလားတူ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကလည်း အမျိုးသားညီလာခံကို တက်ရောက်မည်မဟုတ်ကြောင်း ကြေညာခဲ့ကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်တို့ မပါဝင်ပဲ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်၊ မေ (၁၇) ရက်တွင် ပြန်လည်ပြုလုပ်ခဲ့သည်။ ယင်းညီလာခံကိုလည်း တလကျော်သာပြုလုပ်ပြီး ၉–၇–၂၀၀၄ တွင်ရပ်နားခဲ့ပြန်သည်။

ဤကြားကာလတွင် နအဖအတွင်း ထိပ်တန်းခေါင်းဆောင်များအကြား ကြီးမားပြင်းထန်သည့်ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး ခေါင်းဆောင်ပိုင်းအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကို (၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်တွင်) ရာထူးမှ ထုတ်ပယ်လိုက်သည်၊ ဝန်ကြီးချုပ်နေရာတွင် ဒု–ဗိုလ်ချုပ်ကြီး စိုးဝင်း ကို အစားထိုးခန့်ခဲ့သည်။ ဗိုလ်ချုပ်ကြီး သူရရွှေမန်း တတိယ အာဏာရှိနေရာ ရောက်လာပြီး အတွင်းရေးမှူး (၁) မှာ ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန် ဖြစ်လာသည်။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တွေ့ဆုံဆွေးနွေးရေးအတွက် ပေးစာတစောင်ဖြင့် တောင်းဆိုခဲ့သည်။ ယင်းပေးစာတွင် ၂၀၀၅ ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့မတိုင်မီ တွေ့ဆုံဆွေးနွေးရေးကို အကောင်အထည်ဖော်ရန် ဖော်

ပြခဲ့သည်။ ယင်းနောက် (၂၃–၁၂–၂၀၀၄ နအဖ သို့ပေးစာ )၊ ဖြင့် **သင်ပုန်းခြေရေး** စ တင်၍ **အာဏာတ ကင်းစင်သော အထွေထွေသဟာဇာတဖြစ်ရေး** မူများဖြင့်တွေ့ဆုံ ဆွေးနွေးကြရန် နအဖသို့ကမ်းလှမ်းခဲ့သည်။ (၂၇–၁၂–၂၀၀၄ အဖွဲ့ချုပ်၏ကြေညာချက်)။

၁၂–၁–၂၀၀၅ မတိုင်မီတွင် အတွင်းရေးမှူး(၁) ဒု–ဗခက သိန်းစိန်က ကော်မရှင်ညှိနှိုင်း အစည်းအဝေး၌ အမျိုးသားညီလာခံကို (၁၇–၂–၂၀၀၅ ) နေ့ ပြန်လည်စ တင်ရန်ကြေညာ သည်။ (မြန်မာ့အလင်း ၁၂–၁–၀၅)

( ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကလည်း နအဖ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် တိုင်းရင်းသားအဖွဲ့တို့ တွေ့ဆုံဆွေးနွေးရန် ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့တွင် ကြေညာချက်ထုတ်၍ တောင်းဆိုသည်။)

၉–၂– ၂၀၀၅ နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်၊ ရှမ်းတိုင်းရင်း သားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းဦးကို ဖမ်း ဆီးခဲ့သည်။ ၎င်းနှင့်အတူ ပါတီအတွင်းရေးမှူး ဦးစိုင်းညွန့်လွင် အပါအဝင် ပါတီခေါင်းဆောင် (၄) ဦးတို့ကိုပါ ဖမ်းဆီးလိုက်သည်။

ရှမ်းပြည်တပ်မတော် (အက်စ် အက်စ်အေ) ဥက္ကဋ္ဌ ဦးစေဝ်ထင်၊ ဗိုလ်မှူးဟန်အောင်၊ ရုံးအဖွဲ့မှူး ဗိုလ်ကြီး စိုင်းဦးဆိုင်တို့ကို ဖမ်းဆီးသည်။

တဖန် ဖေဖော်ဝါရီလ (၈) ရက်တွင် ရှမ်းအမျိုးသားအစဉ်အလာခေါင်းဆောင်၊ ပင်လုံစာ ချုပ်လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သူ ဦးရွှေအုန်းအား နေအိမ်အကျယ်ချုပ် ၁၀(ခ) ဖြင့် ဖမ်းဆီးလိုက်ပြန်သည်။

သို့ဖြစ်ရာ အပြစ်အခတ်ရပ်အဖွဲ့ဖြစ်သော ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အေ) က ၎င်းတို့၏ ခေါင်းဆောင်များကို မလွှတ်ပေးလျှင် အမျိုးသားညီလာခံသို့ တက်ရောက် မည်မဟုတ်ဟု ကြေညာခဲ့သည်။

ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ မပါဝင်သော နအဖ၏ အမျိုးသားညီလာခံသည် အပစ်အခတ်ရပ်စဲထားကြသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကိုပါ တက်ရောက်စေ၍ ဆက်လက်ကျင်းပလျက်ရှိသည်။

အပစ်ခတ်ရပ်အဖွဲ့အစည်းထဲမှ ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အေ)သည် ၁၇–၂–၂၀၀၅ တွင် ပြန်စသော ညီလာခံကို တက်ရောက်ခြင်းမရှိခဲ့ပေ။

မွန်ပြည်သစ်ပါတီ သည် ၅–၁၂–၂၀၀၅ ပြန်စသည့် ညီလာခံမှ တက်ရင်းစွဲ ကိုယ်စားလှယ်များက ဆုတ်ခွာခဲ့၍ လူငယ်မျိုးဆက်သစ်များဖြင့် အစားထိုးပြီး နအဖအာဏာပိုင်များ၏ဖိတ်ကြားချက်အရ လေ့လာသူအဆင့်ဖြင့်သာ တက်ရောက်ရန်ဆုံးဖြတ်ခဲ့သည်။

အခြားတက်နေသော အပစ်ရပ်အဖွဲ့များသည်လည်း ဥပဒေအမှတ် (၅/၉၆) ကိုရုတ်သိမ်းပေးရန်၊ ဦးတည် ချက် (၆) နှင့်အခြေခံမူ (၁၀၄) ချက် ကိုပြန်လည်ဆွေးနွေးရန်၊ အပါအဝင် အခြားလွတ်လပ်ခွင့်များကို စာဖြင့်ရေးသားတောင်းဆိုထားသည်။ (၁၁–၅–၂၀၀၄ အဖွဲ့ ၆ ဖွဲ့၏ ကော်မရှင်သို့ပေးစာ )။ အပစ်ခတ်ရပ်အဖွဲ့များသည် ငြိမ်းချမ်းရေးဆွေးနွေးကြစဉ်က ရှိထားသော ဝန်ကြီးချုပ် (ယခင်က နဝတ နအဖ အတွင်းရေးမှူး–၁ ဗိုလ်ချုပ်ကြီးခင်ညွန့်) ၏ အာမခံကတိစကားအပေါ် အားထားမျှော်လင့်ကာ အမျိုးသားညီလာခံသို့ တက်ရောက်နေကြခြင်းဖြစ်သည်။သို့သော်လည်း ယခုနောက်ဆုံးအကြိမ်ကျင်းပသည့် အမျိုးသားညီလာခံအဖွင့် မိန့်ခွန်းတွင်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း၊ ဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်ကို လုံးဝပြင်ဆင်ပြောင်းလဲခွင့်ပြုမည်မဟုတ်ကြောင်း ဖော်ပြကြေညာချက်များကို တွေ့နေရသည်။

ထို့အပြင် ဖမ်းစီးထားသော ရှမ်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ဦးဖေခင်၊ (ဦး) စေထင်၊ (ဦး)ခွန်ထွန်းဦး တို့ကို ပုဒ်မအမျိုးမျိုးတပ်၍ ဥပဒေနှင့်အညီလည်းမဟုတ်၊ မြန်မာနိုင်ငံ တရားစီရင်ရေးအစဉ်အလာများနှင့်လည်း ဆန့်ကျင်ကာ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်စေလျှက် အဝေး အကျဉ်းချထားလိုက်ပြန်သည်။

ထိုကဲ့သို့အခြေအနေအောက်တွင် ဆက်လုပ်သည့် ၅–၁၂–၂၀၀၅ ရက်တွင် ပြန်လည်စတင်ခံသော ညီလာခံသည်လည်း ဒီမိုကရေစီရေးသာမက စစ်မှန်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်မည့် အခြေခံဥပဒေပေါ်ထွန်းလာရန် ကွာလှမ်းနေဦးမည်သာဖြစ်ပေသည်။

**နိဂုံးချုပ်သုံးသပ်တင်ပြချက်**

နိဂုံးချုပ်ရလျှင် အမျိုးသားညီလာခံကို အချိန်ကာလအားဖြင့် (၃) ပိုင်းတွေ့ရမည်။

(၁) ညီလာခံစတင်သည့် ၉–၁–၁၉၉၃ မှ ပဋ္ဌမအကြိမ်ရပ်နားသည့် ၇–၄–၁၉၉၅ အထိ ပထမ ကာလတွင်–

(က) အခြေခံရမည့် ဦးတည်ချက် ( ၆ ) ချက်ကို ကြိုတင်ချမှတ်ထားသည်။ ဤ ( ၆ ) ချက်မှ မတိမ်းစောင်းစေရန် အခြေခံမူ (၁၀၄) ချက်ဖြင့် ချည်နှောင်ထားပြီးဖြစ်သည်။

( ခ ) ညီလာခံကျင်းပပုံတွင်၊ တက်ရောက်သည့်ကိုယ်စားလှယ်များ၊ ညီလာခံလုပ်ထုံးလုပ်နည်းများ၊ စာတမ်းများဆွေးနွေးပုံ၊ အဆင့်ဆင့် ကြပ်မတ်ကြီးကြပ်မှုများနှင့် အချိန်ဇယားထားရှိမှုမရှိခြင်းများဖြင့် စစ်အစိုးရ လိုလားချက်များကို အတည်ပြုချက်ချမှတ်နိုင်ရန် သေချာအောင် တဘက်စောင်းနင်း အနိုင်ယူထားသည်။

( ၂ ) ဝန်ကြီးချုပ်ခင်ညွန့်ခေတ် လမ်းပြမြေပုံဖြင့် ပြန်စသည့် ၇–၅–၂၀၀၄ မှ ၉–၇–၂၀၀၄ အထိ ဒုတိယကာလ –

– ဤအခြေအနေတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ညီလာခံသို့ တက်ရောက်ရေးအတွက် ဖြစ်နိုင်ချေအရှိဆုံး အချက် (၅) ချက်ကို တောင်းဆိုရာ မလိုက်လျောခဲ့၊ အဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ မပါပဲ ညီလာခံကို ဆက်လုပ်ခဲ့သည်။

(၃) လက်ရှိကျင်းပဆဲ ညီလာခံကာလ –

(က) အဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေးကို ထပ်မံကမ်းလှမ်းသည်။ သင်ပုန်းခြေရေးအထိပင် လိုက်လျော၍ အာဃာတကင်းစင်ရေးနှင့် အထွေထွေသဟဇာတဖြစ်ရေးမူဖြင့်ဆွေးနွေးရန် တောင်းဆိုခဲ့သည်။ သို့သော် နအဖ သည် လစ်လျူရှုခဲ့ပြီး ညီလာခံကိုဆက်လုပ်ခဲ့သည်။

(ခ) ထင်ရှားသည့်တိုင်းရင်းသားခေါင်းဆောင်များကို အလွန်ရှည်လျားသော နှစ်ရှည်ထောင်ဒဏ်များဖြင့် ဖမ်းဆီးအကျဉ်းချထားပြီး၊ အခြားတိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းများကိုလည်း စံနမူနာအကြောက်တရားကိုဖန်တီးပြီး အမျိုးသားညီလာခံကိုဆက်လက်ကျင်းပနေခဲ့သည်။

ဤသို့ဖြင့် အဆုံးသတ်ဖော်ပြရလျှင် နအဖ၏ အမျိုးသားညီလာခံသည် အရုပ်ဆိုးအကျည်းတန်သော အတုအယောင်ညီလာခံဖြစ်နေရခြင်းမှာ –

( ၁ ) တရားဥပဒေစိုးမိုးမှု (Rule of Law) အခြေခံကင်းလွတ်ပြီး၊ အာဏာရှင်လုပ်နည်းဖြင့်သာ လုပ်ဆောင်နေခြင်း၊

( ၂ ) ဒီမိုကရေစီကျင့်စဉ်နှင့်ဆန့်ကျင်သွေဖီလျှက်ရှိခြင်း၊

( ၃ ) တိုင်းရင်းသားပေါင်းစုံတို့၏ အခြေခံအခွင့်အရေးများကို လစ်လျူရှုထားခြင်း၊

( ၄ ) နိုင်ငံရေးအာဏာကို စစ်တပ်ကသာ ရာသက်ပန်ရယူထားလိုခြင်း၊

စသည့်အခြေခံအချက်များဖြင့်သာ ချဉ်းကပ်ဖော်ဆောင်ခဲ့သည့် ညီလာခံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ်ကို လက်တွေ့ဖော်ဆောင်ရန်နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ မျှော်မှန်းချက်များမှာလည်းဝေးကွာမြဲ ဝေးကွာလျှက်ရှိနေဦး မည်သာဖြစ်သည်ကိုသုံးသပ်တင်ပြလိုက်ရပေသည်။

**စာကိုးများ**

(၁) ရွေးကောက်ပွဲမတိုင်မီ အဖွဲ့ချုပ်က တွေ့ဆုံဆွေးနွေးရေး တောင်းဆိုသည့်စာများ၊

(၂) နအဖ ၏ (၇) ဆင့်ပါ နိုင်ငံရေးလမ်းပြမြေပုံ နှင့် အမျိုးသားညီလာခံကြေညာချက် (၃၀–၈–၂၀၀)

(၃) ဂန္ထီခန်းမကြေညာစာတမ်း၊

(၄) နဝတမှထုတ်ပြန်သော ၂၇–၇–၉၀ နေ့စွဲပါ ကြေညာချက်အမှတ် – (၅/၉၀)

(၆) ၂၇–၁၁–၉၅ ရက်နေ့တွင် အဖွဲ့ချုပ်က အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌထံတင်ပြသောစာ၊

(၇) ၂၂–၁၁–၉၅ ရက်စွဲပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နအဖအမျိုးသားညီလာခံအပေါ်သဘောထားစာတမ်း၊

(၈) ၂၈–၁၁–၉၅ စာအမှတ် ၀၇၀(၉) စည်း ၉၅ အဖွဲ့ချုပ်ညီလာခံကိုယ်စားလှယ်များ ညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌ သို့ပေးစာ၊

(၁၀) ၃၀–၁၁–၉၅ နေ့စွဲပါ အဖွဲ့ချုပ်ညီလာခံကိုယ်စားလှယ်များ၏ ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံ ရှင်းလင်းတင်ပြချက်၊

(၁၁) ၆–၅–၉၆ စာအမှတ် ၀၈၂ (၁၂) စည်း (ငြိမ်)(၁၃) ၉၆ ဖြင့် ဥက္ကဋ္ဌ ဦးအောင်ရွှေ ၏ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌသို့ပေးစာ၊

(၁၀) နဝတ၏ ၇–၆–၉၆ ရက်စွဲပါ ဥပဒေအမှတ် ၅/၉၆

(၁၁) အမျိုးသားညီလာခံလုပ်ငန်းကော်မတီမှချမှတ်သော နိုင်ငံတော်အခြေခံမူများ (၁၀၄)ချက်၊

(၁၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၅–၃–၉၆ ရက်စွဲပါ စာအမှတ် ၀၆၀ စည်း (ငြိမ်) ၉၆ ဖြင့် နဝတဥက္ကဋ္ဌသို့ပေးစာ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးမည်ရက် သတ်မှတ်ရန်ပေးစာ၊

(၁၃) ၆–၁၁–၉၅ ဦးခွန်ထွန်းဦး၏ အမျိုးသားပြည်လည်သင့်မြတ်ရေးအတွက် ပန်ကြားလွှာ၊

(၁၄) ဗိုလ်မှူးအောင်ဦးဆောင်သည့် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ပန်ကြားလွှာများ

(၁၅) အပစ်အခတ်ရပ်စဲထားသော အဖွဲ့များ၏ ၁၁–၅–၂၀၀၄ ညီလာခံကျင်းပရေး ကော်မရှင်သို့ပေးစာ။

(၁၆) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏၂၀၀၄ ခုနှစ်၊ မေလ (၁၄)ရက် ကြေညာချက်၊ (အချက် ၅ ချက်တောင်းဆိုခြင်း)

(၁၇) အဖွဲ့ချုပ်၏ ၂၀၀၄ ဒီဇင်ဘာလ (၉) ရက် ကြေညာချက် ။ (၂–၁၂–၀၄ နအဖ သို့ပေးစာဖြင့် ၄–၁–၀၅ လွတ်လပ်ရေးနေ့မတိုင်မီ တွေ့ဆုံဆွေးနွေးရန်ကိစ္စ )

(၁၈) အဖွဲ့ချုပ်၏ ၂၇–၁၂–၂၀၀၄ ကြေညာချက်။ ( ၂၃–၁၂–၀၄ ရက်စွဲဖြင့် သင်ပုန်း ချေရေးမှ စတင်ဆွေးနွေးရန် နအဖ သို့ပေးစာ )

(၁၉) ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေးစဉ်မိန့်ခွန်းများ၊ ကြေညာချက်များ၊ အဖွဲ့ ချုပ်၏ ထုတ်ပြန်ကြေညာချက်များမှ ကောက်နုတ်ကိုးကားပါသည်။

ဤနေရာမှ ဖြတ်ပါ

# စာစောင်မှာယူခြင်း

အခြေခံဥပဒေရေးရာစာစောင် အမှတ် (၂၃)

သို့၊
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာ အတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

အမည် ______________________________

ရက်စွဲ ______________________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များတင်ပြပေးရန် ပန်ကြား အပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

________________________________________________________

စာစောင်မှာယူသည့် ရည်ရွယ်ချက်၊

________________________________________________________

________________________________________________________

မှာယူလိုသည့် စာအုပ်အရေအတွက် (                ) အုပ်၊
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် (                        )၊ အုပ်ရေ (                          ) အုပ်၊

စာအုပ်ပေးပို့ရမည့်လိပ်စာ ________________________________________

________________________________________________________

________________________________________________________

ဤအမှာစာကို –
Burma Lawyers' Council, P.O. Box 29, Huamark Post Office, Bangkok 10243
သို့လည်းကောင်း၊ Fax (02) 3822153 သို့လည်းကောင်း ပေးပို့ရန်။

ဤစာရွက်ကို ဆုတ်ဖြဲ၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။